# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း၊ ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက် ၂၀၁၈ ခုနှစ်၊ မေ ၄ ရက်၊ သောကြာနေ့ အတွဲ (၅၇)၊ အမှတ် (၂၁၄)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး ဒေါက်တာ အီဇာဖာဒရီက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ မလေးရှားနှင့် မာရှယ်ကျွန်းစုသမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ဒေါက်တာ အီဇာဖာဒရီသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ်ကရင်ခမ်ချောင်ဒရီသည် နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည် (၁၇)ကြိမ် မြောက် အရှေ့တောင် အာရှ စာကြည့်တိုက် မှူးများ ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်



# (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ ဖွင့်ပွဲအခမ်းအနား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အဖွင့်အမှာစကားပြောကြား

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဦးဆုံးအကြိမ် ကျင်းပသည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဦးအုန်းမောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ညီလာခံကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပမှ စာကြည့်တိုက်မှူးများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ▲



မြန်မာ့အလင်း

# တစ်ထပ်တည်းဖြစ်နေသော သဘောထားနှစ်ရပ်

၂၀၀၅ ခုနှစ် ကမ္ဘာ့ထိပ်သီးညီလာခံက ချမှတ်ခဲ့သော ကုလသမဂ္ဂပြုပြင်ရေးဆိုင်ရာ အခြေခံသဘောထားတစ်ရပ်ရှိပါသည်။ ဤအခြေခံသဘောထားမှာ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုအပါအဝင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် အပြန်အလှန်အားဖြင့် ဆက်စပ်နေသည်ဖြစ်၍ ပဋိပက္ခအလွန်ကာလ၌ ငြိမ်းချမ်းမှုနှင့် ပြန်လည်သင့်မြတ်ရေးတို့ကို ပုံဖော်ဖန်တီးရာတွင် ဤဆက်စပ်မှုအားလုံးကို ခြုံငုံသုံးသပ်လျက် တစ်ခုတည်းသော ချဉ်းကပ်ပုံရရှိစေရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ်၊ မေလ ၁ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော သတင်းထုတ်ပြန်ချက်၏ တင်ပြချက်သည် အထက်၌ တင်ပြထားသည့် ကုလသမဂ္ဂပြုပြင်ရေးဆိုင်ရာ အခြေခံသဘောထားကို ထင်ဟပ်ဖော်ပြနေပါသည်။ ဤသတင်းထုတ်ပြန်ချက်၌ "မြန်မာနိုင်ငံအစိုးရသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့နှင့် နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးသွားနိုင်ရန် ဆွေးနွေးလျက်ရှိပါသည်။ ယင်းအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းတို့နှင့် ရခိုင်ပြည်နယ်ရှိလူထုအားလုံးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် သင့်လျော်သောအချိန်ရောက်ပြီဟု မြန်မာနိုင်ငံအစိုးရက ယုံကြည်ပါသည်" ဟု ဖော်ပြထားခြင်းသည် ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် ငြိမ်းချမ်းမှုနှင့် လုံခြုံမှုအပါအဝင် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အား အပြန်အလှန်အားဖြည့် ဆက်စပ်ဖော်ဆောင်သွားမည်ကို ရည်ညွှန်းလိုက်ခြင်း ဖြစ်ပါသည်။

ဤသတင်းထုတ်ပြန်ချက်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ယခုအချိန်သည် အရေးကြီးသည့်ပြောင်းလဲမှု အချိန်အခါဖြစ်သည်" ကို မီးမောင်းထိုးတင်ပြထားသကဲ့သို့ ဒီမိုကရေစီစနစ် ဖော်ဆောင်နေသည့် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုအတွက် နေရာမရှိသည်ကိုလည်း ထောက်ပြထားပါသည်။ ဤအချက်နှင့်ဆက်စပ်လျက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရ၏ လုပ်ငန်းရည်ရွယ်ချက်နှစ်ရပ်ဖြစ်သည့် နေအိမ်ဆုံးရှုံးသွားသူများ ပြန်လည်ဝင်ရောက်လာစေရေးနှင့် အကြမ်းဖက်မှုများ၏ အခြေခံအကြောင်းရင်းများ ဖြေရှင်းဆောင်ရွက်သွားနိုင်ရေးတို့အတွက် ကိုင်တွယ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထပ်ဆင့်ကတိကဝတ်ပြု ပြောကြားခဲ့ပါသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက် နိဂုံးအပိုဒ်၌ "နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဝင်ရောက်ရာတွင် အဓိကအချက်မှာ လုံခြုံမှု၊ သိက္ခာရှိမှုနှင့် မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုမှုပင်ဖြစ်ကြောင်း၊ ဒေါက်တာကိုဖီအာနန်၏ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အစီရင်ခံစာတွင် ရခိုင်ပြည်နယ်ရှိ လူ့အသိုက်အဝန်းအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် လက်တွေ့ဆောင်ရွက်သွားရမည့် အကြံပြုချက်များပါဝင်ကြောင်း၊ ယင်းအချက်များသည် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတို့အပေါ် အခြေခံထားကြောင်း၊ ယင်းအကြံပြုချက်များသည် အစိုးရမှ ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်" ဟု ဖော်ပြထားခြင်းသည် ကုလသမဂ္ဂပြုပြင်ရေးဆိုင်ရာ အခြေခံသဘောထားကို ထပ်မံထင်ဟပ်လိုက်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်ဆိုင်ရာ ရပ်တည်ချက်သည် ကုလသမဂ္ဂပြုပြင်ရေးဆိုင်ရာ အခြေခံသဘောထားနှင့် တစ်ထပ်တည်း ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

စာအုပ်စာပေ လှူမိတ်ဆွေ

# မဲဟော်ချောင်းရေလျှံမှုကြောင့် ရေနီ- တောင်ဖီလာလမ်း ရေကျော်

**ရေတာရှည် မေ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မေ ၃ ရက် နံနက် ၄ နာရီခွဲခန့်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ဘုရားကုန်းကျေးရွာအုပ်စု မဲဟော်ချောင်းရေများလျှံပြီး ရေနီမြို့နှင့် တောင်ဖီလာကျေးရွာသွားကွန်ကရစ်လမ်းပေါ် ရေများလျှံခဲ့ကာ ရဲကုန်းကျေးရွာအုပ်စုအတွင်း စစ်တောင်းလက်ဝဲမြောင်းအရှေ့ဘက်ရှိ နွေစပါးစိုက်ခင်းများ ရေဝင်နစ်မြုပ်ခဲ့ကြောင်း ရဲကုန်းကျေးရွာဒေသခံများက ပြောသည်။



"မနက်ပိုင်း ၄ နာရီကျော်လောက်မှာ မိုးတွေတအားရွာတယ်၊ မိုးလင်းခါနီးလောက်မှာ တောင်ကျရေတွေကြောင့် မဲဟော်ချောင်းရေတွေထိုးကျလာတာပဲ၊ ရေအားကများတော့ ကျောက်တန်းရွာလည်း ရေတွေဝင်ကုန်တယ်၊ ကွန်ကရစ်လမ်းပေါ်ကိုရေကျော်တာ ဒါပထမဆုံးပါပဲ၊ နွေစပါးခင်းတွေလည်း ရေမြုပ်ကုန်တာ၊ ကေဘယ်လောက်ဆိုတာတော့ ခန့်မှန်းရခက်တယ်၊ မနက်ပိုင်း ၁၀ နာရီခွဲလောက်မှာ ရေပြန်ကျပေမယ့် လယ်တွေထဲမှာတော့ ရေတွေရှိတုန်းပဲ"ဟု ရဲကုန်းကျေးရွာဒေသခံတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာစာတမ်းဖတ်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာစာတမ်းဖတ်ပွဲကို မေ ၅ ရက် (စနေနေ့)နှင့် မေ ၆ ရက် (တနင်္ဂနွေနေ့) တို့တွင် ရန်ကုန်မြို့သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာစာတမ်းဖတ်ပွဲတွင် စာတမ်း ၁၀ စောင် ဖတ်ကြားသွားမည်ဖြစ်ပြီး ဦးအုန်းကြိုင် (MPC) က မြန်မာ့ဒီမိုကရေစီနိုင်ငံတော် နှင့် စတုတ္ထမဏ္ဍိုင်ပီပြင်စွာရပ်တည်ရေး၊ ဒေါက်တာမောင်မောင်စံ (MPC) က ဂျင်မီရဲ့ကမ္ဘာ ကျွန်တော်တို့ရဲ့ကမ္ဘာ၊ ဦးဇေယျ(MPC)က ရခိုင်ပြည်နယ်အရေးနှင့် ငြိမ်းချမ်းရေး သတင်းစာပညာအသုံးအနှုန်း၊ ဦးရဲမြင့်ဇေက သတင်းသမားဘဝ ဖြတ်သန်းခဲ့ရခြင်းပုံရိပ်၊ ဦးညွန့်တင် (မောင်ငြိမ်းသူ- ကြို့ပင်ကောက်) (စာရေးဆရာအသင်း)က သတင်းသမားများနှင့် မီဒီယာကျင့်ဝတ်၊ ဒေါက်တာတင်လှိုင်(MPC)က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အစတည်ပုံနှင့် အနာဂတ်အတွက်ဆောင်ရွက်သင့်သည်များ၊ ဦးမြတ်ခိုင် (မြန်မာနိုင်ငံသတင်းစာဆရာအသင်း)က သတင်းလွတ်လပ်ခွင့်တိုက်ပွဲများ၊ ဦးချစ်ဝင်းမောင် (မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ-MJU ) က NLD အစိုးရလက်ထက် မြန်မာ့သတင်းမီဒီယာ လွတ်လပ်မှုအခြေအနေကို လေ့လာသုံးသပ်ခြင်း၊ ပါမောက္ခဒေါက်တာ မြင့်မောင်မောင် (MPC)က ပြည်သူ့ကျန်းမာရေးနှင့် သတင်းမီဒီယာကဏ္ဍ၊ ဦးနိုင်မောင်၊ ဦးကြည်နိုင် (မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ-MWU)က မျက်မှောက်ခေတ်သတင်းမီဒီယာလောကကို တစေ့တစောင်းအကဲခတ်ခြင်း စသည့်စာတမ်းများ ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

စာတမ်းဖတ်ပွဲနှင့်အတူ သတင်းမီဒီယာအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ သတင်းမီဒီယာလုပ်ငန်းများကို လည်းကောင်း၊ စာအုပ်ဆိုင်များကို လည်းကောင်း ခင်းကျင်းပြသနိုင်ရေးအတွက် ရန်ကုန်မြို့သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်၌ ဆိုင်ခန်းငယ်များထားရှိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါစာတမ်းဖတ်ပွဲသို့ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ပြီး မေးခွန်းများ မေးမြန်းဆွေးနွေးနိုင်ကြောင်းနှင့် ဒုတိယအကြိမ်မြန်မာနိုင်ငံသတင်းမီဒီယာစာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက တာဝန်ယူကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃-၅-၂၀၁၈

**ရွှေစျေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |

**စက်သုံးဆီစျေးနှုန်း (မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

| စက်သုံးဆီ | လက်လီစျေး | လက်ကားစျေး |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅/၈၄၅ ကျပ် | ၈၂၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၅/၈၆၀ ကျပ် | ၈၂၈/၈၃၀ကျပ် |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၅ ကျပ် | ၇၈၀/၇၈၇ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၆၀ ကျပ် | ၈၂၀/၈၃၀ကျပ် |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၃ | ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၆ | ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ | ・ ၅ |
| ဗြိတိန် | ပေါင်စတာလင် | ၁၈၂၄ | ・ ၁ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၃ | ・ ၆ |
| ဩစတြေးလျ | ဒေါ်လာ | ၁၀၀၆ | ・ ၇ |
| တရုတ် | ယွမ် | ၂၁၁ | ・ ၀၈ |
| အိန္ဒိယ | ရူပီး | ၂၀ | ・ ၁၃၈ |
| ကိုရီးယား | ဝမ် (၁၀၀) | ၁၂၄ | ・ ၆၃ |
| ထိုင်း | တစ်ဘတ် | ၄၂ | ・ ၃၁၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ | ・ ၀၄ |
| ဆွစ် | ဖရန့် | ၁၃၄၄ | ・ ၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

❒ *ရှေ့စာမျက်နှာမှ*

**ဂျပန်နိုင်ငံ**

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမ သည် နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

**မလေးရှားနိုင်ငံ**

ထို့အတူ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဇာဟိုင်ရီဘင်ဘာဟာရင်းမ် သည် မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

**မာရှယ်ကျွန်းစုသမ္မတနိုင်ငံ**

အလားတူ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ တွမ်ဒီကီဂျီနာ သည် မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး မစ္စတာ မန်ဂျူရှုလ် ကရင်ခမ်ချောင်ဒရီ အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမ အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မလေးရှားသံအမတ်ကြီး မစ္စတာ ဇာဟိုင်ရီဘင်ဘာဟာရင်းမ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။** သတင်းစဉ်



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မာရှယ်ကျွန်းစုသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ တွမ်ဒီကီဂျီနာက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။** သတင်းစဉ်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

▲ ရှေ့ဖုံးမှ

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာမှ အနုပညာရှင်များက အာဆီယံ သီချင်းဖြင့် တေးသရုပ်ဖော် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မင်္ဂလာ ရွှေမောင်းကို တီးခတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

**ကျယ်ကျယ်ပြန့်ပြန့် ပါဝင်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကား ပြောကြားရာ၌ ယခုဆိုလျှင် ၁၉၇၀ ပြည့်နှစ်မှ စတင်ကျင်းပလာသည့် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံ၏ သက်တမ်းသည် ၄၈ နှစ်ထဲကို ချဉ်းနင်း ဝင်ရောက်လာပြီဖြစ်ပါကြောင်း၊ ညီလာခံကျင်းပရသည့် ရည်ရွယ်ချက်က အရှေ့တောင်အာရှ ဒေသတွင်းရှိ စာကြည့်တိုက်များနှင့် စာကြည့်တိုက် ပညာရပ်နယ်ပယ် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတကာစာကြည့်တိုက်အဝန်းအဝိုင်းထဲကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လုပ်ဆောင်နိုင်ရန်ဖြစ်ပါကြောင်း။

နောက်ရည်ရွယ်ချက် တစ်ခုမှာ စာကြည့်တိုက်များသည် သုတ၊ ရသ ပညာရပ်များနှင့် သတင်းအချက်အလက်များကို ဖြန့်ဖြူးမျှဝေပေးသည့်နေရာ ဖြစ်လာရန်၊ စာကြည့်တိုက်မှူးများ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ပြဿနာများနှင့် ပတ်သက်ပြီး အတွေ့အကြုံတွေ ဖလှယ်ဆွေးနွေးနိုင်သည့်နေရာ ဖြစ်လာရန်၊ ဒေသတွင်းရှိ စာကြည့်တိုက်များအချင်းချင်း ချိတ်ဆက်ဝန်ဆောင်မှုများ ပေးနိုင်ရန် ဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံသည် ရှည်ကြာသည့် သမိုင်းကြောင်းရှိသော အဖွဲ့အစည်း ပီပီ အင်အားရှိပြီး စုစည်းညီညွတ်သည့် အဖွဲ့ဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

**ဝေဖန်ဆွေးနွေး**

အနာဂတ် စာကြည့်တိုက်များအတွက် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးဆိုသည့် ခေါင်းစဉ်အရ တင်သွင်းဖတ်ကြားမည့် စာတမ်းများကို တက်ရောက်လာကြသူများအနေဖြင့် လွတ်လွတ်လပ်လပ် ဝေဖန်ဆွေးနွေးကြမည်ဟု သိရပါကြောင်း၊

ညီလာခံ၏ ရည်ရွယ်ချက်မှာ အနာဂတ်ကာလ၌ ဖြစ်ပေါ်ပြောင်းလဲလာမည့် စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် သတင်းအချက်အလက် ဖြန့်ဖြူးဝန်ဆောင်မှုပေးမည့် လုပ်ငန်းအပေါ် အထူးအလေးထားကြောင်း သိရသဖြင့် အနာဂတ် လုပ်ငန်းစဉ်များအတွက် တွေ့ကြုံရမည့် စိန်ခေါ်မှုများသည် စိတ်ဝင်စားစရာ၊ စိတ်လှုပ်ရှားစရာ ကောင်းလှပါကြောင်း၊ အနာဂတ်စာကြည့်တိုက် မျိုးဆက်သစ်များအနေဖြင့် မိမိတို့၏ အတွေ့အကြုံ၊ ကျွမ်းကျင်မှုများကို တစ်ဦးနှင့်တစ်ဦး ဝေမျှချိတ်ဆက် ပူးပေါင်းဆောင်ရွက်ပြီး ဒစ်ဂျစ်တယ်နည်းပညာကို ဆက်လက်တီထွင်လုပ်ကိုင်နိုင်ရေး ရှေးရှုလုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ရှေ့ဆက် လျှောက်လှမ်းရမည့် ရည်မှန်းချက် ပန်းတိုင်တိုင်းတွင် စိန်ခေါ်မှုများ၊ အခက်အခဲများ ရှိမည်မှန်သော်လည်း အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံကဲ့သို့ အပေါင်းလက္ခဏာဆောင်သော စာကြည့်တိုက်အဝန်းအဝိုင်းရှိနေသည့်အတွက် အနာဂတ်စာကြည့်တိုက်များသည် အင်ပြည့်အားပြည့်နှင့် အပေါင်းလက္ခဏာဆောင်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ပုံဖော်နိုင်မည် ဧကန်ဖြစ်ပါကြောင်း။

**ပိုမိုအားကောင်းလာ**

မိမိအနေဖြင့် ယခုညီလာခံတွင် ပါဝင်ပြောဆိုခွင့်ရသည်ကို အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း၊ စာကြည့်တိုက်ဆိုသည်မှာ ပျော်ရွှင်နှစ်လိုဖွယ် နေရာတစ်ခု၊ ထူးဆန်းအံ့သြဖွယ်ကောင်းသည့် ဝန်းကျင်တစ်ခုဖြစ်ပြီး စိတ်ကူးယဉ်နိုင်ပါသေးကြောင်း၊ စာဖတ်ခြင်းကြောင့် တွေးခေါ်မြော်မြင်မှုများ၊ မျှော်လင့်ချက်များနှင့် စိတ်ကူးများကို ပိုမိုအားကောင်းလာနိုင်စေပါကြောင်း။

**လေ့ကျင့်ပျိုးထောင်**

စာဖတ်ခြင်းသည် ကလေးတစ်ယောက်၏ ဘဝတွင် လေ့လာစရာများကို လေ့လာပြီး အောင်မြင်မှုရရန်အတွက် အခြေခံအကျဆုံး အရည်အသွေးများကို ပေးစွမ်းနိုင်ပါကြောင်း၊ စာဖတ်သည့်အလေ့အထကို ကလေးများရရှိရန် ငယ်ရွယ်စဉ်ကတည်းကစပြီး လေ့ကျင့်ပျိုးထောင်ပေးသင့်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့လူ့ဘောင် အသိုင်းအဝိုင်းအတွင်း ကျောင်းစာကြည့်တိုက်များ တိုးပွားလာရေးနှင့် စာကြည့်တိုက်အသုံးပြုတတ်ကြစေရေး လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာရေးသည် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ရုံသာမက ကျောင်းသားကျောင်းသူလေးများ စာပေ၊ လူမှုရေး သိပ္ပံ၊ သမိုင်းနှင့် လူ့သဘောသဘာဝ အကြောင်းများကို ချစ်မြတ်နိုးတတ်လာစေရေး စာကြည့်တိုက်များက လေ့ကျင့်ပျိုးထောင်ပေးရန် လိုပါကြောင်း။

လက်ရှိကာလတွင် မိမိတို့ အစိုးရက မြန်မာနိုင်ငံ၌ စာကြည့်တိုက်ယဉ်ကျေးမှု ပြန်လည်ထွန်းကားလာစေရေး ကြိုးစား ဆောင်ရွက်နေပါကြောင်း၊ စာကြည့်တိုက်များ ပြောင်းလဲတိုးတက်လာစေရေး စာကြည့်တိုက်မှူးများ၏ စိတ်အားထက်သန်မှုများ မြင့်မားလာနေပါကြောင်း၊ စာကြည့်တိုက်များသည် သတင်းအချက်အလက်ရယူရေး နည်းပညာတတ်ကျွမ်းစေမည့် အစီအစဉ်များကို ပူးတွဲလုပ်ဆောင်ပေးခြင်းမှတစ်ဆင့် လူထု၏ ဘဝတစ်သက်တာ ပညာရှာမှီးသည့်နေရာများအဖြစ် အသုံးချလာစေရန် မိမိတို့ ပေါင်းစပ်ပြီး အားထည့်ကြိုးပမ်း ဆောင်ရွက်နေပါကြောင်း။

**အရေးကြီးသော အခန်းကဏ္ဍ**

ယနေ့ရောက်ရှိနေသည့် ပညာခေတ်ကြီးတွင် စာကြည့်တိုက်များ၏ အခန်းကဏ္ဍများသည်လည်း ပြောင်းလဲလာပါကြောင်း၊ စာကြည့်တိုက်များသည် သတင်းအချက်အလက်နှင့် ပညာရှာမှီးရန် အဓိကသော့ချက်ကျသော နေရာများ အဖြစ် ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ထို့ပြင် လူ့အဖွဲ့အစည်းအတွက် စာကြည့်တိုက်များသည် သုတပညာနှင့် ယဉ်ကျေးမှုကို ဝင်ရောက်ရှာဖွေ၍ရသည့်နေရာ အဖြစ် အခြေခံကျသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးကြသည့် စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်များသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြသည်ကို မှတ်မှတ်ထင်ထင် အသိအမှတ်ပြုကြမည် ဖြစ်ပါကြောင်း။

**ခေတ်မီစာကြည့်တိုက်**

အမျိုးသား စာကြည့်တိုက်နှင့် အစိုးရလက်အောက်ခံ အဖွဲ့အစည်းတစ်ခု ဖြစ်သည့် မြန်မာ့သမိုင်း သုတေသနဌာနသည် မြန်မာစာပေအမွေအနှစ်များကို ထိန်းသိမ်းရာ ဗဟိုဌာနများဖြစ်သည်ဟု အမျိုးသားစာကြည့်တိုက်က ရှုမြင်ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတစ်နံတစ်လျား၌ ပျံ့နှံ့နေသည့် ပေပုရပိုက်များကို ပြန်လည်စုဆောင်းပြီး ပြုပြင်ထိန်းသိမ်းရမည့် တာဝန်ကလည်း အမျိုးသားစာကြည့်တိုက်၏ တာဝန်ဖြစ်ပါကြောင်း၊ စုဆောင်းထိန်းသိမ်းထားသည့် ပေပုရပိုက်များ ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)နှစ်နေရာလုံးက တာဝန်ယူဆောင်ရွက်နေကြပါကြောင်း၊ ရန်ကုန်မြို့လယ်၌ တည်ရှိပြီး ရန်ကုန်ရှေးဟောင်း အမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့က ရှေးဟောင်း အဆောက်အအုံအဖြစ် သတ်မှတ်ထားသည့် ကိုလိုနီခေတ် အဆောက်အအုံတစ်ခုတွင် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ခေတ်မီစာကြည့်တိုက်သစ်တစ်ခုအဖြစ် ဖွင့်လှစ်ရန် ပြန်လည်ပြင်ဆင် မွမ်းမံလျက်ရှိပါကြောင်း။

**အလေးထားဆောင်ရွက်**

အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းသည် မြန်မာနိုင်ငံတစ်ဝန်း စာဖတ်ရှိန်မြင့်မားလာရေး၊ စာကြည့်တိုက်များကို ပိုမိုလက်လှမ်းမီ သုံးစွဲခွင့်ရရေး၊ နည်းပညာအသုံးပြုမှု မြင့်မားလာရေးတွေကို ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် စာဖတ်သူများကို မှန်ကန်သော သတင်းအချက်အလက်များ ပေးနိုင်ရေး၊ စာကြည့်တိုက်များ အသွင်ပြောင်းလာရေးနှင့် စာကြည့်တိုက်မှူးများ စွမ်းဆောင်ရည်မြင့်မားလာရေးကိုလည်း မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် အာရှဖောင်ဒေးရှင်းတို့၏ ကူညီပံ့ပိုးမှုနှင့်အတူ ကျောင်းစာကြည့်တိုက်များကို ပြန်လည်အားသစ်လောင်းသည့် လုပ်ငန်းများကိုလည်း မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက လုပ်ဆောင်နေပါကြောင်း၊

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် မာရှယ်ကျွန်းစုနိုင်ငံတို့မှ သံအမတ်ကြီးများအား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး ဒေါက်တာ အီဇာဖာဒရီအား ယနေ့နံနက် ၁၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး မစ္စတာ မန်ဂျူရူလ်ကရင်ခမ်ချောင်ဒရီအား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ တွမ် ဒီ ကီဂျီနာအား မွန်းလွဲ ၃ နာရီခွဲတွင်လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်ခေါ်ယူရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မာရှယ်ကျွန်းစုသမ္မတနိုင်ငံသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအလားအလာများကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်ဒိုနီးရှား သံအမတ်ကြီး ဒေါက်တာ အီဇာဖာဒရီအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ တွမ် ဒီ ကီဂျီနာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ်ကရင်ခမ်ချောင်ဒရီအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

မြန်မာနိုင်ငံတွင် ကျေးလက်တောရွာဒေသများ၌ နေထိုင်သူ ၇၀ ရာခိုင်နှုန်းရှိပြီး ကျေးလက် လူထုအများစုသည် စာကြည့်တိုက်သုံးစွဲခွင့်ရရန် လက်လှမ်းမမီကြပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် မိခင်ဖြစ်သူ ဒေါ်ခင်ကြည်ကို အမှတ်တရ ဂုဏ်ပြုသည့်အနေဖြင့် လူမှုရေးလုပ်ငန်းများကို အကျိုးအမြတ်မယူဘဲ ဆောင်ရွက်ရန် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ်တွင် အစိုးရထံ တရားဝင်မှတ်ပုံတင် ထူထောင်ခဲ့ပါကြောင်း၊ ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့်နေရာများရှိ လူထုအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုဘဝမြင့်မားလာရေးများ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၃ ခုနှစ်မှစ၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ကျေးလက်ဒေသမှ ပြည်သူလူထုသည် စာဖတ်ခြင်းကို စိတ်ဝင်စားလာမှုနှင့်အတူ ဗဟုသုတများလည်း တိုးပွားလာမည်ဖြစ်ပါကြောင်း။

အထက်တန်း ပညာရေးအတွက် အခြေခံလိုအပ်ချက်မှာ စာကြည့်တိုက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရက ပညာရေးမူဝါဒ ပြန်လည်ချမှတ်ခြင်း၊ သင်ရိုးညွှန်းတမ်း ပြင်ဆင်ပြဋ္ဌာန်းခြင်းတို့ကို တစ်ပါတည်း ချမှတ်ဆောင်ရွက်ရပါကြောင်း၊ ပြည်သူ့စာကြည့်တိုက်များသည် လူထုကို စာအုပ်စာပေနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းအပြင် လူထုအခြေပြု ဗဟိုဌာနများ၊ ကျောင်းပြင်ပ ပညာရေးကို လေ့လာသင်ယူနိုင်သော နေရာများအဖြစ် အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည့်နေရာ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ ၇ ရာခိုင်နှုန်း ရှိသည့်အတွက် မြန်မာ့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ပေးနိုင်သည့် အခွင့်အလမ်းကို စာကြည့်တိုက်များ ပိုင်ဆိုင်ထားကြပါကြောင်း။

**စဉ်ဆက်မပြတ် ရှင်သန်တိုးတက်**

ဤညီလာခံသည် အရှေ့တောင်အာရှ စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးကြီးများအချင်းချင်း အတူတကွ ပူးပေါင်းချိတ်ဆက် ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေးအတွက်သာမက စာကြည့်တိုက်လုပ်ငန်းနှင့် ဆက်နွှယ်နေသော ပညာရပ်များ စဉ်ဆက်မပြတ် ရှင်သန် တိုးတက်လာစေရေးအတွက် တိုးမြှင့် ဆောင်ရွက်နိုင်မည့် ထူးခြားကောင်းမွန်သော အခွင့်အလမ်းကောင်း တစ်ရပ်ပင်ဖြစ်ပါကြောင်း။

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံသည် အာဆီယံဒေသအတွက် ဒေသတွင်းမှ စာကြည့်တိုက်မှူးကြီးများ၏ ဒေသအတွက် ပါဝင်ဆောင်ရွက်နေမှုများကိုလည်း ဤညီလာခံတွင် ထင်ထင်ရှားရှား တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ဤညီလာခံသည် အရှေ့တောင်အာရှဒေသအတွင်းရှိ စာကြည့်တိုက်မှူးများ၏ ဒေသတွင်း သုတပညာအဖြာဖြာနှင့် သတင်းအချက်အလက်များ ဖလှယ်ရေးအတွက် အရေးပါသော ညီလာခံတစ်ရပ် ဖြစ်ပါကြောင်း။

အင်တာနက်နှင့် ဒစ်ဂျစ်တယ်မီဒီယာကို အများက တွင်တွင်ကျယ်ကျယ် အသုံးပြုနေသည့် ခေတ်ဖြစ်သော်လည်း စာကြည့်တိုက်များသည် လူထုအသိုက်အဝန်းအတွက် ခိုင်မာအားကောင်းသည့် အခန်းကဏ္ဍမှ ရပ်တည်ပြီး လူထုကို စာအုပ်စာပေနှင့် ဝန်ဆောင်မှုပေးခြင်းသာမက လူမှုရေးဆိုင်ရာ လှုပ်ရှားမှုအမျိုးမျိုးကို လူထုနှင့်အတူ ကဏ္ဍပေါင်းစုံအတွက် ဆောင်ရွက်နေသော နေရာဌာနအဖြစ် ရပ်တည်ရမည်ဖြစ်ပါကြောင်း။

ညီလာခံ တက်ရောက်လာသူအားလုံးကို ဤနေရာမှ တိုက်တွန်းချင်သည်မှာ အားလုံးလက်တွဲပြီး သုတပညာနှင့် သတင်းအချက်အလက်များကို အတူတကွ ရယူကြ၊ မျှဝေကြသည့် အလေ့အကျင့်ကို ခိုင်ခိုင်မာမာအားထုတ်ဆောင်ရွက်ကြခြင်းဖြင့် စာကြည့်တိုက်များကို အသုံးပြုပြီး အာဆီယံနိုင်ငံအသီးသီးမှ ပြည်သူများ၏ အသိဉာဏ်ပညာနှင့် ဗဟုသုတမြင့်မားတိုးတက်လာရေးကို ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

မနက်ဖြန်မှစပြီး သုံးရက်တာ ဆက်လက်ကျင်းပမည့် ဤညီလာခံတွင် ပါဝင် တက်ရောက်လာသူများက အင်တိုက်အားတိုက် ဆွေးနွေးကြပြီး အကျိုးရှိ ကောင်းမွန်သည့် ရလဒ်များကို အတူဖော်ဆောင်နိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒုတိယသမ္မတနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံသည် အာဆီယံနိုင်ငံများမှ စာကြည့်တိုက်များ၊ စာကြည့်တိုက်သင်တန်းကျောင်းများ၊ စာကြည့်တိုက်အသင်းအဖွဲ့များနှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းများအတွက် ခိုင်မာသည့် ဒေသဆိုင်ရာ ညီလာခံတစ်ရပ် ဖြစ်ပါကြောင်း။

ညီလာခံ၏ ရည်ရွယ်ချက်အရ Congress of Southeast Asian Librarians - CONSAL သည် ဒေသတွင်းရှိ စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများအတွက် နည်းဗျူဟာများကို ဖော်ဆောင်ပေးသော ဦးဆောင်အဖွဲ့အစည်းတစ်ခုအဖြစ်သာမက စာကြည့်တိုက်အချင်းချင်း ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများကို အကောင်အထည်ဖော်ခြင်း၊ ထူးခြားသည့် အခွင့်အလမ်းများကို ရရှိစေနိုင်ခြင်းစသည့် ကောင်းကျိုးများနှင့် ပြည့်စုံသည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ International Federation of Library and Associations (IFLA) ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အာဆီယံဂုဏ်ပြုတေးသီချင်းများဖြင့် တေးသရုပ်ဖော် ကပြဖျော်ဖြေတင်ဆက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မျက်နှာစုံညီဆွေးနွေးပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ IFLA ဥက္ကဋ္ဌက ဆွေးနွေးတင်ပြခြင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း နာယက စည်သူဒေါက်တာသော်ကောင်း၏ အမှာစကားကို မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဥက္ကဋ္ဌ ဦးသန်းအောင်က ဖတ်ကြားခြင်း၊ အစုအဖွဲ့ ၆ စုခွဲ၍ Access and Opportunities for All၊ Media and Information Literacy၊ Digital Library Management၊ Advocacy၊ Transforming Libraries၊ Strategic Alliances and Partnership၊ New Competencies and Training for Library and Information Professionals၊ Marketing and Promotion၊ Conservation and Preservation၊ ASEAN Vision and Libraries စသည့်ခေါင်းစဉ်များဖြင့် စာတမ်းများ ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မင်္ဂလာရွှေမောင်းကိုတီးခတ်၍ အခမ်းအနား ဖွင့်လှစ်ပေးစဉ်။

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ သင်္ချာဘာသာရပ် မေးခွန်းပုံစံသစ်အတွက် ရှင်းလင်းတင်ပြချက်

ဒေါက်တာချိုဝင်း၊ ပါမောက္ခ၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

သင်္ချာဘာသာရပ် မေးခွန်းပုံစံသစ်၏ အဓိကရည်ရွယ်ချက်များမှာ

(၁) ကျောင်းသား၊ ကျောင်းသူများ သင်္ချာဘာသာရပ်ကို ပိုမိုစိတ်ဝင်စားလာစေပြီး၊ သင်ရိုးပြဋ္ဌာန်းချက် သင်ခန်းစာအားလုံးကို လွှမ်းခြုံလေ့လာနိုင်စေရန်၊

(၂) အဖြေကို အလွတ်ကျက်မှတ် ဖြေဆိုခြင်းထက် သင်ခန်းစာအားလုံးကို ကိုယ်ပိုင်ဉာဏ်စွမ်းရှိသလောက် စဉ်းစားတွေးခေါ် လေ့လာသင်ယူနိုင်စေရန်၊

(၃) ရွေးချယ်စရာမေးခွန်း အရေအတွက်များခြင်းကြောင့် သင်ခန်းစာအချို့ကို ရှောင်လွှဲ၍ ဖြေဆိုခြင်းဖြင့် တတ်မြောက်မှုအားနည်းခြင်းများ ကင်းဝေးလာစေရန်၊

(၄) သင်္ချာဘာသာရပ်သဘောကို အကဲဖြတ်တတ်စေပြီး၊ သင်ခန်းစာ သင်ယူတတ်မြောက်ခြင်းကို အထောက်အကူဖြစ်စေရန်၊

(၅) အခန်းအချို့ကိုသာ အပိုင်ကျက်မှတ်ဖြေဆိုပြီး အမှတ်များများရခြင်းကို လျော့ပါးလာစေရန်တို့ ဖြစ်ပါသည်။

**လွယ်သင့်ခက်မျှတသော မေးခွန်းများ ပိုမိုပါဝင်လာ**

မေးခွန်းပုံစံသစ်သည် မေးခွန်းပုံစံအားလုံး အလုံးစုံပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ ကျောင်းသား၊ ကျောင်းသူများ၏ သင်္ချာဘာသာရပ်အပေါ် စိတ်ဝင်စားမှု၊ ကိုယ်ပိုင်ဉာဏ်စွမ်းရှိမှု၊ ကျွမ်းကျင်တတ်မြောက် သိနားလည်မှုတို့ကို အခြေခံ၍ မေးခွန်းပုံစံအချို့ ပြောင်းလဲခြင်းသာ ဖြစ်ပါသည်။ မေးထားသော မေးခွန်းများကို သေချာစွာနားမလည်ဘဲ အဖြေကို မှန်းဆထည့်ခြင်း၊ အက္ခရာစဉ်ကို တန်းစီရေးချဖြေဆိုခြင်းများဖြင့် အမှတ်ရသော မေးခွန်းများ မပါဝင်ပါ။ ထို့ကြောင့် ယခုမေးခွန်းပုံစံသစ်တွင် စဉ်းစားတွေးခေါ်မှုကို အခြေခံသော လွယ်သင့်ခက် မျှတသောမေးခွန်းများ ပိုမိုပါဝင်လာပါမည်။

**သင်ခန်းစာအားလုံး လွှမ်းခြုံအောင်မေးထား**

ယခုမေးခွန်းပုံစံအသစ်မှာ Multiple Choice မေးခွန်းများ မပါဝင်တော့ဘဲ SECTION (A)၊ SECTION (B) နှင့် SECTION (C)ဟူ၍ အပိုင်း(၃)ပိုင်း ပါဝင်မည်ဖြစ်ပါသည်။ မေးခွန်းအပိုင်းအားလုံး ဖြေဆိုရမည်ဖြစ်ပြီး၊ သင်ခန်းစာအားလုံး လွှမ်းခြုံအောင်မေးထားသည့် မေးခွန်းဖြစ်ပါသည်။ SECTION တစ်ခုချင်းအလိုက် ရှင်းပြပါမည်။

SECTION (A) တွင် မေးခွန်း(၅)ပုဒ် မေးထားပြီး၊ မေးခွန်းအားလုံး ဖြေဆိုရပါမည်။ အပုဒ်တိုင်းမှာ အပုဒ်ခွဲ (a) နှင့် (b) ခွဲ၍ မေးထားပြီး၊ အပုဒ်ခွဲတစ်ပုဒ်လျှင် (၃)မှတ်ပေးထားပါသည်။ စုစုပေါင်း (၃၀)မှတ် ဖြစ်သည်။ Chapter 1 to 7 မှ အပုဒ်ခွဲ(၆)ပုဒ်နှင့် Chapter 8 to 12 မှ အပုဒ်ခွဲ(၄)ပုဒ်မေးမှာဖြစ်ပြီး၊ စုစုပေါင်းအပုဒ်ခွဲ (၁၀)ပုဒ် ပါဝင်မှာဖြစ်သည်။ အပုဒ်ခွဲ(၁၀)ပုဒ်တွင် Chapter (4) နှင့် Chapter (9) အခန်းများမှ မေးခွန်းများပါဝင်ပါက ကျန်သော SECTION များတွင် မေးမည်မဟုတ်ပါ။

**ကျွမ်းကျင်တတ်မြောက်မှုကို စစ်မေးသောမေးခွန်းများသာဖြစ်**

SECTION (B) တွင် Chapter 1 to 7 မှ မေးခွန်း(၅)ပုဒ် မေးထားပြီး၊ ကြိုက်နှစ်သက်ရာ မေးခွန်း(၄)ပုဒ်ကိုသာ ဖြေဆိုရပါမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ခွဲ၍ မေးမည်ဖြစ်ပြီး၊ မေးခွန်းတစ်ပုဒ်လျှင် (၁၀)မှတ်ပေးထားပါသည်။ စုစုပေါင်း (၄၀)မှတ် ဖြစ်သည်။

SECTION (B)အတွက် ကန့်သတ်ချက်များမှာ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ကို Chapter တစ်ခုတည်းမှ တွဲ၍မေးမည်မဟုတ်ပါ။ သို့သော် Chapter 1 to 7 မှ Chapter များကိုသာ တွဲမေးမည်ဖြစ်ပြီး ဘာသာရပ်အခြေခံ အနည်းငယ်ရှိရုံမျှဖြင့် ဖြေဆိုနိုင်သော မေးခွန်းများပါဝင်ပါမည်။ မေးခွန်းတစ်ခုစီတွင် ပါဝင်သော အပုဒ်ခွဲ (a) နှင့် (b) အတွဲတိုင်းသည် မတူညီသော အတွဲများ မေးမည်ဖြစ်သော်လည်း စဉ်းစားတွေးခေါ်မှု အနည်းငယ်သာပါဝင်သော မေးခွန်းများပါဝင်ပါမည်။ Chapter 1 to 7 မှ Chapter အားလုံး ကျွမ်းကျင်တတ်မြောက်မှုကို စစ်မေးသော မေးခွန်းများသာဖြစ်သည်။

**စဉ်းစားတွေးခေါ်တတ်အောင် လေ့ကျင့်ပေး**

SECTION (C) တွင် Chapter 8 to 12 မှ မေးခွန်း(၄)ပုဒ် မေးထားပြီး၊ ကြိုက်နှစ်သက်ရာ မေးခွန်း(၃)ပုဒ်ကိုသာ ဖြေဆိုရမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a)နှင့် (b) ခွဲ၍ မေးမည်ဖြစ်ပြီး၊ မေးခွန်းတစ်ပုဒ်လျှင် (၁၀)မှတ်ပေးထားပါသည်။ စုစုပေါင်း (၃၀)မှတ်ဖြစ်သည်။

SECTION (C) အတွက် ကန့်သတ်ချက်များမှာ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ (a) နှင့် (b) ကို Chapter တစ်ခုတည်းမှ တွဲ၍မေးမည်မဟုတ်ပါ။ မေးခွန်းတစ်ပုဒ်စီတွင် ပါဝင်သော အပုဒ်ခွဲ (a) နှင့် (b) အတွဲတိုင်းသည် မတူညီသော အတွဲများဖြင့် မေးမည်ဖြစ်ပါသည်။ သို့သော် သာမန်ရိုးစင်း ရှင်းလင်းလွယ်ကူသော မေးခွန်းများနှင့် စဉ်းစားတွေးခေါ်မှုကို အားပေးသော မေးခွန်းများပါဝင်ပါမည်။ ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူများအတွက် ဖြေဆိုမှု အခက်တွေ့စေမည့် ပညာပြမေးခွန်းများ မပါဝင်ပါ။ ကျောင်းသား၊ ကျောင်းသူများ သင်္ချာဘာသာရပ်ကို ကျေညက်ပြီး စဉ်းစားတွေးခေါ်တတ်အောင် လေ့ကျင့်ပေးသည့် မေးခွန်းများသာ ပါဝင်ပါမည်။

အပိုင်း(၃)ပိုင်းလုံးအတွက် စုစုပေါင်း (၁၀၀)မှတ်ဖြစ်ပြီး၊ ဖြေဆိုချိန်(၃)နာရီ ဖြစ်ပါသည်။ ဖြေဆိုရမည့်ပုံစံ သိအောင် မေးခွန်းပုံစံနှင့် မေးခွန်းခွဲဝေမှုများ တင်ပြထားပါသည်။

**မှန်ကန်စွာ တွက်ချက်ဖြေဆိုနိုင်မည်ဟု ယုံကြည်**

အချုပ်အားဖြင့် တင်ပြလိုသည်မှာ ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံအသစ်သည် ယခင် မေးခွန်းပုံစံထက် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ပိုင်ဉာဏ်စွမ်း အတွေးအခေါ်နှင့် တစ်နှစ်ပတ်လုံးပုံမှန် လေ့လာသင်ယူ လေ့ကျင့်မှုအပေါ်တွင် အားပြုဖြေဆိုနိုင်မည့် မေးခွန်းပုံစံ ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများအတွက် သင်္ချာဘာသာရပ်ကို ကောင်းစွာနားလည် သဘောပေါက်ပြီး မှန်ကန်စွာတွက်ချက် ဖြေဆိုနိုင်မည်ဟု ယုံကြည်ပါသည်။ နမူနာမေးခွန်းပုံစံကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် (၁၀-၅-၂၀၁၈) ရက်နေ့မှစ၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။နမူနာမေးခွန်း တည်ဆောက်ပုံကို လေ့လာနိုင်ရန် ပူးတွဲဖော်ပြထားပါသည်။

> **"မေးခွန်းပုံစံသစ်သည် မေးခွန်းပုံစံအားလုံး အလုံးစုံပြောင်းလဲခြင်းမျိုး မဟုတ်ဘဲ ကျောင်းသား၊ ကျောင်းသူများ၏ သင်္ချာဘာသာရပ်အပေါ် စိတ်ဝင်စားမှု၊ ကိုယ်ပိုင်ဉာဏ်စွမ်းရှိမှု၊ ကျွမ်းကျင်တတ်မြောက် သိနားလည်မှုတို့ကို အခြေခံ၍ မေးခွန်းပုံစံအချို့ ပြောင်းလဲခြင်းသာ ဖြစ်ပါသည်။ မေးထားသော မေးခွန်းများကို သေချာစွာနားမလည်ဘဲ အဖြေကို မှန်းဆထည့်ခြင်း၊ အက္ခရာစဉ်ကို တန်းစီရေးချဖြေဆိုခြင်းများဖြင့် အမှတ်ရသောမေးခွန်းများ မပါဝင်ပါ။ ထို့ကြောင့် ယခုမေးခွန်းပုံစံသစ်တွင် စဉ်းစားတွေးခေါ်မှုကို အခြေခံသော လွယ်သင့်ခက်မျှတသော မေးခွန်းများ ပိုမိုပါဝင်လာ"**

(နမူနာမေးခွန်းတည်ဆောက်ပုံ)

**2019**

**SAMPLE QUESTION**

**MATRICULATION EXAMINATION**

**DEPARTMENT OF MYANMAR EXAMINATION**

**MATHEMATICS Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN THE ANSWER BOOKLET.**

**SECTION (A)**

(AnswerALL questions)

1.(a) (3 marks)
(b) (3 marks)
2.(a) (3 marks)
(b) (3 marks)
3.(a) (3 marks)
(b) (3 marks)
4.(a) (3 marks)
(b) (3 marks)
5.(a) (3 marks)
(b) (3 marks)

SECTION (A)တွင် မေးခွန်း(၅)ပုဒ် မေးထားပြီး၊ မေးခွန်းအားလုံး ဖြေဆိုရပါမည်။ အပုဒ်တိုင်းမှာ အပုဒ်ခွဲ(a) နှင့်(b)ခွဲ၍ မေးမည်ဖြစ်ပြီး၊ အပုဒ်ခွဲတစ်ပုဒ်လျှင် (၃)မှတ်ပေးထားပါသည်။ စုစုပေါင်း(၃၀)မှတ်ဖြစ်ပါသည်။ Chapter 1 to 7 မှ အပုဒ်ခွဲ(၆)ပုဒ်နှင့် Chapter 8 to 12 မှ အပုဒ်ခွဲ(၄)ပုဒ် မေးမှာဖြစ်ပြီး၊ စုစုပေါင်းအပုဒ်ခွဲ(၁၀)ပုဒ် ပါဝင်ပါသည်။ အပုဒ်ခွဲ(၁၀)ပုဒ်တွင် Chapter 4 နှင့် Chapter 9 အခန်းများမှ မေးခွန်းများပါဝင်ပါက ကျန်သော SECTION များတွင် မေးမည်မဟုတ်ပါ။

SECTION (B)

(Answer any FOUR questions)

6.(a) (5 marks)
(b) (5 marks)
7.(a) (5 marks)
(b) (5 marks)
8.(a) (5 marks)
(b) (5 marks)
9.(a) (5 marks)
(b) (5marks)
10.(a) (5 marks)
(b) (5 marks)

SECTION (B)တွင် Chapter 1 to 7 မှ မေးခွန်း(၅)ပုဒ် မေးထားပြီး၊ ကြိုက်နှစ်သက်ရာ မေးခွန်း(၄)ပုဒ်ကိုသာ ဖြေဆိုရပါမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ(a)နှင့်(b)ခွဲ၍ မေးမည်ဖြစ်ပြီး၊ စုစုပေါင်းအပုဒ်ခွဲ(၁၀)ပုဒ် မေးမည်ဖြစ်ပါသည်။ မေးခွန်းအပုဒ်ခွဲ တစ်ပုဒ်လျှင် (၅)မှတ်ဖြစ်သဖြင့် မေးခွန်းတစ်ပုဒ်လျှင် (၁၀)မှတ်ဖြစ်ပါသည်။ စုစုပေါင်း(၄၀)မှတ်ဖြစ်ပါသည်။

SECTION (C)

(Answer any THREE questions)

11.(a) (5 marks)
(b) (5 marks)
12.(a) (5 marks)
(b) (5 marks)
13.(a) (5 marks)
(b) (5 marks)
14.(a) (5 marks)
(b) (5 marks)

SECTION (C)တွင် Chapter 8 to 12 မှ မေးခွန်း(၄)ပုဒ်မေးထားပြီး၊ ကြိုက်နှစ်သက်ရာ မေးခွန်း(၃)ပုဒ်ကိုသာ ဖြေဆိုရပါမည်။ မေးခွန်းတစ်ပုဒ်စီတွင် အပုဒ်ခွဲ(a)နှင့်(b)ခွဲ၍ မေးမည်ဖြစ်ပြီး၊ စုစုပေါင်းအပုဒ်ခွဲ(၈)ပုဒ် မေးမည် ဖြစ်ပါသည်။ မေးခွန်း အပုဒ်ခွဲတစ်ပုဒ်လျှင် (၅)မှတ်ဖြစ်သဖြင့် မေးခွန်းတစ်ပုဒ်လျှင် (၁၀)မှတ်ဖြစ်ပါသည်။ စုစုပေါင်း(၃၀)မှတ်ဖြစ်ပါသည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် ပြည်ထောင်စုသံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်လက်ရပ်တည် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များနှင့် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တာဝန်ရှိသူများ တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ဆဋ္ဌမအကြိမ် အမျိုးသားသတင်းဆုချီးမြှင့်ပွဲ အခမ်းအနား ရန်ကုန်၌ ကျင်းပ

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ကြီးမှူး၍ ဆဋ္ဌမအကြိမ် အမျိုးသားသတင်းဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်၌ ကျင်းပသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အမျိုးသားသတင်းဆုချီးမြှင့်ခြင်းအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (MPC) ဥက္ကဋ္ဌ ဖိုးသောကြာ (ခေတ်မိုး)၊ မြန်မာဂျာနယ်လစ်ကွန်ရက်(MJN)၊ မြန်မာစာနယ်ဇင်းသမဂ္ဂ (MJU)၊ နိုင်ငံတကာမြန်မာသတင်းအဖွဲ့ (BNI) နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း(MWA)တို့က ပေးပို့လာသည့် သဝဏ်လွှာများကို တာဝန်ရှိသူများက ဖတ်ကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ( MPC) ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင်က သတင်းဆုချီးမြှင့်ပေးခြင်းအပေါ် မုဒိတာစကားပြောကြားပြီး ဆဋ္ဌမအကြိမ်အမျိုးသား သတင်းဆုချီးမြှင့်ရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ အမျိုးသားသတင်းဆုပေးပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းငြိမ်း၏အမှာစကားကို မြန်မာနိုင်ငံသတင်းစာ ဆရာများအသင်း ပြန်ကြားရေးမှူး ဦးသာဇော်က ဖတ်ကြားသည်။

ဆက်လက်၍ အမျိုးသားသတင်းဆုများကို ချီးမြှင့်ရာ အကောင်းဆုံးသတင်းဆောင်းပါးဆုကို The Voice Journal တွင် မခင်မြတ်မြတ်ဝေရေးသားသည့် "ဖျာပုံအနီးမှ ကျွန်ပြုခံ ရေလုပ်သားများ" ဆောင်းပါးနှင့် ကမ္ဘောဇတိုင်းမ်ဂျာနယ်တွင် မင်းဇော်မင်းရေးသားသည့် "အဆိုးဘုံ" ဆောင်းပါးတို့က ပူးတွဲရရှိသည်။

ဖျာပုံအနီးမှကျွန်ပြုခံ ရေလုပ်သားများဆောင်းပါးသည် ဖျာပုံမြို့အနီး မြန်မာ့ပင်လယ်ပြင်ရှိ ကျားဖောင်လုပ်ငန်းခွင်မှ ရေလုပ်သားများ၏ ဘဝအကြောင်းကို ကွင်းဆင်းထောက်လှမ်းရေးသားထားခြင်းဖြစ်ပြီး အဆိုးဘုံဆောင်းပါးသည် မူးယစ်ဆေးဝါး၏ သားကောင်ဖြစ်ခဲ့ရသူတစ်ယောက်အကြောင်းကို သတင်းအချက်အလက်များ ထည့်သွင်း၍ အသိပေးရေးသားထားခြင်းဖြစ်သည်။

အကောင်းဆုံး အယ်ဒီတာ့အာဘော်ဆုကို သံလွင်သွေးချင်းဂျာနယ်မှ "သတင်းအချက်အလက်ရပိုင်ခွင့်ဆိုတာ လူ့အခွင့်အရေးတစ်ရပ်ပါ" အာဘော်ဖြင့် လည်းကောင်း၊ အကောင်းဆုံးသတင်းကာတွန်းဆုကို စံတော်ချိန် နေ့စဉ်သတင်းစာတွင် ရေးဆွဲခဲ့သည့် ကာတွန်းငွေကြည်၊ အကောင်းဆုံးသတင်းဓာတ်ပုံဆုကို The Daily Eleven သတင်းစာတွင် ဖော်ပြခဲ့သော ရန်ကုန်မြို့ တာမွေလမ်းဆုံတွင် ရေကြီးရေလျှံခဲ့သော ဓာတ်ပုံဖြင့် ကြည်နိုင်၊ အကောင်းဆုံးသတင်းရုပ်သံဆုကို DVB သတင်းဌာနမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည့် "ကျောက်စိမ်းမြေမှပဋိပက္ခ" ရုပ်သံသတင်းတို့က ဆဋ္ဌမအကြိမ်အမျိုးသားသတင်းဆုများကို အသီးသီးရရှိခဲ့ကြသည်။

ဆဋ္ဌမအကြိမ် အမျိုးသားသတင်းဆုကို ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ ဖြစ်သည့် မေ ၃ ရက်တွင် ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး အကောင်းဆုံးသတင်းဆုနှင့် အကောင်းဆုံး သတင်းသူရဲကောင်းဆုတို့ကို ချီးမြှင့်နိုင်ခဲ့ခြင်းမရှိပေ။ ဆဋ္ဌမအကြိမ်မြောက် အမျိုးသားသတင်းဆုအတွက် သတင်း ၁၇ ပုဒ်၊ သတင်းဆောင်းပါး ၄၂ ပုဒ်၊ သတင်းဓာတ်ပုံ ၂၉ ပုံ၊ သတင်းကာတွန်း ၁၂ ပုံ၊ အယ်ဒီတာ့အာဘော် ၁၃ ပုဒ်နှင့် ရုပ်သံသတင်း ၁၄ ပုဒ်တို့ကို ပေးပို့ယှဉ်ပြိုင်ခဲ့ပြီး ဆုရွေးချယ်ရာတွင် သီးခြားလွတ်လပ်သည့် ပညာရှင်များက ရွေးချယ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်းသို့ အလှူငွေပေးအပ်ခဲ့ကြပြီး အလှူရှင်များနှင့် မေတ္တာလက်ဆောင်ချီးမြှင့်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများအား ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသော အသက် (၉၁) နှစ်ရှိ ဟံသာဝတီ ဦးအုန်းကြိုင်က "သတင်းသမားကောင်းတွေ၊ သတင်းထောက်ကောင်းတွေ၊ သတင်းဆရာကောင်းတွေ ပေါ်ထွန်းရေးအတွက်ကို ချီးကျူးဂုဏ်ပြုတဲ့ ပွဲလည်းဖြစ်တယ်၊ ၂၀၁၇ ခုနှစ်မှာ အမျိုးသား သတင်းသူရဲကောင်းဆု ကျွန်တော်ရခဲ့တယ်၊ ဒီနှစ် ဆုပေးဖို့လူမရှိဘူးဖြစ်နေတယ်၊ အဲ့ဒါသိပ်ဝမ်းနည်းစရာကောင်းတယ်၊ ဒီနှစ်မပေးနိုင်တာဟာ ဒီခေတ်သတင်းစာဆရာတွေ၊ သတင်းထောက်တွေရဲ့ အရည်အချင်းပဲလို့မြင်တယ်၊ ကြိုးစားရမယ်၊ ထူးချွန်ရမယ်၊ သတင်းမှန်သမျှကို သတင်းသမားက သိနေရမယ်၊ သတင်းဆုပေးတဲ့အခါမှာ အဲ့ဒီဆုရအောင် ကြိုးစားနိုင်တဲ့ ထူးချွန်တဲ့ သတင်းထောက်တွေများများထွက်ပေါ်ပါစေလို့ ဆန္ဒပြုပါတယ်" ဟု ၎င်း၏အမြင်ကို ပြောကြားသည်။

စံတော်ချိန်သတင်းစာတွင်ဖော်ပြခဲ့သော ကာတွန်းဖြင့် ဆုရရှိခဲ့သည့် အသက် (၇၀) ရှိပြီဖြစ်သောဆရာ ကာတွန်း ငွေကြည်က "မီဒီယာလွတ်လပ်ခွင့်ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အခုဒီမိုကရေစီအစိုးရ ခေတ်ကျမှ စတင်ပြီးရလာတယ်လို့ ပြောလို့ရပါတယ်၊ ဦးနုအစိုးရ လက်ထက်မှာလည်း ဒီမိုကရေစီတော်တော်များများရခဲ့ပါတယ်၊ တော်လှန်ရေး ကောင်စီတက်ပြီး နောက်ပိုင်း ဒီအစိုးရ လက်ထက်မတိုင်မီထိလွတ်လပ်ခွင့်တွေ ကျွန်တော်တို့ဆုံးရှုံးခဲ့တယ်၊ စာနယ်ဇင်းက နိုင်ငံတကာနဲ့ယှဉ်ဖို့မပြောနဲ့ ကိုယ့်ပြည်တွင်းမှာတောင် အကျပ်အတည်းနဲ့ ရုန်းကန်လှုပ်ရှားနေရတယ်၊ အခုလမ်းပွင့်လာတဲ့အနေအထားပါ၊ ကျွန်တော့်အမြင်ပြောရရင် အထိုက်အလျောက်တော့ လွတ်လပ်ခွင့်တွေရလာပါပြီ၊ ရလာပေမယ့်လိုသေးတယ်ပေါ့၊ ဒီမိုကရေစီအစိုးရဆိုလို့ရှိရင် လွတ်လပ်ခွင့်ကို ပိုပြီးအားပေးရမှာ၊ စာနယ်ဇင်းသမားတွေကိုယ်တိုင်ကလည်း ဒီလွတ်လပ်ခွင့်ကို မှန်ကန်တဲ့ လွတ်လပ်ခွင့်တစ်ရပ်အနေနဲ့ ချင့်ချိန်ပြီးအသုံးပြုသင့်ပါတယ်၊ အဲ့လိုနှစ်ဦးနှစ်ဖက်ပေါ့နော်၊ အစိုးရကလည်းစာနယ်ဇင်းတွေရဲ့လွတ်လပ်ခွင့်ကို အားပေးပြီးတော့ ကူညီထောက်ပံ့မှုတွေပေးသင့်တယ်၊ ပုဂ္ဂလိကသတင်းစာတွေ အကျပ်အတည်းတွေ တွေ့နေတယ်၊ အဲ့ဒီဟာကိုလည်းနိုင်ငံတော်က တတ်နိုင်သလောက် ကူညီပံ့ပိုးပေးသင့်ပါတယ်၊ စာနယ်ဇင်းဘက်ကလည်း ကိုယ့်လွတ်လပ်ခွင့်ကို မှန်မှန်ကန်ကန်အသုံးချပြီးတော့ နိုင်ငံနဲ့လူမျိုး အကျိုးကျေးဇူးအတွက် ဆောင်ရွက်သင့်ပါတယ်လို့ မြင်ပါတယ်" ဟု ၎င်း၏ အမြင်ကို ပွင့်လင်းစွာ ပြောကြားသည်။

**သတင်း-ရဲဝင်း၊သန်းထိုက်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ကျေးရွာနေပြည်သူများထံ လွှဲပြောင်းပေးအပ်

**ပင်းတယ မေ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မိုင်းအင်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းအား ကျေးရွာနေပြည်သူများထံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီလနောက်ဆုံးပတ်က မိုင်းအင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ ရွှေဓနုခန်းမဆောင်၌ ကျင်းပသည်။

ရေသွယ်ခြင်းလုပ်ငန်းအောင်မြင်မှုအထိမ်းအမှတ် အခမ်းအနားကို ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ မြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်နှင့် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခြင်းနှင့် သွယ်တန်းထားသော ရေခလုတ်ကို ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ရေသွယ်ယူခြင်းအောင်ပွဲ အထိမ်းအမှတ်ပစ္စည်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ် လက်ထောက်ညွှန်ကြားရေးမှူး) ဦးမောင်မောင်လွင်နှင့် တာဝန်ရှိသူများက တက်ရောက်လာသူများကို ပေးအပ်ခဲ့သည်။

မိုင်းအင်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ၁-၁၁-၂၀၁၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၃၁-၃-၂၀၁၈ ရက်တွင် ပြီးဆုံးခဲ့ပြီး ရေစထွက်ရာနေရာမှ ၄ ဒသမ ၄၃ မိုင် အကွာအတွက် ပင်မရေပိုက်လိုင်း အရှည် ၂၁၂၉၇ ပေ၊ ဖြန့်ဝေပိုက်လိုင်းအရှည် ၁၈၃၂၁ ပေ၊ ရေလှောင်ကန် ဂါလန် ၂၀၀၀၀ ဆံ့တစ်လုံး၊ ရေဝေတိုင်အရေအတွက် ၃၅ တိုင်၊ ရေခန်းကန်တစ်လုံး၊ အနည်ထုတ်ကန်တစ်လုံး စသည်တို့ကို စီမံကိန်းတန်ဖိုးငွေကျပ် ၁၅၄ ဒသမ ၄၄ သန်းဖြင့် အကုန်အကျခံတည်ဆောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ ဆွေးနွေး



**နေပြည်တော် မေ ၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန် သံအမတ်ကြီး H.E. Mr. Andrew Patrick အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် တိုင်းပြည်က အားထားရပြီး ပြည်သူလူထုက ယုံကြည်အားကိုးရသည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်နေသည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ကဏ္ဍအသီးသီးတွင် တပ်မတော်မှ ပူးပေါင်းဆောင်ရွက်နေမှုများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အနာဂတ်တွင် စာကြည့်တိုက်များ ပူးပေါင်းချိတ်ဆက်မှု အားကောင်းလာစေမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံ

**"အနာဂတ်စာကြည့်တိုက်များအတွက် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေး" ဟူသည့် ခေါင်းစဉ်ဖြင့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံကို နေပြည်တော်တွင် ကျင်းပလျက်ရှိပြီး အရှေ့တောင်အာရှစာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ အချင်းချင်းပူးပေါင်းချိတ်ဆက်မှု ပိုမိုအားကောင်းလာစေမည့် ညီလာခံလည်း ဖြစ်သည်။**

**အဆိုပါညီလာခံသို့ အရှေ့တောင်အာရှနှင့် အာရှပစိဖိတ်ဒေသနိုင်ငံများမှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသူများ ပါဝင်တက်ရောက်ကြပြီး ပါဝင်တက်ရောက်ကြသူအချို့၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။**


ဦးအောင်မြင့်
ညွှန်ကြားရေးမှူးချုပ်


ဦးခင်မောင်အေး
စာကြည့်တိုက်မှူး


ဦးသန်းအောင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့် တိုက်အသင်း


ဒေါ်နှင်းရီ
ဦးစီးအရာရှိ

**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

သုံးနှစ်မှာ တစ်ကြိမ်ကျင်းပတဲ့ ညီလာခံဖြစ်ပြီး မြန်မာနိုင်ငံအနေနဲ့ အခုမှ ပထမဆုံးလက်ခံကျင်းပတာ ဖြစ်ပါတယ်။ အရှေ့တောင်အာရှ စာကြည့်တိုက်များ ညီလာခံဆိုပေမယ့် အရှေ့တောင်အာရှ ၁၀ နိုင်ငံအပါအဝင် အာရှပစိဖိတ်ဒေသက နိုင်ငံတွေပါ တက်ရောက်ကြပါတယ်။ ညီလာခံမှာ စာတမ်းတင်ပြီးဆွေးနွေးမယ့် ပုဂ္ဂိုလ်တွေရှိသလို မြန်မာနိုင်ငံမှာ ညီလာခံ ပထမဆုံးကျင်းပတာကို လေ့လာချင်လို့လာတဲ့ လေ့လာသူတွေလည်း တက်ကြပါတယ်။ ကိုယ်စားလှယ်နဲ့ လေ့လာသူပေါင်း ၇၀၀ ကျော်တက်တဲ့ ညီလာခံဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စာကြည့်တိုက် ယဉ်ကျေးမှုက မှေးမှိန်နေခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။

ကျောင်းသား၊ ဆရာနဲ့ သုတေသီတွေ အနေနဲ့ စာကြည့်တိုက်ကိုသွားတာ အားနည်းပါတယ်။ ဒီဘက်ခေတ်မှာ ကျောင်းသူ ကျောင်းသား၊ ကလေးငယ်တွေက စာကြည့်တိုက်ဆိုတာ ဘာမှန်းတောင်မသိတော့ပါဘူး။ ဒါကြောင့် စာကြည့်တိုက်တွေရဲ့ အခန်းကဏ္ဍကို လူငယ်တွေ၊ မျိုးဆက်သစ်တွေ ပိုမိုစိတ်ဝင်စားလာအောင်မြှင့်တင်ပေးဖို့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာပညာရှင်တွေနဲ့ တိုင်ပင်ပြီး ဒီညီလာခံကို လက်ခံခဲ့တာ ဖြစ်ပါတယ်။

ညီလာခံကျင်းပတဲ့အတွက် ပထမအဆင့်အမျိုးသား စာကြည့်တိုက် (ရန်ကုန်)နဲ့ နေပြည်တော်၊ ဒုတိယအဆင့် တက္ကသိုလ်စာကြည့်တိုက်တွေ၊ တတိယအဆင့် ပြန်ကြားရေးဝန်ကြီးဌာနမှာရှိတဲ့ ခရိုင်၊ မြို့နယ်၊ ရပ်ကျေးစာကြည့် တိုက်တွေကို အဆင့်မြှင့်တင်ပေးပြီး အချင်းချင်းချိတ်ဆက်ဖို့ အတွက် ဆက်လက်စီစဉ်သွားမှာ ဖြစ်ပါတယ်။ စာကြည့်တိုက်တွေကို ဒစ်ဂျစ်တယ်စာကြည့်တိုက်ဖြစ်အောင် ဆက်လက်တည်ဆောက်ပါမယ်။ မကြာခင်နှစ်ပိုင်းအတွင်းမှာ အာဆီယံနိုင်ငံတွေ၊ အာရှ-ပစိဖိတ်နိုင်ငံတွေမှာရှိတဲ့ စာကြည့်တိုက်တွေနဲ့ ချိတ်ဆက်နိုင်ဖို့ လမ်းပွင့်သွားပါတယ်။ ညီလာခံကို တက်ရောက်လာကြတဲ့ နိုင်ငံတကာက ကိုယ်စားလှယ်တွေ၊ လေ့လာသူတွေကလည်း အခုလို စီမံပြင်ဆင်ထားမှုအပေါ်မှာ ကျေနပ်အားရကြပါတယ်။ အလွတ်ကျက် ပညာရေးစနစ် ကနေ ရုန်းထွက်ပြီးကျောင်းသားနဲ့ သုတေသီတွေ အခြေပြုတဲ့ ပညာရေး စနစ်ကို တက်လှမ်းတဲ့အခါမှာ အထောက်အကူပြုနိုင်ဖို့အတွက် စာကြည့်တိုက်ညီလာခံ ကျင်းပနိုင်ခြင်းဟာ သမိုင်းဝင်တဲ့လှုပ်ရှားမှု တစ်ခုဖြစ်ခဲ့ပါတယ်။

**ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်**
**သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန**

လူငယ်တွေစာကြည့်တိုက်အပေါ်မှာ စိတ်ဝင်စားပြီး တစ်နိုင်ငံလုံးက စာကြည့်တိုက်ကို မှီခိုအားထားပြီးတော့ စာပေတွေ လေ့လာနိုင်မယ်။ သုတေသနပြုချက်တွေ ဆောင်ရွက်နိုင်မယ်။ နည်းပညာဗဟုသုတတွေ ဆောင်ရွက်နိုင်တယ်။ ဒါ့ကြောင့် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီး အရေးကြီးပါတယ်။ ကျွန်တော်တို့ နိုင်ငံကလည်း စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့အတွက် အစိုးရအနေနဲ့လည်း ရည်မှန်းချက်ရှိပါတယ်။ဒီညီလာခံကြီးကလည်း ကျွန်တော်တို့အတွက် အတွေ့အကြုံတွေအများကြီး ရပါတယ်။ ဒီလိုရတဲ့ အတွေ့အကြုံတွေကိုမူတည်ပြီးတော့ အမျိုးသားစာကြည့်တိုက်တွေကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ဖို့ ပြင်ဆင်လျက်ရှိပါတယ်။ ညီလာခံမှာစာတမ်း ၈၀ လောက်ဖတ်မှာ ဖြစ်ပါတယ်။

**Associate Professor Namtip Wipawin**
**Sukhothai Thammathirat Open University**

ညီလာခံမှာ ဆွေးနွေးမယ့် ခေါင်းစဉ်တွေကတော့ အစုံပါပဲ။ အားလုံးစိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဒီမနက် ညီလာခံဖွင့်ပွဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တက်ရောက်ပြီးတော့ ပြောတဲ့ မိန့်ခွန်းက ညီလာခံအတွက် အလွန်အဖိုးတန်ပါတယ်။ ပြီးတော့ ဖွင့်ပွဲမှာ ကပြဖျော်ဖြေမှုကိုလည်း ညီလာခံတက်ရောက်တဲ့သူတွေ စိတ်ဝင်စားကြတယ်။ ကျွန်မလည်း သဘောကျတယ်။ ကျွန်မက နေပြည်တော်ကို ပထမအကြိမ်ရောက်ဖူးတာ ဖြစ်ပါတယ်။ ပထမဆုံးအကြိမ်ဆိုတော့ အားလုံးဟာ စိတ်ဝင်စားစရာ ဖြစ်နေတယ်။ ညီလာခံနဲ့ ပတ်သက်တာရော၊ တခြားအရာတွေရော လေ့လာစရာတွေ အများကြီးတွေ့ပါတယ်။ ပြီးခဲ့တဲ့ ညီလာခံကို ထိုင်းနိုင်ငံဗန်ကောက်မြို့မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ အခု မြန်မာနိုင်ငံမှာ ညီလာခံလက်ခံကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီလိုလက်ခံကျင်းပတဲ့အတွက် လာရောက်လေ့လာခွင့်လည်းရရှိခဲ့တာ ဖြစ်ပါတယ်။

**ဦးစီးအရာရှိ ဒေါ်နှင်းရည်**
**မြင်းခြံခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

ဒီလို ညီလာခံတွေကို တက်ရောက်ခွင့်ရတဲ့အတွက် ကျွန်မတို့ နယ်တွေမှာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွေ ဆောင်ရွက်ပေးတဲ့အခါ အထောက်အပံ့အများကြီး ဖြစ်ပါတယ်။ ပြည်သူလူထုက စာကြည့်တိုက်တွေကို အတော်စိတ်ဝင် စားလာတာ တွေ့ရပါတယ်။ စာကြည့်တိုက်ကနေ ပြည်သူလူထုကို အသိပညာပေးတယ်ဆိုတဲ့ အသိလေးရရှိလာကြတယ်။ စာပေဖတ်ရှုခြင်းကြောင့် ဘဝအတွက် တိုးတက်ပြောင်းလဲသွားတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် ကျေးရွာစာကြည့်တိုက်တွေကို တစ်ဆင့်ထက်တစ်ဆင့် တိုးတက်အောင် ဆောင်ရွက်နေတာတွေ ရှိပါတယ်။

**ဦးသန်းအောင်**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း**

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်များညီလာခံကို ၁၉၇၀ ပြည့်နှစ်က စလုပ်ခဲ့တာ အခုဆို (၄၈) နှစ်ရှိပြီဖြစ်ပါတယ်။ သုံးနှစ်တစ်ကြိမ်ပါ။ ၂၀၁၅ ခုနှစ်တုန်းက ဗန်ကောက်မှာ (၁၆) ကြိမ်မြောက်လုပ်တယ်။ အဲဒီမှာ လက်ခံမကျင်းပရသေးတဲ့ မြန်မာ၊ ကမ္ဘောဒီးယားနဲ့ လာအိုသုံးနိုင်ငံထဲမှာ မြန်မာကိုလက်ခံကျင်းပဖို့ ပြောတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ၂၀၁၆ က အလုပ်အမှုဆောင် အဖွဲ့အစည်း အဝေးဆိုပြီး လုပ်တယ်။ ၂၀၁၇ ခုနှစ်မှာ တစ်ခါထပ်လုပ်တယ်။ ဒီကနေ ညီလာခံကို နေပြည်တော်မှာ ကျင်းပဖို့ ဆွေးနွေးခဲ့ကြတယ်။ ပြီးတော့ ဆောင်ပုဒ်ကဘာလုပ်မလဲ ဆွေးနွေးကြတယ်။ ဆောင်ပုဒ်ကို အဖွဲ့ဝင် ၁၀ နိုင်ငံက တစ်နိုင်ငံကို သုံးယောက်ကိုယ်စားပြုပြီး အယောက် ၃၀ ကနေ ဆောင်ပုဒ်တွေကို အဆိုပြုကြတယ်။ ဒါကို ဆန္ဒပြုရွေးချယ်ခဲ့တာပါ။ ပြီးတော့ ဒီကနေ့ဆောင်ပုဒ်ကို အထောက်အကူပြုမယ့် ဆောင်ပုဒ် ၁၀ ခုကိုလည်း ရွေးချယ်ခဲ့တယ်။ ဒီ ၁၀ ခုနဲ့ပတ်သက်ပြီး အာဆီယံနိုင်ငံတွေရော၊ ဂျပန်၊ ကိုရီးယား၊ သြစတြေးလျ၊ အိန္ဒိယနဲ့ ဘူတန်အထိအားလုံးကစာတမ်း ၂၃၀ ရတယ်။ ၂၃၀ က ဖတ်လို့မနိုင်ဘူး။ ကျွန်တော်တို့ ၉၀ လောက်ရအောင် ပြန်ပြီး လေ့လာဆန်းစစ်တယ်။ ပြီးတော့ စာတမ်း ၉၀ ကိုရွေးတယ်။ ကျန်တဲ့ စာတမ်းတွေကိုတော့ ပိုစတာအပိုင်းမှာ ပြသထားတယ်။ အဓိကကတော့ သတင်းအချက်အလက်နဲ့ ပတ်သက်တာကို အဓိကထားတယ်။ စာကြည့်တိုက်ဆိုတာ စာပေဖတ်ဖို့ တစ်ခုတည်းတင်မဟုတ်ဘဲ သတင်းအချက်အလက်တွေကိုပါ ထောက်ပံ့ပေးနိုင်တဲ့ နေရာဆိုတာကိုပါ အသိပေးပါတယ်။

**စာကြည့်တိုက်မှူး ဦးခင်မောင်အေး (ရောင်ခြည်ဦးစာကြည့်တိုက်)**
**မြင်းခြံမြို့နယ်၊ ကြီးပင်ကန်ကျေးရွာအုပ်စု**

ကျေးရွာစာကြည့်တိုက်တွေ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်နဲ့ တက်ရောက်ခြင်းဖြစ်ပါတယ်။ ကျေးရွာနေပြည်သူတွေဟာ အသိပညာနည်းပါးတာကို တွေ့ရပါတယ်။ အားနည်းချက်ရှိတဲ့အတွက်ကြောင့် စာပေလေ့လာလိုက်စားမှသာလျှင် တစ်ဦးချင်းတိုးတက်မှုကနေ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထိအထောက်အကူပြုမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ကျေးရွာအုပ်စုရဲ့ စာကြည့်တိုက်ဆိုရင် ကိုယ်ထူကိုယ်ထလုပ်ထားတဲ့ စာကြည့်တိုက်လေးပါ။ စာအုပ်တွေကတော့ အထိုက်အလျောက်ပြည့်စုံတယ်။ စာဖတ်ဖို့ကျတော့ ကိုယ်ထူကိုယ်ထစာကြည့်တိုက်ကလေးက ကျဉ်းနေတယ်။ ဒီလိုမျိုး လိုအပ်ချက်လေးတွေ စာကြည့်တိုက်တွေမှာ ရှိတတ်ပါတယ်။ ဒါကြောင့်စာကြည့်တိုက်တွေကို အများကြီးထောက်ပံ့ပေးစေချင်တယ်။ အေးအေးချမ်းချမ်းနဲ့ အဆင်ပြေပြေစာဖတ်လို့ ရစေချင်တယ်။ စာကြည့်တိုက်မှာ စာလာဖတ်ချင်အောင် ဆွဲဆောင်နိုင်တဲ့ အထိပါ။

*စာမျက်နှာ ၉ သို့*

# နေပြည်တော်ဝန်းကျင်နေရာများတွင် ရုပ်ရှင်ရိုက်ကူးနိုင်ရေး ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမည်



**နေပြည်တော် မေ ၃**

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ရိုက်ကူးရေး စတူဒီယိုနှင့် ရုပ်ရှင်အတတ်ပညာသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ယနေ့မွန်းလွဲ ၁ နာရီက ပြန်ကြားရေးဝန်ကြီးဌာနတွင် ပြုလုပ်သည်။ (ဓါတ်ပုံ)

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ပြန်လည်ဆွေးနွေး**

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒါရိုက်တာ ဇော်မြင့်ဦးနှင့် ဦးကြည်မင်းသိန်းတို့က နေပြည်တော်တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အအုံတွင် ပါဝင်ဖွဲ့စည်းတည်ဆောက်ထားသော Large Studio ၊ Virtual Studio နှင့် 5.1 Surround Sound Studio များ၊ ၎င်းနေရာရှိ ရုံးခန်းများနှင့် ပန်းခြံများ၊ ၎င်းပတ်ဝန်းကျင်နှင့် နေပြည်တော်ရှိ နေရာများစွာတွင် မြို့ပြနှင့်ကျေးလက်တောရွာဆိုင်ရာရိုက်ကွင်းများစွာ ရိုက်ကူးနိုင်မည့် အခြေအနေများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ချက်များ၊ ပြင်ဦးလွင်နှင့် ပုပ္ပားတောင်တစ်ဝိုက်တွင် ရိုက်ကူးသကဲ့သို့ နေပြည်တော်တွင်လည်း အဆင်ပြေချောမွေ့စွာ ရိုက်ကူးနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်နှင့်ရန်ကုန်ရှိ ပြန်ကြားရေးဝန်ကြီးဌာနမှ စတူဒီယိုများနှင့် ဆက်စပ်နေရာများ၊ နေပြည်တော်ရှိ နေရာများစွာတွင် ရုပ်ရှင်ရိုက်ကူးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီးစီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ နေပြည်တော်တွင် ရုပ်ရှင်ရိုက်ကူးမှုများ အဆင်ပြေချောမွေ့လာမှုနှင့်အတူ ပြည်တွင်းပြည်ပမှ စိတ်ကူးစိတ်သန်းကောင်းများဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လုပ်ကိုင်လာစေရန် ရည်ရွယ်ပြီး တတ်ကျွမ်းနားလည်သူများအနေဖြင့် ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

# လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာရေးဆွဲရေး(ဒုတိယအကြိမ်) စည်းဝေး

**နေပြည်တော် မေ ၃**

လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာရေးဆွဲရေး (ဒုတိယအကြိမ်) အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ယနေ့ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လူငယ်မူဝါဒထွက်ရှိပြီး မဟာဗျူဟာရေးဆွဲဆောင်ရွက်နေပြီဖြစ်၍ အတိုင်းအတာတစ်ခုထိ ပြီးမြောက်နေပြီဖြစ်သဖြင့် လူငယ်များအားလုံးက စည်းလုံးညီညွတ်စွာ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လူငယ်များဘက်မှ မတူညီကွဲပြားခြားနားမှုများ၊ ပညာအရည်အချင်း၊ ပတ်ဝန်းကျင်ဒေသအခြေအနေ၊ ဆင်းရဲချမ်းသာကွာဟချက်များစွာ ရှိနိုင်ပါကြောင်း၊ အဆိုပါမတူကွဲပြား ခြားနားချက်များကို အတတ်နိုင်ဆုံးညှိနှိုင်းပြီး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူငယ်များတန်းတူညီမျှ အခွင့်အရေးများ ခံစားရရန်လိုအပ်ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးမိန့်ခွန်းတွင်ပါဝင်သည့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက် မြင့်မားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုသည့်အချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည့် လူငယ်များတက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ထည့်သွင်းဆောင်ရွက်သွားရန်နှင့် လူငယ်များတက်ကြွစွာပါဝင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲရေးအတွက် ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



*စာမျက်နှာ ၈ မှ*




**Ms. Christine Mackenzie**
**President**
**The International Federation of Library Associations and Institutions (IFLA)**

အများပြည်သူနဲ့ဆိုင်တဲ့ စာကြည့်တိုက်တွေ၊ ကျောင်းစာကြည့်တိုက်တွေက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလွန်ကိုအရေးပါပါတယ်။ အခုညီလာခံက အလွန်ကို ကြီးကျယ်ခမ်းနားတဲ့ အခိုက်အတန့် ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးငယ်တွေ စာတတ်မြောက်မှုနဲ့ စာကြည့်တိုက်တွေနဲ့ ပတ်သက်ပြီး သင်ယူလေ့လာနိုင်ဖို့၊ စာဖတ်လိုတဲ့စိတ် ကိန်းအောင်းလာဖို့ ကြိုးကြိုးစားစားနဲ့ လက်တွဲဆောင်ရွက်နေတဲ့ ကျောင်းစာကြည့်တိုက်မှူး ၂၀၀ ကျော်က ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ လူတွေဟာဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်နေပါစေ၊ အဲဒါကပြဿနာမဟုတ်ဘဲ လူအချင်းချင်းတစ်ဦးဆီကတစ်ဦး သင်ယူလေ့လာနိုင်တယ်လို့ ကျွန်မထင်ပါတယ်။

မြန်မာနိုင်ငံက ဒီ (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို လက်ခံကျင်းပနိုင်တာဟာ တကယ်ကို စိတ်လှုပ်ရှားစရာကောင်းပါတယ်။ ဒါကြောင့် စာကြည့်တိုက်ပညာရှင်တွေဟာ စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်နိုင်တယ်ဆိုတာ တွေ့မြင်ရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုလုပ်ဆောင်နေပြီး စာကြည့်တိုက်တွေက ဘယ်လိုအရေးကြီးတယ်ဆိုတာကို အစိုးရက နားလည်ရမှာဖြစ်ပါတယ်။ ဒေသတွင်းက စာကြည့်တိုက်တွေမှာ ရှေးဟောင်းအမွေအနှစ်တွေ၊ မှတ်တမ်းတွေနဲ့ စုဆောင်းထားတဲ့ ပစ္စည်းတွေကို ဘယ်လိုထိန်းသိမ်းစောင့်ရှောက်တယ်၊ ပြည်သူလူထုကို ဘယ်လိုဝန်ဆောင်မှုတွေ ပေးတယ်၊ ပုဂ္ဂလိက စာကြည့်တိုက်တွေအတွက် အစီအစဉ်တွေ ကျွန်မတို့ကြည့်ရှုစစ်ဆေးပါတယ်။ ဒါကြောင့် ဒါဟာအလွန်ကိုကျယ်ပြောတဲ့ အစီအစဉ်တွေ ဖြစ်ပါတယ်။ နောက်လာမယ့်နှစ်ရက် အစည်းအဝေးကာလအတွင်း ဒေသတွင်းက စာကြည့်တိုက်တွေနဲ့ပတ်သက်လို့ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ဒီအခမ်းအနားကိုတက်ရောက်နေတဲ့ မြန်မာနိုင်ငံက ကိုယ်စားလှယ်တွေ အားလုံးအနေနဲ့ အတွေ့အကြုံတွေ အများကြီးလေ့လာသင်ယူနိုင်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။



**Ms. Rima Kupryte**
**Managing Director**
**Electronic Information for Libraries**

ကျွန်မတို့အဖွဲ့အစည်းက အကျိုးအမြတ်မဟုတ်တဲ့ နိုင်ငံတကာအဖွဲ့အစည်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၄၀ ကျော်မှာ စာကြည့်တိုက်ဖွံ့ဖြိုးရေးကို လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံမှာလည်း စာကြည့်တိုက်ဖွံ့ဖြိုးရေး စီမံကိန်းကို ၂၀၁၃ ခုနှစ်က စတင်ပြီးဆောင်ရွက်နေပါတယ်။ ဒါကြောင့် ကျွန်မတို့ မြန်မာနိုင်ငံကို ၂၀၁၃ ခုနှစ်ကတည်းက လာရောက်လည်ပတ်ခဲ့ပါတယ်။ အစမှာတော့ အီလက်ထရွန်နစ်စာအုပ်တွေ၊ အီလက်ထရွန်နစ်ဂျာနယ်တွေ လက်လှမ်းမီဖတ်ရှုနိုင်ဖို့ စာကြည့်တိုက်မှူးတွေသာမက ဆရာဆရာမတွေနဲ့ ကျောင်းသူကျောင်းသားတွေကို သင်တန်းတွေပို့ချဖို့ မြန်မာနိုင်ငံက ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့နဲ့ လက်တွဲဆောင်ရွက်ခဲ့ပါတယ်။

အီလက်ထရွန်နစ်ကို အခြေခံတဲ့ စာတတ်မြောက်မှုနဲ့ အချက်အလက်ကို အခြေခံတဲ့ သတင်းပြန်ကြားမှုတွေကို ပို့ချမှုတွေ ပြုလုပ်ပါတယ်။ ၂၀၁၈ ခုနှစ်အတွင်း ကျွန်မတို့ နောက်ထပ်တက္ကသိုလ်ခြောက်ခုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နေပါတယ်။ ဒါကြောင့် လက်ရှိအချိန်မှာ ကျွန်မတို့ မြန်မာနိုင်ငံက တက္ကသိုလ် ၁၃ ခုနဲ့ လက်တွဲဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံနဲ့ မြန်မာစာကြည့်တိုက်မှူးတွေအနေနဲ့ ဒီညီလာခံကိုကျင်းပရတဲ့အတွက် အလွန်ကို ဂုဏ်ယူရမှာဖြစ်ပါတယ်။ ကျွန်မပြီးခဲ့တဲ့နှစ်တွေက အခြားနိုင်ငံတွေမှာ ကျင်းပခဲ့တဲ့ ညီလာခံတွေကို တက်ရောက်ခဲ့ပါတယ်။ မှတ်မိတာကတော့ စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ညီလာခံကို ကျွန်မ တက်ရောက်ခဲ့ပါတယ်။ အခြားဘယ်နိုင်ငံကတွေက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တယ်ဆိုတာကို ကျွန်မမမှတ်မိတော့ ပါဘူး။ နောက်တစ်ကြိမ် တက်ရောက်ခဲ့တဲ့ညီလာခံကိုတော့ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့တာဖြစ်ပါလိမ့်မယ်။ ကျွန်မအမြဲတမ်းသတိထားမိတာကတော့ မြန်မာနိုင်ငံ စာကြည့်တိုက်များအသင်းက စာကြည့်တိုက်မှူးတစ်ယောက် ညီလာခံကိုတက်ရောက်တာဖြစ်ပါတယ်။

ဒါကြောင့် ဒီညီလာခံက မြန်မာစာကြည့်တိုက်မှူးတွေအတွက် ဘယ်လောက်အထိ အကျိုးကျေးဇူးရှိတယ်ဆိုတာကို ကျွန်မ စိတ်ကူးကြည့်ပါတယ်။ မြန်မာစာကြည့်တိုက်မှူးတွေ ဒီအခမ်းအနားကို တက်ရောက်ပြီး လေ့လာသင်ယူဖို့ ကြီးမားတဲ့အခွင့်အလမ်းကောင်းတစ်ရပ် ရရှိမှာဖြစ်ပါတယ်။ ဒီညီလာခံမှာ မြန်မာစာကြည့်တိုက်မှူးတွေက စာတမ်း ၁၉ ခုတင်သွင်းမယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီအခမ်းအနားက နိုင်ငံတကာအဆင့်ညီလာခံဖြစ်တဲ့အတွက် မြန်မာစာကြည့်တိုက်မှူးတွေအတွက် ကြီးမားတဲ့ အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်။ စာကြည့်တိုက်မှူးတွေက တတ်မြောက်ကျွမ်းကျင်သူတွေဖြစ်သင့်ပြီး အခွင့်အလမ်းကောင်းတွေလည်း ရှိနေတယ်လို့ ကျွန်မထင်ပါတယ်။ ခေတ်သစ်စာကြည့်တိုက်တွေမှာ လေ့လာစရာတွေ အများကြီး ရှိပါတယ်။ စာကြည့်တိုက်တွေမှာ သင်အလိုရှိတာကို လေ့လာနိုင်ပါတယ်။ သင့်ရဲ့ မျှော်မှန်းချက်နဲ့ ဖန်တီးနိုင်မှုစွမ်းရည်အပေါ်သာ မူတည်ပါတယ်။

ကျွန်မရှေ့ပိုင်းမှာ ပြောခဲ့သလို မြန်မာနိုင်ငံက တက္ကသိုလ်စာကြည့်တိုက် ၁၃ ခုနဲ့ လက်တွဲဆောင်ရွက်နေပြီး နောက်ထပ်တက္ကသိုလ်တွေ၊ တက္ကသိုလ်စာကြည့်တိုက်တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့တွေ၊ ဆရာဆရာမတွေနဲ့ စာကြည့်တိုက်ဖွံ့ဖြိုးရေးကို လုပ်ဆောင်သင့်ပါတယ်။

**တွေ့ဆုံမေးမြန်း-အောင်ရဲသွင်၊**
**မွှေးကြူကျော်ထိုက်စိုး**
**ဓာတ်ပုံ-ကိုကိုစိုးညွန့်၊ ကျော်ဇင်ထိုက်**

**မိုးဆက်လက်ထစ်ချုန်းရွာမည်**

**နေပြည်တော် မေ ၃**- မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ် ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ် ၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့၍ ကျေးလက်အိမ်ထောင်စုပေါင်း ၅၀၀၀ ကျော် အကျိုးခံစားနေရပြီဖြစ်

နေပြည်တော် မေ ၃

**လူထုအခြေပြုနည်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ယခုစီမံကိန်းက စတင်အကောင်အထည်ဖော်ပေးနိုင်ခဲ့သဖြင့် စီမံကိန်း သုံးမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ၆၁ အုပ်စု၊ ကျေးရွာပေါင်း ၁၄၇ ရွာ ၊ အသက်မွေးဝမ်းကျောင်းအဖွဲ့ပေါင်း ၄၈၇ ဖွဲ့ ဖွဲ့စည်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကျေးလက်အိမ်ထောင်စုပေါင်း ၅၁၃၇ စုအကျိုးခံစားနေရပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။**

ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော် ရုံးအမှတ်(၃၆) အစည်းအဝေးခန်းမ၌ ကျင်းပသော ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း၊ ပြည်ထောင်စုအဆင့် သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အတူ လွှတ်တော်ရေးရာကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီမံကိန်းမြို့နယ်နှင့် သက်ဆိုင်သည့် ဒေသအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုအဆင့်နှင့် မြို့နယ်အဆင့်မှ စီမံကိန်းဝန်ထမ်းများ၊ ဆုရကျေးရွာအုပ်စုနှင့် ကျေးရွာများမှ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက **ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း**သည် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖော်ဆောင်သည့် စီမံကိန်းဖြစ်၍ စီမံကိန်းဒေသရွေးချယ်ရာတွင် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် NGO အဖွဲ့အစည်းများ၊ ဒေသတွင်းဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိသော မိတ်ဖက်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများအား ဖိတ်ကြားပြီး သတ်မှတ်ညွှန်းကိန်းများအပေါ် အခြေခံ၍ အများသဘောတူ ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်း ရေရှည်ဖြစ်ထွန်းအောင်မြင်စေရေးအတွက် ကဏ္ဍအသီးသီးမှ ပါဝင်ပတ်သက်သူအားလုံးတို့က ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ ကိုယ်စားလှယ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြို့နယ်အလိုက် အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့သည့်လုပ်ငန်းနှင့် လုပ်ငန်းလုပ်ဆောင်နိုင်ရန် ကြိုးကြပ်မှုပေးခဲ့သော ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ လွှတ်တော်ရေးရာကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီမံကိန်းမြို့နယ်နှင့် သက်ဆိုင်သည့် ဒေသအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များက စီမံကိန်းလုပ်ငန်း၏ အားနည်းချက် အားသာချက်များ၊ လိုအပ်ချက်များအပေါ် အကြံပြုဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်းကို ကျေးရွာပေါင်း ၂၉၃ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး၊ ဒုတိယနှစ်စီမံကိန်းစက်ဝန်းအတွင်း၌ ကျေးလက်အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၇၉ ခုကို အကောင်အထည်ဖော်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၁) ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် မဲခေါင်မြစ်အောက်ပိုင်းမိတ်ဆွေနိုင်ငံများအစီအစဉ် ဒေသတွင်းလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၃

**(၁၁) ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Lower Mekong Initiative-LMI) နှင့် မဲခေါင်မြစ်အောက်ပိုင်း မိတ်ဆွေနိုင်ငံများအစီအစဉ် (Friends of the Lower Mekong-FLM) ဒေသတွင်း လုပ်ငန်းအဖွဲ့အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပခဲ့ရာ LMI နှင့် FLM အဖွဲ့ဝင်နိုင်ငံများဖြစ်သော အမေရိကန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘာ့ဘဏ်၊ ဩစတြေးလျနိုင်ငံ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့များနှင့် မြန်မာနိုင်ငံသက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်သည်။**




**အမှာစကား ပြောကြား**

အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက အမှာစကား ပြောကြားသည်။

အစည်းအဝေးကို မြန်မာနှင့် အမေရိကန်နိုင်ငံတို့မှ ပူးတွဲသဘာပတိများအဖြစ် ဦးဆောင်ကျင်းပခဲ့သည်။

အစည်းအဝေးတွင် LMI လုပ်ငန်းစဉ်အား ပိုမိုအကျိုးရှိ ထိရောက်စေရန်အတွက် ဖွဲ့စည်းပုံပြောင်းလဲမှုများ ပြုလုပ်ရေးနှင့် လာမည့်ဇူလိုင်လ နှောင်းပိုင်းတွင် ကျင်းပမည့် LMI နှင့် FLM နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအတွက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

**ကျင်းပမည်**

ထို့အပြင် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၊ ပေါင်းစည်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စွမ်းအင်ဖူလုံရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့၏ ကဏ္ဍအလိုက် အစည်းအဝေးများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးနှင့် ဆက်စပ်ပြီး ရေအရင်းအမြစ် သတင်းအချက်အလက်စီမံခန့်ခွဲမှုအစည်းအဝေးနှင့် စီးပွားရေးဆိုင်ရာ အစိုးရ - ပုဂ္ဂလိက ထိတွေ့ဆက်ဆံရေးဆွေးနွေးပွဲ၊ ကျန်းမာရေးဆိုင်ရာ OH-SMART အလုပ်ရုံဆွေးနွေးပွဲနှင့် ပညာရေးကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲတို့ကို ကျင်းပသည်။ အလားတူ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကဏ္ဍဆိုင်ရာ ဆွေးနွေး ပွဲကို မေ ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

**တည်ခင်းဧည့်ခံ**

အဆိုပါအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ညနေပိုင်းတွင် M Gallery Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❏ *ကျောဖုံးမှ*

ကြုံတွေ့ခဲ့ရတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီဈေးကြီးကို ရန်ကုန်မြို့ရဲ့ ခံ့ညားထည်ဝါတဲ့ ဈေးကြီးအဖြစ်နဲ့ ပြည်သူလူထုတွေ အားကိုးအားထားပြုပြီး ရောင်းဝယ်ဖောက်ကားနိုင်တဲ့ဈေးကြီးဖြစ်ဖို့ ပြန်လည်တည်ဆောက်မှာဖြစ်ပါတယ်၊ ဈေးကြီးစတင် တည်ဆောက်တဲ့အချိန်မှစတင်ပြီး အရည်အသွေးစစ်ဆေးရေးအဖွဲ့က စတင်စစ်ဆေးသွားမှာပါ၊ တစ်ဆင့်ချင်း ကြပ်မတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ပြန်လည်နေရာချထားရင်လည်း ဈေးသူဈေးသားတွေရဲ့ ဆန္ဒနဲ့အညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမှာပါ၊ ခုချိန်မှာ ဈေးတွေကို စည်ပင်ဝန်ထမ်းတွေက ဝင်ရောက်ကြီးကြပ်နေရတဲ့ အခြေအနေဖြစ်တယ်၊ နောက်ပိုင်းမှာ နိုင်ငံတကာလို ဈေးတွေအားလုံးကို ဝန်ဆောင်မှုကုမ္ပဏီက စနစ်တကျစီမံဆောင်ရွက်နိုင်ဖို့ ဒီစနစ်ကို စတင်ဆောင်ရွက်နေပါတယ်၊ ခုတည်ဆောက်မယ့် အဆင့်မြင့်မင်္ဂလာဈေးသစ်ကြီးကို စံနမူနာပြဈေးကြီးအဖြစ် လုပ်ဆောင်သွားမှာပါ” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ ကျင်းပသော အဆင့်မြင့်မင်္ဂလာဈေးသစ်ကြီး ပန္နက်တင်အခမ်းအနားတွင် ပြောကြားသည်။

ဆန်းမြတ်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော်တည်ဆောက်မည့် မင်္ဂလာဈေးသစ်ကြီးသည် စုစုပေါင်း ၁၇ ထပ်တည်ဆောက်သွားမည်ဖြစ်ပြီး အောက်နှစ်ထပ်အား ကားပါကင်အဖြစ် အသုံးပြုသွားမည်ဖြစ်ကာ ယင်းကားပါကင်အထက် ပထမထပ်မှ ပဥ္စမအထပ်အထိ တင်ဒါအောင်မြင်သဘောတူထားသည့်အတိုင်း ဆောက်လုပ်မည့်ကုမ္ပဏီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဈေးအဖြစ်ပြန်လည်အပ်နှံမည်ဖြစ်သည်။ ကျန် ၁၀ ထပ်အား ကုမ္ပဏီမှ လုပ်ပိုင်ခွင့်ရမည်ဖြစ်ကာ Base နှစ်ထပ်နှင့် အပေါ် ၁၅ ထပ်ပါသော အဆင့်မြင့်မင်္ဂလာဈေးသစ်ကြီးအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

တာဝန်ယူတည်ဆောက်မည့် ဆန်းမြတ်ထွန်းဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာနေလင်းထွန်းက “ဈေးကတော့ နှစ်နှစ်နဲ့ ခြောက်လအတွင်းမှာ အပြီးတည်ဆောက်ဖို့ ရည်ရွယ်ထားပါတယ်၊ စည်ပင်ကနေ တင်ဒါအောင်ထားတဲ့အတိုင်း Base နှစ်ထပ်နဲ့ အပေါ်မှာ ၁၅ ထပ်ပါတဲ့ ဈေးပုံစံဖြစ်မှာပါ၊ ဈေးနေရာ ငါးထပ်ကို စည်ပင်ကို ပြန်ပေးမှာဖြစ်ပြီး ကျန်တဲ့ ၁၀ ထပ်ကတော့ ကုမ္ပဏီပိုင်ဖြစ်ပါတယ်၊ အောက်နှစ်လွှာကတော့ ကားပါကင်ဖြစ်သွားမှာပါ၊ ကုမ္ပဏီပိုင် ၁၀ လွှာက လူနေတိုက်ခန်းတွေ ပါဝင်မှာမဟုတ်ပါဘူး၊ ကုမ္ပဏီရုံးခန်းတွေပဲ ပါဝင်မှာပါ၊ ဒီဈေးသစ်ကြီးမှာ တင်ဒါခေါ်စဉ်ကတည်းက မီးဘေးအန္တရာယ်နဲ့ ပတ်သက်တာတွေ၊ ပါဝင်အသုံးပြုမယ့်ပစ္စည်းတွေ ထည့်သွင်းထားပြီးဖြစ်ပါတယ်၊ အဲဒီပစ္စည်းတွေ၊ အဲဒီအမျိုးအစားတွေကိုပဲ ရွေးချယ်ပြီး နောက်ဆုံး အသုံးပြုတဲ့အချိန်ထိ တင်ပြသွားမှာပါ” ဟု ပြောကြားသည်။

ယခုတည်ဆောက်မည့် အဆင့်မြင့်မင်္ဂလာဈေးသစ်ကြီးတည်ဆောက်မှုတွင် ငွေကျပ် ၆၈ ဘီလီယံကျော် ကုန်ကျမည်ဟု ခန့်မှန်းတွက်ချက်ထားပြီး ပြည်တွင်းအင်ဂျင်နီယာများနှင့် ပြည်ပအကြံပေးအင်ဂျင်နီယာအစုအဖွဲ့များက ပူးပေါင်းတည်ဆောက်သွားမည်ဖြစ်သည်။ ယခုအခါ အကြိုအင်ဂျင်နီယာလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပြီး သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးရေး တည်ဆောက်သွားမည်ဖြစ်သည်။ ကားအစီးရေ ၈၀၀ ကျော်ဝင်ဆံ့နိုင်သော ကားပါကင်ကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်၍ အဆိုပါ ဈေးသစ်ကြီးပြီးစီးပါက ယာဉ်ကြောကျပ်တည်းမှုကိုလည်း အထိုက်အလျောက် ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

“အခုလို ဈေးသစ်ကြီးတည်ဆောက်ပြီဆိုတော့ ပျော်တော့ပျော်တာပေါ့၊ ဒါပေမယ့် အဆင့်မြင့်ဈေးအင်္ဂါရပ်နဲ့ ညီအောင် အခန်းလေးတွေကို ကျယ်စေချင်တယ်၊ အရင်ဈေးဟောင်း ငါးပေပတ်လည်က တော်တော်ကျဉ်းတယ်၊ အနည်းဆုံးတော့ အဆင့်မြင့်ဈေးအင်္ဂါနဲ့အညီ ခြောက်ပေပတ်လည်တော့ ဖြစ်သင့်တယ်၊ ဒီဈေးသစ်တည်ဆောက်ဖို့ တိုင်းဒေသကြီးအစိုးရက ဈေးသူ ဈေးသားတွေကို ခေါ်ယူတွေ့ဆုံတာတွေ လုပ်ပါတယ်၊ ဈေးသူ ဈေးသား ဆိုင်ခန်းရှင်တွေ အနေနဲ့လည်း မြန်မြန်တည်ဆောက်နိုင်ရေး ဦးတည်နေတာနဲ့ လိုအပ်ချက်တွေ မတောင်းဆို၊ မတင်ပြလိုက်ရဘူး၊ အချိန်ကြန့်ကြာမှာလည်း စိုးရိမ်တယ်လေ”ဟု စတုတ္ထထပ်မှ အခန်းနှစ်ခန်းပိုင်ရှင် မချိုဝတ်ရည်က ဈေးသစ်တည်ဆောက်မှုနှင့်ပတ်သက်၍ ပြောသည်။

ရန်ကုန်မြို့၏ ရောင်းဝယ်ဖောက်ကားမှုများပြီး အချက်အချာကျသော မင်္ဂလာဈေးကြီးသည် ပြီးခဲ့သော ၂၀၁၀ ပြည့်နှစ် မေလတွင် မီးလောင်မှုတစ်ကြိမ်၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် မီးလောင်မှုတစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း

**သတင်း- မောင်စိန်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ငွေဆောင်၊ ပုဂံနှင့် အင်းလေးဒေသများသို့ ရောက်ရှိနေသောလူရည်ချွန်များ အထင်ကရနေရာများသို့ ဆက်လက်လေ့လာ

ငွေဆောင် မေ ၃

**ငွေဆောင်၊ ပုဂံနှင့် အင်းလေး၌ ရောက်ရှိနေသော လူရည်ချွန်လူငယ်များသည် ယနေ့တွင် သက်ဆိုင်ရာဒေသများရှိ တန်ခိုးကြီး ဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။**

ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်းမှ ဒသမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက်ပိုင်းတွင် ယုဇနပုစွန်သားဖောက်စခန်းကို လည်းကောင်း၊ ငွေဆောင်မြို့နယ် သဇင်ရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တွင် ဂျာမနီနိုင်ငံ Morkwater Solutions မှ လှူဒါန်းထားသည့် ပင်လယ်ရေငန်မှ ရေချိုထုတ်လုပ်သည့် R.O ရေသန့်စက်မှ ရေသန့်ထုတ်လုပ်ပုံအဆင့်ဆင့်ကို လည်းကောင်း၊ သဇင်ကျေးရွာ ငါးဖမ်း၊ ငါးလှန်းလုပ်ငန်းခွင်ရှိ ငါးလုပ်ငန်းဆိုင်ရာများ၊ ရေသယံဇာတများ မျိုးသုဉ်းမပျောက်ကွယ်ရေး ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် လုပ်ငန်းခွင်တွင် နေခြောက်လှန်းထားသည့် ငါး၊ ပုစွန်များ၊ ငါးဖမ်းပိုက်များနှင့် မှန်ပေါင်ငါးကန်များအတွင်း ပြသထားသော ပင်လယ်ကဏန်းများ၊ ငါးအမျိုးမျိုး၊ ပင်လယ် ကျောက်ပုစွန်များကို လည်းကောင်း စိတ်ဝင်တစား လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

မွန်းလွဲပိုင်းတွင် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ငွေဆောင်မြို့ ဟိုတယ်ဇုန်ရှိ ဟိုတယ်ကြီးများသို့ သွားရောက်လေ့လာကြပြီး ညပိုင်းတွင် ပုသိမ်မြို့နှင့် ငွေဆောင်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ပညာအလင်္ကာတေးဂီတအဖွဲ့မှ တေးသံရှင်များ၏ အကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ အင်းလေးခေါင်တိုင်အပန်းဖြေလေ့လာရေးစခန်းမှ နဝမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် နံနက်ပိုင်းတွင် ပင်းတယမြို့နယ်အတွင်းရှိ ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်၊ ပုံတူရုပ်တုတို့ကို သွားရောက်ဖူးမြော်ကြသည်။





**အင်းလေးခေါင်တိုင်အပန်းဖြေစခန်းမှ နဝမတန်းလူရည်ချွန်ကျောင်းသား ကျောင်းသူများ ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့ သွားရောက်လေ့လာဖူးမြော်စဉ်။**

ထို့နောက် ပင်းတယမြို့နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သည့် ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့ သွားရောက်လေ့လာဖူးမြော်ခဲ့ပြီး အောင်ထီးလုပ်ငန်းအတွင်း ထီးများပြုလုပ်နေမှုနှင့်စပ်လျဉ်းပြီး အသေးစိတ်လေ့လာခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများအဖွဲ့သည် ပင်းတယမှတစ်ဆင့် တောင်ကြီးမြို့ အေးသာယာသို့ သွားရောက်ကာ အေးသာယာစက်မှုဇုန်အတွင်း လည်ပတ်လျက်ရှိသည့် စိန်ငွေမြအစာစပ်စက်ရုံ၊ အောင်ကြာဖူးသီးနှံအခြောက်ခံစက်ရုံ၊ ပတ္တမြားနဂါးသံရည်ကြိုစက်ရုံနှင့် စိန်ငွေမြပြောင်းအခြောက်ခံစက်ရုံတို့ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် လူရည်ချွန်အဖွဲ့သည် ခေတ္တတည်းခိုမည့် တောင်ကြီးမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုခဲ့ကြသည်။

ထို့အတူ ပုဂံမြို့သို့ ရောက်ရှိနေကြသည့် အဌမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက် ၉ နာရီခွဲတွင် စလေရုပ်စုံကျောင်းကြီးသို့ ရောက်ရှိကာ ရုပ်စုံကျောင်းအနီး ပြသထားသော ပြခန်းများ၊ ရုပ်စုံကျောင်းပေါ်ရှိ ကုန်းဘောင်ခေတ် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများအား လေ့လာကြပြီး စလေမြို့ဟောင်းရှိ ရှင်ပင်စာကြိုလှုဘုရားကြီးအား သွားရောက်ဖူးမြော်ကြသည်။

လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် မွန်းလွဲပိုင်းတွင် ပုဂံလူရည်ချွန်စခန်းသို့ ပြန်လည်ရောက်ရှိကြပြီး မွန်းလွဲပိုင်းတွင် ကျပန်းစကားပြောပြိုင်ပွဲများ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**မျိုးဇင်နိုင်**

◆ *ကျောဖုံးမှ*

မီးငြိမ်းသတ်မှုအပိုင်းကတော့ အပြီးသတ်ငြိမ်းသွားပါပြီ၊ စိတ်ချရတဲ့ အခြေအနေမှာ ရှိပါတယ်” ဟု ပြောသည်။

ထိန်ပင်အမှိုက်ပုံ မီးလောင်မှုသည် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် ဆည်မြောင်းဝန်ထမ်းများ အပါအဝင် အင်အား ၉၀၀ ကျော်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် မီးလောင်မှုဖြစ်ပွားပြီး ၁၂ ရက်အကြာ မေ ၂ ရက် ညပိုင်းတွင် မီးငြိမ်းသွားခဲ့ခြင်းဖြစ်သည်။

**ငြိမ်းသတ်နိုင်ခဲ့**

ထိုသို့ငြိမ်းသတ်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ အပါအဝင် အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် အကဲဖြတ်အဖွဲ့ Asean ERAT Team နှင့် ချိတ်ဆက်ကာ လိုအပ်သော အကြံပြုချက်များကိုလည်း ဆောင်ရွက်ခဲ့ပြီး အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ ဧပြီ ၂၉ ရက်မှစတင်၍ (A,B,C,D) ဇုန်များ ပိုင်းခြားသတ်မှတ်ကာ တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် ငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ မီးငြိမ်းသွားခဲ့ပြီဖြစ်၍ ပူးပေါင်းအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်တို့၏ အင်အားတို့ကို လျှော့ချခဲ့ပြီး မီးခိုးထွက်ရှိမှုနှင့် မီးကြွင်းမီးကျန်များ မရှိစေရန် ပူးပေါင်းအင်အားတစ်ရာခန့်ဖြင့် မီးလောင်ပြင်အား စောင့်ကြည့်မှုများ ပြုလုပ်၍ ငြိမ်းသတ်ရသည့် အဆင့်သာ ရှိတော့ကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာ အောင်မြင့်မော်က “မီးငြိမ်းသတ်မှုကတော့ ပြီးသွားပါပြီ၊ ဒါပေမယ့် တချို့နေရာလေးတွေမှာ မီးတောက်ကလေးတွေ အနည်းငယ်ပြန်ဖြစ်နေတဲ့အတွက် အဲဒါတွေကို အပြီးသတ် လိုက်လံငြိမ်းသတ်နေကြတာပါ၊ မီးခိုးထွက်တဲ့နေရာတွေကို အဓိကထားပြီး ရေနဲ့ လိုက်ဖျန်းနေတာပါ၊ အဲဒီလိုလုပ်တဲ့အခါမှာ ဧရိယာကျယ်တဲ့အတွက် တချို့နေရာတွေမှာ မီးသတ်ကားတွေ သွားလို့ရအောင်၊ မီးသတ်ပိုက်တွေ ဆက်လို့ရအောင် ကျွန်တော်တို့ YCDC အနေနဲ့ စက်ယန္တရားနဲ့ လူအင်အားတွေ အသုံးပြုပြီး လမ်းကြောင်းတွေ ဖွင့်ပေးနေပါတယ်၊ စိတ်ချရအောင် နောက်ထပ်ရက်အနည်းငယ် စောင့်ကြည့်ရဦးမယ်လို့တော့ထင်ပါတယ်” ဟု ပြောသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အကူတပ်ခွဲ ၊ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ယုနိုင်က “အခုကတော့ စောင့်ကြည့်အနေအထားဖြစ်ပါတယ်၊ လက်ရှိမှာ ကျွန်တော်တို့အနေနဲ့ အင်အား ၂၀ ကို အသုံးပြုပြီး နယ်မြေလုံခြုံရေးကို ဆောင်ရွက်နေပါတယ်၊ ဒါ့အပြင် လိုအပ်တဲ့ အပိုင်းတွေမှာလည်း မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့အတူ ပါဝင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်” ဟု ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင် ၄၀ ၊ ရဲတပ်ဖွဲ့ဝင် ၂၀ တို့နှင့်အတူ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် ဆည်မြောင်းဝန်ထမ်းများက မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ စက်ယန္တရားကြီးများကို အသုံးပြု၍ စောင့်ကြည့်ငြိမ်းသတ်မှုများ ပြုလုပ်လျက်ရှိသည်။

မီးလောင်မှုဖြစ်စဉ်တွင် ပါဝင်ငြိမ်းသတ်ခဲ့ကြသည့် တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို တပ်မတော်အနေဖြင့် ကျန်းမာရေးစစ်ဆေးမှုများကို မေ ၃ ရက်တွင် ဆောင်ရွက်ပေးခဲ့သည်။ အလားတူ ယနေ့ ညပိုင်းတွင် မီးငြိမ်းသတ်မှုတွင်ပါဝင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူတို့အား ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာတွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်း - ဇော်ကြီး**
**ဓာတ်ပုံ - ဇေဇော်**



**ထိန်ပင် အမှိုက်ပုံမီးလောင်မှုမှ ကျန်ရှိနေသော မီးကြွင်းမီးကျန်များကို မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်နေစဉ်။**

# ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ အမှုတွဲပြန်ရောက်ရှိမလာသေးသဖြင့် ထပ်မံချိန်းဆို

**ရန်ကုန် မေ ၃**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် လုပ်ကြံခံရမှုနှင့်ပတ်သက်၍ သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ မေ ၃ ရက် နံနက် ၁၀ နာရီက ရုံးထုတ်ရောက်ရှိလာပြီး စစ်ဆေးမှုပြုလုပ်နိုင်ခြင်း မရှိသေးသော်လည်း အမှုနှင့် ပါဝင်ပတ်သက်သူ ဇေယျာဖြိုး၏ ရှေ့နေက စာချွန်တော်လျှောက်ထားလိုကြောင်း တင်ပြသည်ကို တရားရုံးက လုပ်ထုံးလုပ်နည်း ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း သိရသည်။

အဆိုပါ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီး အမှုအမှတ် ၄၅/၂၀၁၇ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂/ ၃၄/၁၂၂ လူသတ်မှုနှင့် ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ လက်နက်များအက်ဥပဒေပုဒ်မ ၁၉(ဃ)(စ)အရ အမှုကိစ္စများ၌ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင် တရားသူကြီးဦးရဲလွင်က "မြောက်ပိုင်းခရိုင် တရားရုံးတွင် ဦးကိုနီ လုပ်ကြံခံရမှုနဲ့ပတ်သက်ပြီး စစ်ဆေးနေတဲ့ အမှုတွဲအားလုံးဟာ တိုင်းဒေသကြီး တရားလွှတ်တော်ကို တင်ပို့ထားတဲ့အတွက် အမှုတွဲ ပြန်ရောက်ရှိမလာသေးတာကြောင့် စစ်ဆေးမှုကို မလုပ်နိုင်သေးပါဘူး၊ ဒါပေမယ့် ဒီနေ့ရုံးချိန်းမှာ ဇေယျာဖြိုးရဲ့ရှေ့နေက တရားရုံးတော်ကို စာချွန်တော်လျှောက်ထားဖို့ တင်ပြတာရှိတယ်၊ စာချွန်တော် အမှုတွေတင်မယ်၊ လျှောက်ထားမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ပေးအပ်ထားတဲ့ နိုင်ငံသားရဲ့အခွင့်အရေးအရ သက်ဆိုင်ရာ စာချွန်တော်အမှုတွေ စီရင်ပိုင်ခွင့်အာဏာရှိတဲ့ ပြည်ထောင်စုလွှတ်တော်ချုပ်ကို စာချွန်တော်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးက ကျမ်းကျိန်သူအရာရှိနဲ့အတူ ကျမ်းကျိန်လွှာပါ ပူးတွဲတင်ပြရမှာဖြစ်လို့ မေ ၁၇ ရက် ကြာသပတေးနေ့ ရုံးချိန်းမှာ ဆောင်ရွက်ပေးဖို့ ညွှန်ကြားထားတာလေးရှိပါတယ်"ဟု မီဒီယာများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)**



# ဖန်းမောက်မြို့နယ်အတွင်း ရပ်ထားသောယာဉ်နှစ်စီးပေါ်မှ တရားမဝင်တမလန်းသစ် ၁၈ တန်ကျော် ဖမ်းမိ



**ဖန်းမောက် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် နောင်မလိန်းကျေးရွာအနီးတွင် ရပ်ထားသောယာဉ်နှစ်စီးပေါ်မှ တရားမဝင် တမလန်းသစ်များ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂ ရက် မွန်းလွဲ ၃ နာရီခန့်တွင် ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဆင့်ဦးဆောင်သော သစ်တောဝန်ထမ်းများသည် ဖန်းမောက်သစ်တောအဖွဲ့နှင့် ပူးပေါင်း၍ နောင်မလိန်းကျေးရွာနှင့် စာခမ်းကျေးရွာကြားတွင် တရားမဝင် တမလန်းသစ်များ တင်ဆောင်ထားသော ယာဉ်နှစ်စီး ရပ်ထားကြောင်း ဒေသခံများ၏ သတင်းပေးချက်အရ သွားရောက်ရှာဖွေ ဖမ်းဆီးရာ ဖန်းမောက်မြို့နယ် နောင်မလိန်းကျေးရွာအနီး တောစပ်နေရာတွင် ယာဉ်အမှတ် 5D/----- ယာဉ်နှင့် ယာဉ်အမှတ် 5C/---- ယာဉ်နှစ်စီးပေါ်မှ တရားမဝင် တမလန်းတုံး ၉၉ တုံး (၁၈ ဒသမ ၄၃၅၂ တန်)အား ရှာဖွေစစ်ဆေးတွေ့ရှိရပြီး ယာဉ်မောင်းနှင့် သစ်ပိုင်ရှင်အား ဖမ်းဆီးရမိရေး ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မော်လမြိုင်-ရန်ကုန် ရထားပေါ်တွင် ခရီးသည်အား အအေးတိုက်၍ ငွေများနှိုက်ယူ

**မော်လမြိုင် မေ ၃**

မော်လမြိုင်မှရန်ကုန် အမှတ်(၃၆) အစုန်အမြန် လူစီးရထားပေါ်တွင် မေ ၂ ရက်က အထက်တန်းတွဲ(၅)ထိုင်ခုံအမှတ်(A/1)တွင် လိုက်ပါစီးနင်းလာသော အောင်စိုးဝင်း (၂၁နှစ်)နေသူထံမှ ကပ်လျက်စီးနင်းလိုက်ပါလာသော ထိုင်ခုံအမှတ် (B/6)မှ ဦးဝင်းရွှေ (၆၁နှစ်)သည် အောင်စိုးဝင်းကို လစ်ပိုအအေးတစ်လုံးတိုက်၍ အိပ်ပျော်နေစဉ် အဝတ်အစားအိတ်ထဲမှ ငွေစက္ကူရောရော ကျပ် ၃၃၅၀၀၀ ကို နှိုက်ယူနေစဉ် တွဲပေါ်၌ လိုက်ပါစီးနင်းလာသော ခရီးသည်များကသိရှိ၍ ရထားလိုက်လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များကို အကြောင်းကြားခဲ့သည်။

ရထားလိုက် လုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက စစ်ဆေးကာ ၎င်းအိတ်ထဲမှ Samsaung ဖုန်းတစ်လုံး၊ LG ဖုန်းတစ်လုံး၊ Huawai ဖုန်းတစ်လုံး၊ ပိုက်ဆံအိတ်နှစ်အိတ်နှင့် ငွေစက္ကူရောရောပါ ငွေကျပ် ၅၉၁၃၅၀ တွေ့ရှိရပြီး ၎င်းငွေများထဲမှ ငွေကျပ် ၃၃၅၀၀၀ မှာ အောင်စိုးဝင်း အိပ်ပျော်နေစဉ် အဝတ်အစား အိတ်ထဲမှ နှိုက်ယူခဲ့ခြင်း ဖြစ်ကြောင်း ဝန်ခံထွက်ဆိုသဖြင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ၎င်းအားဖမ်းဆီးပြီး ပဲခူးဘူတာရထားရဲစခန်းသို့ အပ်နှံခဲ့ကြောင်း သိရသည်။

**တင်ထွဋ် (မော်လမြိုင်)**

# FDA မှ အမျိုးသမီးဝန်ထမ်း သတ်ဖြတ်ခံရမှု မေ ၇ ရက်တွင် အမှုကိုဆက်လက်စစ်ဆေးမည်

**ရန်ကုန် မေ ၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတွင် ဇန်နဝါရီလအတွင်းက ဖြစ်ပွားခဲ့သော FDA မှ အမျိုးသမီးဝန်ထမ်းကို အငှားယာဉ်မောင်းက သတ်ဖြတ်မှုတွင် ပြစ်မှုကျူးလွန်သူဟု စွပ်စွဲခံရသူ မျိုးဇော်ဦးအား စွဲချက်တင်ပြီးနောက် မေ ၇ ရက်တွင် အမှုကို ဆက်လက်စစ်ဆေးမည် ဖြစ်ကြောင်း သိရသည်။

အမှုဖြစ်စဉ်အကျဉ်းမှာ ဇန်နဝါရီ ၂၁ရက် နံနက် ၇ နာရီခွဲခန့်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၃၃ တိုးချဲ့ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်းပေါ်တွင် ငမိုးရိပ်ချောင်းလက်တက် ချောင်းကူးတံတားအနီး မန်ကျည်းပင်အောက်၌ အမျိုးသမီးတစ်ဦးဒဏ်ရာဖြင့် လဲကျသေဆုံးနေသည့် အကြောင်းကို တာဝန်သိပြည်သူတစ်ဦး၏ ဖုန်းဆက်အကြောင်းကြားမှုအရ ပေါ်ပေါက်လာသောအမှု ဖြစ်သည်။

လက်ရှိအချိန်တွင် အမှု၏ရောက်ရှိနေသောအပိုင်းနှင့် ပတ်သက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးမှ သတင်းနှင့် ပြန်ကြားရေးအရာရှိ တွဲဖက်ခရိုင် တရားသူကြီး ဦးထွန်းထွန်းဦးက "အမှုက တရားလိုပြသက်သေအဖြစ် ၂၄ ဦး စစ်ဆေးခဲ့ပြီး ဖြစ်ပါတယ်၊ စစ်ဆေးခဲ့တဲ့ အမှုနဲ့ ပတ်သက်ပြီးတော့ စစ်ဆေးပေါ်ပေါက်ချက်တွေ၊ သက်သေခံအရာတွေ၊ သက်သေထွက်ဆိုချက်တွေအပေါ်မှာ အမှုစစ်တရားသူကြီးက သုံးသပ်ပြီးတော့ ပြစ်မှုကျူးလွန်သူအပေါ်မှာ ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)ဂအရ စွဲချက်တင်တဲ့ အမိန့်ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်၊ အမှုကို လာမယ့် ရုံးချိန်းဖြစ်တဲ့ မေ ၇ ရက်မှာ ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မော်တော်ယာဉ်များပေါ်မှ လက်ကိုင်ဖုန်းများခိုးယူမှု ဖော်ထုတ်နိုင်

**ရန်ကုန် မေ ၃**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း သတင်းစုံစမ်းဆောင်ရွက်နေစဉ် ဧပြီ ၉ ရက်က အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ပိတောက်လမ်းပေါ်၌ ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိသူ ဇင်သူ(၁၉နှစ်)အား Samsung J2 Prime လက်ကိုင်ဖုန်းနှင့်အတူ တွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် အင်းစိန်မြို့မရဲစခန်းတွင် အမှုဖွင့်ကာ အရေးယူဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဖမ်းဆီးရမိသူ ဇင်သူအား အခြားခိုးမှု ကျူးလွန်ထားခြင်းရှိမရှိ စစ်ဆေးခဲ့ရာ ၎င်းသည် မတ်လနှင့် ဧပြီလများအတွင်းက အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မလမ်းပေါ်တွင် ရပ်ထားသော မော်တော်ယာဉ်ပေါ်မှ Kenbo လက်ကိုင်ဖုန်း၊ ယင်းနေရာအနီး၌ပင် ရပ်ထားသော မော်တော်ယာဉ်ပေါ်မှ HTC လက်ကိုင်ဖုန်း၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံလမ်းအတွင်း ရပ်ထားသော မော်တော်ယာဉ်ပေါ်မှ Samsung လက်ကိုင်ဖုန်းများ ခိုးယူသည်ကို စစ်ဆေးသိရှိရသည်။

ထို့ပြင် အခြားမော်တော်ယာဉ်များပေါ်မှ လက်ကိုင်ဖုန်းများ ခိုးယူရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ ဇင်သူအား သက်ဆိုင်ရာမြို့မရဲစခန်းများတွင် အမှုများ အသီးသီးရေးဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိပြီး အမှုများမှ သက်သေခံ လက်ကိုင်ဖုန်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# ပန်းထိမ်မှ ရွှေထည်များ ယူဆောင်ထွက်ပြေးသူများကို ဖမ်းဆီး

**ကြို့ပင်ကောက် မေ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ဈေးချိုတောင်ရပ်ကွက် ကသည်းတန်းလမ်းရှိ ဦးမိုးကျော် နေအိမ် ပန်းထိမ်လုပ်ငန်းတွင် စက်ဖြတ်လုပ်ငန်း လုပ်ကိုင်ရန် ခေါ်ယူစေခိုင်းထားသူနှစ်ဦးမှာ မတ် ၁၉ ရက်က စက်ဖြတ်ရန် အပ်နှံထားသော ရွှေထည်ပစ္စည်းမျိုးစုံ ၅ ကျပ်သား ၇ ပဲ ၅ ရွေးတစ်ခြမ်း ကာလတန်ဖိုး ငွေကျပ် ၄၉၅၀၀၀၀ ခန့်အား ယူဆောင်ထွက်ပြေးကြောင်း ပန်းထိမ်လုပ်ငန်းရှင်က ကြို့ပင်ကောက်မြို့မရဲစခန်းသို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ရဲအုပ် မြင့်မိုး ဦးဆောင်သော တပ်ဖွဲ့ဝင်များက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် ရန်ကုန်တိုင်း ဒေသကြီး သာကေတမြို့နယ်တွင် ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် သာကေတ မြို့မရဲစခန်း နယ်ထိန်းအဖွဲ့နှင့် ချိတ်ဆက်ပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၂ ရက်ညနေ ၆ နာရီခွဲတွင် သက်သေခံပစ္စည်းများနှင့်အတူ တရားခံ ကျော်ထက်လှိုင်နှင့် အောင်ခန့်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ကြို့ပင်ကောက်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**





# ရေပူနှင့်မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ ထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၉၇ စီး၊ သွင်းကုန် ၉၂၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၃ စီး ၊ သွင်းကုန် အစီး ၂၂၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၂ သန်းခန့်၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၀၉၂ သန်းခန့် စုစုပေါင်းတားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၆၁၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Smart Green Powder Coating ၂၀ ကီလိုဂရမ် ၂၀ ဗာ၊ Chain Saw သုံးခု၊ တံခါးချိတ် ၃၅ ကီလိုဂရမ် ၉ ဗာ၊ Chain Saw Accessories ၁၀ ခု ၊ Circular Saw ခြောက်ခုနှင့် တံခါးပတ္တာ ၂၅ ကီလိုဂရမ် ၁၅ ဗာ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်နေရာအတွက် ဂျာမန်လူမျိုး အန်တိုနီဟေးနှင့် အကြိုသဘောတူညီထား



**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လစ်လပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်နေရာအတွက် အကြိုသဘောတူညီမှုရထားသည့် ဂျာမန်လူမျိုး အန်တိုနီဟေးနှင့်အဖွဲ့သည် ယနေ့ နံနက်က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခင်နည်းပြ ဂျာမန်လူမျိုး ဂတ်ဖရိုင်းဒရစ်နှင့် လမ်းခွဲပြီးနောက်ပိုင်း နည်းပြသစ်နေရာအတွက် လာရောက်လျှောက်ထားသူ ၇၀ ဝန်းကျင်မှ ပြန်လည်စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ နည်းစနစ်ဒါရိုက်တာနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မြင့်အောင်တို့သည် အန်တိုနီဟေးနှင့်အဖွဲ့အား အပြီးသတ်စာချုပ် ချုပ်ဆိုရန်၊ နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်မည့် အခြေအနေတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ အန်တိုနီဟေးနှင့်အတူ လက်ထောက်နည်းပြအဖြစ် ဟာလက်၊ ဂိုးနည်းပြအဖြစ် ကာစတန်ဟာဇော့တို့လည်း လိုက်ပါလာပြီး စာချုပ်ကိစ္စအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။ အန်တိုနီဟေးသည် ၂၀၀၄ ခုနှစ်တွင် နည်းပြဘဝသို့ စတင်ကူးပြောင်းခဲ့ပြီး အာဖရိကအသင်းများကို အများဆုံးကိုင်တွယ်ခဲ့ကာ လီဆိုသို၊ ဂမ်ဘီယာ၊ လိုင်ဘေးရီးယား၊ ကင်ညာ၊ ရဝမ်ဒါလက်ရွေးစင်အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးကာ မြန်မာအသင်းကို ကိုင်တွယ်ပါက အာရှအသင်းများကို ပထမဆုံးကိုင်တွယ်မှု ဖြစ်လာမည်ဖြစ်သည်။ ၎င်းသည် ကစားသမားဘဝတွင် ဂျာမနီ၊ အင်္ဂလန်ကလပ်အသင်းများတွင် ကစားခဲ့ဖူးကြောင်း သိရသည်။ အန်တိုနီဟေးသည် မြန်မာ့လက်ရွေးစင်အသင်းကို ကိုင်တွယ်ပါက ယခုနှစ်အတွင်း အာရှအားကစားပြိုင်ပွဲနှင့် ဆူဇူကီးဖလားပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အန်တိုနီဟေးနှင့်အတူ လက်ထောက်နည်းပြတစ်ဦး၊ ဂိုးနည်းပြတစ်ဦးတို့ကိုပါ ခန့်အပ်မည်ဖြစ်ပြီး မြန်မာလက်ထောက်နည်းပြတစ်ဦးအား ပူးတွဲတာဝန်ပေးအပ်မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်၊ ဓာတ်ပုံ-MFF**

## မြန်မာ့ရုပ်မြင်သံကြား


**၄-၅-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈:၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ကချင်ပြည်နယ်- မြစ်ကြီးနား)
- ၉:၁၀ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၁:၂၀ - အလုပ်သမားရေးရာအစီအစဉ်
- ၁၁:၅၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **မွေချက်ကတော့ လွန်လွန်းတယ်** နေတိုး၊ သက်မွန်မြင့် ယွန်းရွှေရည် ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)
- ၁၂:၃၀ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနွံ** (အပိုင်း-၁၈) မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော် ဒါရိုက်တာ-အောင်ဩဘာ
- ၁၃:၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-I) (ဘားအံမြို့) (တတိယပိုင်း)

**ညပိုင်း**

- ၁၅:၅၀ - **(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံပိတ်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**
- ၁၇:၃၀ - ကျန်းမာရေးမဂ္ဂဇင်း **အသည်းရောဂါအကြောင်း သိကောင်းစရာ**
- ၁၈:၂၀ - ရုပ်ရှင်ရိုက်မယ် (အပိုင်း-၁၂) (ဒုတိယမျက်နှာ၊ ခြားနားခြင်း)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (မွန်ပြည်နယ်)
- - America's Got Talent
- - ဟာသရုပ်စုံစင်တော်ကြီး **မင်္ဂလာဆောင်** သရုပ်ဖော်-ပန်းသီး၊ ဇီးသီး၊ ကြယ်သီး၊ အာလူး၊ ဇောက်ထိုး




### အမှန်ဖတ်ရှုပါရန်

၃-၅-၂၀၁၈ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆)ပါ လက်ထပ်ပြီးစီးခြင်း ကြော်ငြာတွင် ဦးရင်ထွေး-ဒေါ်အေးသွယ်တို့၏ သမီးကြီး အစား ဦးရင်ထွေး-ဒေါ်အေးအေးသွယ်ဟု အမှန်ဖတ်ရှုပါရန်။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/5801၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်8L/9540,SEIN TUN L/T (S.T.03)p/u(4×2)Rယာဉ်လက်ဝယ်ရှိသူ ဦးသက်လွင်မောင် ၁၂/ထတပ(နိုင်)၀၀၄၇၉၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/6528, Toyota Wish ZNE10 S/W (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်းအောင် ၈/ပဖန(နိုင်)၀၁၁၁၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/1128, Nissan ADVAY12, S/W(4x2)®ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့် ၁၂/ဗဟန(နိုင်)၀၃၇၇၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

### ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

**၁၃၈၀ပြည့်နှစ် ကဆုန်လဆန်း ၁၂ရက်**
**၂၀၁၈ခုနှစ် ဧပြီ ၂၆ ရက်**

၁။ ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) ဆောင်ရွက်မည့် ကျပ် (၁၀)သိန်းအထက်လုပ်ငန်း(၁၆)ခုအား ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းမည့်ရက်** - ၂၆-၄-၂၀၁၈ရက် (ကြာသပတေးနေ့)
(ခ) **တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်** - ၉-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀နာရီ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်** - ၁၄-၅-၂၀၁၈ရက်၊ နံနက် ၁၀နာရီ
(ဃ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကဝမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၂၆-၄-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**ဖုန်း-၀၉-၉၆၄၆၃၃၇၀၀၊ ၀၉-၉၇၃၃၀၀၃၆၃၊ ၀၉-၅၃၀၂၁၅၈**

### ပျောက်ဆုံးကြောင်း

ဦးကျော်သန်း(၁၂/လမန(နိုင်)၀၇၉၃၀၆)၏ ID 793605 (13/12/2014) မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၆၇၉၂၉၄၄၂

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ၊ အမက(၁၂)၊စတုတ္ထတန်းမှ ဦးသန်းထွန်း- ဒေါ်ခင်မေသောင်းတို့၏ သမီး မနန်းအိဝါအား မအေးဆွေဇင်ခင်ဟု ပြောင်းလဲခေါ်ပါရန်။

### မသက်ဆိုင်တော့ပါကြောင်း

ကျွန်တော် မောင်သောင်းထွန်း (ဘ)ဦးလှသောင်း၁၂/တကန(နိုင်)၀၂၄၆၃၇ ၏ ဇနီးဖြစ်သူ မထက်မွန်ခိုင် (ဘ) ဦးစံသိန်း ၁၄/ဟသတ(နိုင်)၃၁၄၆၇၂သည် ၂၀-၆-၂၀၁၆ရက်မှစ၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီး ယနေ့အထိ ပြန်လည်ရောက်ရှိခြင်း မရှိပါသဖြင့် ကျွန်တော်နှင့် လုံးဝ(လုံးဝ)မသက်ဆိုင်တော့ပါကြောင်း၊ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မောင်သောင်းထွန်း**
**၁၂/တကန(နိုင်)၀၂၄၆၃၇**

### ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့ တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

**၁၃၈၀ပြည့်နှစ်၊ နယုန်လဆန်း ၇ရက်**
**၂၀၁၈ခုနှစ်၊ မေလ ၃ရက်**

တောင်ငူခရိုင်၊ တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ခု ဧပြီ လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီးအစိုးရထောက်ပံ့ ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်း(၁၈)ခုအား ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

**တင်ဒါအဆိုပြုလျှောက်လွှာရောင်းချမည့်ရက်** - ၃-၅-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ
**တင်ဒါအဆိုပြုလျှောက်လွှာပိတ်မည့်ရက်** - ၁၇-၅-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ
**အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၇-၅-၂၀၁၈ရက်၊ ညနေ၄နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်၊ နေရာ** - ၁၈-၅-၂၀၁၈ရက်၊ နံနက် ၉နာရီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တောင်ငူမြို့

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တောင်ငူမြို့နယ်စည်ပင်သာ ယာရေးအဖွဲ့တွင် ၃-၅-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၃၀၅၂**

### ကန့်ကွက်နိုင်ပါကြောင်း

ဇွန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၄၂)၊ ဦးပိုင်အမှတ်(၁၇+ ၁၈)၊ မြေဧရိယာ၁ဒသမ ၅၂၇ ဧက၊ ဦးမျိုးတင့်အမည်မှ ဦးမျိုးတင့်-ဒေါ်လှဝင်း ၁/ဗမန(နိုင်)၀၀၇၉၇၅ အမည် ဖြည့်စွက်ဂရန်သက်တမ်းတိုးလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးမျိုးတင့်-ဒေါ်လှဝင်း**
**ပေါက်ကုန်းရပ်ကွက်၊ဇွန်းမော်မြို့**

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ရွှေပြည်အေးမြို့၊ (၃)ရပ်ကွက်၊ အထက အင်္ဂမတန်းမှ မောင်အောင်မင်းထက်၏ဖခင် ဦးဌေးနိုင် ၈/မမန(နိုင်)၁၃၁၃၉၈ နှင့် ဦးဝင်းနိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်**

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ရွှေပြည်အေးမြို့၊ (၃)ရပ်ကွက်၊ အထက သတ္တမတန်းမှ မောင်ရှိန်းထက် အောင်၏ဖခင် ဦးဌေးနိုင် ၈/မမန(နိုင်)၁၃၁၃၉၈နှင့် ဦးဝင်းနိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်**

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်ကျေးရွာနေ ဦးအောင်ကျော်သူ-ဒေါ်သီတာကြည်ဖြူ တို့၏သား အထက (ညောင်ခြေထောက်) ဆဋ္ဌမတန်း(A)မှ မောင်ပီဖိုင်းဖိုလ်အား မောင်အောင်ရဲရင့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ရဲရင့်**

### ဖြည့်စွက်ဖတ်ရှုပါရန်

၂၉-၄-၂၀၁၈ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၅)တွင် ပါရှိသော ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ပုသိမ်အကွက်အမှတ်၆၇တွင် ဂရန်မြေကို ဦးသိန်းထူး၊ ဒေါ်စန်းရီ အမည်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

### (၁-၅-၂၀၁၈)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာ စာမျက်နှာ(၁၃)တွင် ပါရှိသော ဒေါ်ခင်အေး ၁၂/ဥကတ(နိုင်)၀၆၉၉၂၀၏ကြေညာချက်သည်မှန်ကန်မှုမရှိပါ၍ ရှင်းလင်းကြေညာခြင်း

ကန်ထရိုက်တာ ဦးကျော်ကျော်နှင့် ဒေါ်ခင်အေးတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ် ၁၀၀၄/ခ၊ မြေအကျယ်ပေ(၂၀×၆၀)ရှိ မြေကွက်ပေါ်တွင် အခန်းပေးအခန်းယူစနစ်ဖြင့် ခြောက်ထပ်တိုက်ဆောက်လုပ်ရန် သဘောတူညီခဲ့ပြီး ထိုခြောက်ထပ်တိုက်၏မြေညီထပ်၊ ငါးလွှာ အခန်း(၂)ခန်းနှင့် ကန်ထရိုက်တာထံမှ အလိုက်ငွေကျပ် သိန်း(၂၀၀)တိတိကို ဒေါ်ခင်အေးမှ လက်ခံရယူပြီးဖြစ်ပါသည်။ ဆောက်လုပ်ခွင့်ပါမစ်ကျ၍ အဆောက်အအုံတည်ဆောက်ခဲ့ရာတွင် လကျော်သွားသည့်အတွက် ဒေါ်ခင်အေးထံသို့ အိမ်လစာများပေးအပ်ကာ မြေရှင်၊ ကန်ထရိုက်တာနှင့် တိုက်ခန်းဝယ်ယူထားသူများရှေ့၌ပင် နောက်ဆက်တွဲစာချုပ်ချုပ်ဆိုခဲ့ပြီး ထိုစာချုပ်၌ သဘောတူညီထားသည့်အတိုင်း ငွေကျပ်(၁၀)သိန်းပေးအပ်ရမည့်နေ့တွင် ငွေမပြည့်သောကြောင့် ငွေကျပ်ကိုးသိန်းကို ဒေါ်ခင်အေးထံ ပေးအပ်ခဲ့ပြီး နောက်လတွင် ငွေကျပ်(၁၁)သိန်းပေးရန် (၇)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံပေးအပ်ရာ ဒေါ်ခင်အေးမှ လက်မခံခဲ့ခြင်းသာဖြစ်ပါသည်။ ကန်ထရိုက်တာသည် ခြောက်ထပ်တိုက် တစ်တိုက်လုံးပြီးစီးအောင် တိုက်ခန်းဝယ်ယူထားသူများနှင့် ပူးပေါင်းဆောင်ရွက်သဖြင့် တိုက်တစ်တိုက်လုံး အချောသပ်ပြီးစီးပြီး လူနေထိုင်ခွင့်အတွက် လျှပ်စစ်ဌာန၊ ရေသန့်ဌာနနှင့် မီးသတ်ဌာနသို့ တင်ပြလျှောက်ထားပြီးဖြစ်ရာ ၄-၄-၂၀၁၈ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ BCC အဖွဲ့ကြီးလမ်းကြောင်းအတွက် လာရောက်စစ်ဆေးခဲ့ပါသည်။ အထက်ဖော်ပြပါတိုက်သည် ကန်ထရိုက်တာ၏လက်ဝယ်၌ရှိပြီး မည်သူမျှခွင့်ပြုချက်မရဘဲ ကျူးကျော်နေထိုင်ခြင်း၊ သော့ရိုက်ဖျက်ခြင်းများ မပြုလုပ်ရန် စာများကပ်ထားပြီးဖြစ်သည်။ ကန်ထရိုက်တာသည် ဒေါ်ခင်အေးနှင့်ချုပ်ဆိုသော ပဋိညာဉ်စာချုပ်များအားပျက်ကွက်မှု လုံးဝမရှိဘဲ ဆောင်ရွက်နေသည်ကို ဒေါ်ခင်အေးမှ အများသိစေရန် ကြေညာခဲ့ခြင်းသည် မှန်ကန်မှုမရှိပါကြောင်းနှင့် တိုက်ခန်းများ သည် ကန်ထရိုက်တာ၏လက်ဝယ်၌ရှိသော တိုက်ခန်းများသာဖြစ်ကြောင်းနှင့် ကျူးကျော်ဝင်ရောက်နေထိုင်သူများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်သီဂီအေး**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၉၆)**
**အမှတ် ၇၆၂၊ သုဇိတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

# ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက်ကင်းရှင်းရေးတွင် တရုတ်နိုင်ငံက ပါဝင်ကူညီမည်

**ပေကျင်း မေ ၃**

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ကိုရီးယားကျွန်းဆွယ်ပေါ်တွင် နျူကလီးယားလက်နက် ကင်းရှင်းရေး အကောင်အထည်ပေါ်လာစေရန် မြောက်ကိုရီးယားနိုင်ငံ၏ ကြိုးပမ်းမှုကို တရုတ်နိုင်ငံက အပြည့်အဝအားပေးကူညီသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဝမ်သည် ဗုဒ္ဓဟူးနေ့က မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုနှင့် ပြုံယမ်း၌ တွေ့ဆုံခဲ့သည်။ ၎င်းတို့နှစ်ဦးသည် လာမည့် ရက်သတ္တပတ်တွင် ကျင်းပမည့် အမေရိကန် - မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲ မတိုင်မီ အတူတကွ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် အတည်ပြုခဲ့ကြသည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များ ရပ်ဆိုင်းသွားရေးအတွက် နိုင်ငံရေးအရ အဖြေရှာဖွေရာတွင် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ဆက်လက်ပါဝင်သွားမည်ဖြစ်သည်ဟု ဝမ်က အလေးအနက်ပြောကြားခဲ့သည်။

ဝမ်၏ ပြောဆိုမှုကို မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးရီက မြောက်ကိုရီးယားသည် ကိုရီးယားကျွန်းဆွယ်ပေါ်တွင် နျူကလီးယားလက်နက် ကင်းရှင်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့တွင် တရုတ်နိုင်ငံနှင့် နီးနီးကပ်ကပ်ပူးပေါင်း ဆက်သွယ်သွားမည်ဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် စီးပွားရေးနှင့် ကုန်သွယ်ရေးတို့တွင် မြောက်ကိုရီးယားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားလိုသည်ဟုလည်း ဝမ်က ပြောကြားခဲ့သည်။ မြောက်ကိုရီးယားသို့ အလည်အပတ်ရောက်ရှိနေသည့် နှစ်ရက်ကြာ ခရီးစဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**






## ဆီးရီးယား၌ ရုရှားတိုက်လေယာဉ်ပျက်ကျရာ လေယာဉ်မှူးများသေဆုံး

**ဒမတ်စကတ် မေ ၃**

ဆီးရီးယားရှိလေတပ် အခြေစိုက်စခန်းမှ ပျံတက်စဉ် ရုရှားတိုက်လေယာဉ်တစ်စင်းသည် ကြာသပတေးနေ့တွင် ပျက်ကျမှု ဖြစ်ပွားခဲ့ရာ လေယာဉ်မှူးများ သေဆုံးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါ အက်စ်ယူ-၃၀ အက်စ်အမ် တိုက်လေယာဉ်သည် မြေထဲပင်လယ်ထဲသို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နောက်ဆုံးချိန်အထိ လေယာဉ်ပျက်ကျသော အခြေအနေကို အကောင်းဆုံးထိန်းချုပ်ခဲ့ကာ လေယာဉ်မှူးများ သေဆုံးခဲ့ရကြောင်း သိရသည်။

လေယာဉ်မှာ မီးလောင်ကျွမ်းမှု မဖြစ်ခဲ့ကြောင်း၊ လေယာဉ်အင်ဂျင်ထဲသို့ ငှက်မတော်တဆဝင်ရောက်မိသောကြောင့် ပျက်ကျခြင်းဖြစ်နိုင်ကြောင်း ကနဦး သတင်းဖော်ပြချက်များအရ သိရသည်။

ဆီးရီးယားတွင် ရုရှား စစ်ဘက်ဆိုင်ရာ အရာရှိ စုစုပေါင်း ၈၆ ဦးအထိ သေဆုံးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ကနေဒါ ပါလီမန်အမတ်တစ်ဦး ပါလီမန်ရုံးတော်၌ နှလုံးရောဂါဖြင့် ရုတ်တရက်သေဆုံး

**အော့တဝါ မေ ၃**

ကနေဒါ ပါလီမန်အမတ် ဂေါ့ဒ်ဘရောင်းသည် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ပါလီမန်၌ ရှိနေစဉ် ရုတ်တရက် နှလုံးရောဂါဖောက်၍ သေဆုံးခဲ့ကြောင်း သိရသည်။

အသက် ၅၇ နှစ်ရှိပြီဖြစ်သည့် ဘရောင်းသည် ၂၀၀၄ ခုနှစ်မှ စတင်ကာ ကွန်ဆာဗေးတစ် ပါလီမန် အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။ ဘရောင်းကို အော့တဝါရှိ ၎င်း၏ရုံး၌ သေဆုံးလျက်တွေ့ရှိခဲ့ရပြီး နှလုံးရောဂါ ရုတ်တရက် ထဖောက်ကာ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ယူဆရသည်။

ဘရောင်းသည် ကွန်ဆာဗေးတစ်ပါတီက အားထားရသူတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ပါလီမန်အဖွဲ့အစည်းအချို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

**ဆင်ဟွာ**



ကနေဒါ ပါလီမန်လွှတ်တော်အမတ် ဂေါ့ဒ်ဘရောင်း

## လစ်ဗျားရွေးကောက်ပွဲ ကော်မရှင်ရုံးချုပ်ကို အစ္စလာမ္မစ် စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် ၁၂ ဦး သေဆုံး

**ထရီပိုလီ မေ ၃**

လစ်ဗျားရှိ ရွေးကောက်ပွဲကော်မရှင်ရုံးချုပ်ကို လက်နက်ကိုင်စစ်သွေးကြွတစ်စုက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရုံးဝန်ထမ်းများအပါအဝင် ၁၂ ဦး သေဆုံးသွားကြောင်း သိရသည်။ အစ္စလာမ္မစ် စစ်သွေးကြွအုပ်စုက ယင်းတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သည်ဟု ပြောကြားခဲ့သည်။

### ဖော်ပြထား

လစ်ဗျားကြားဖြတ်အစိုးရအဖွဲ့က သေနတ်သမားတစ်စုတို့သည် မြို့တော်ထရီပိုလီရှိ အဆောက်အအုံကို ဗုဒ္ဓဟူးနေ့က ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြသည်ဟု ဖော်ပြထားသည်။

### အစည်းအဝေးတစ်ရပ် ခေါ်ယူခဲ့

လစ်ဗျား ဝန်ကြီးချုပ် ဖာရက်ဇ် အယ်လ်ဆာရက်ဂျ်က လုံခြုံရေးအာဏာပိုင်များကို အရေးပေါ်အစည်းအဝေးတစ်ရပ်ခေါ်ယူခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် လစ်ဗျားနိုင်ငံ၏ ဒီမိုကရေစီ ဖြစ်စဉ်ကို နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်သည့် အကြမ်းဖက်တိုက်ခိုက်မှုတစ်ခု ဖြစ်ကြောင်း ၎င်းကထုတ်ဖော် ပြောကြားခဲ့သည်။

အိုင်အက်စ် အစွန်းရောက်စစ်သွေးကြွအုပ်စုက ၎င်း၏ တိုက်ခိုက်ရေးအဖွဲ့သားများသည် ရွေးကောက်ပွဲရုံးချုပ်ကို ပစ်မှတ်ထားကာ တမင်တိုက်ခိုက်မှု လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု အွန်လိုင်းပေါ်တွင် ဖော်ပြခဲ့ကြောင်းသိရသည်။

လစ်ဗျားနိုင်ငံသည် မွမ်မာ ကဒါဖီအစိုးရကိုဖြုတ်ချခဲ့သည့် ၂၀၁၁ ခုနှစ်မှစတင်ကာ ဆူပူအုံကြွမှုဖြစ်ပွားခဲ့သည်။ ကြားဖြတ်အစိုးရသည် ယခုနှစ်ကုန်ပိုင်းလောက်တွင် သမ္မတရွေးကောက်ပွဲနှင့် ပါလီမန်ရွေးကောက်ပွဲများကျင်းပရန် စီစဉ်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဆော်ပေါလိုမြို့လယ် အစိုးရအဆောက်အအုံဟောင်းတစ်ခုမီးလောင်မှုတွင် လူ ၄၄ ဦး ပျောက်ဆုံးနေ

**ဆော်ပေါလို မေ ၃**

ဘရာဇီးအရှေ့တောင်ပိုင်း ဆော်ပေါလိုမြို့လယ်ရှိ စွန့်ပစ်ထားသော ၂၆ ထပ် ရုံးအဆောက်အအုံဟောင်းတစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ မေ ၂ ရက်အထိ လူပေါင်း ၄၄ ဦး ပျောက်ဆုံးနေကြောင်း ဒေသခံအာဏာပိုင်များက ပြောခဲ့သည်။

### ရုတ်တရက် ပြိုကျခဲ့

ရဲတပ်ဖွဲ့ ရုံးချုပ်ဟောင်းဖြစ်သည့် အဆိုပါ The Wilton Paes de Almeida အဆောက်အအုံ၌ မေ ၁ ရက်အစောပိုင်းက မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး တစ်နာရီခွဲခန့်အကြာတွင် ရုတ်တရက်ပြိုကျခဲ့ခြင်းဖြစ်သည်။ အဆိုပါ အဆောက်အအုံတွင် အိမ်ခြေမဲ့ မိသားစု ၁၄၀ ကျော်ခန့်နေထိုင်ပြီး ခန့်မှန်းခြေလူစုစုပေါင်း ၃၇၂ ဦးရှိနိုင်ကြောင်း တာဝန်ရှိသူများက ပြောခဲ့သည်။

မီးသတ်သမား ၁၀၀ ကျော်သည် အပျက်အစီးများအောက်တွင် နစ်မြုပ်နေသော လူများအား ရှာဖွေရန် အပူအာရုံခံစနစ်များပါဝင်သည့် ကင်မရာများ တပ်ဆင်ထားသော ဒရုန်းလေယာဉ်များဖြင့် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေကြောင်း သိရသည်။

မည်သည့်အတွက်ကြောင့် အဆောက်အအုံ မီးလောင်ခြင်းဖြစ်ကြောင်း မသိရသေးချေ။ **ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### အစ္စလာမ္မာဘတ်လေဆိပ်သစ်ကို စတင်ဖွင့်လှစ်မည်

**အစ္စလာမ္မာဘတ် မေ ၃**

ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမ္မာဘတ်၌ နိုင်ငံတကာလေဆိပ်သစ်တစ်ခုကို တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အင်္ဂါနေ့က အခမ်းအနားဖွင့်ပွဲ၌ မိန့်ခွန်းပြောဆိုခဲ့ရာတွင် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဟစ်ခါကန် အဘာစီက လေကြောင်းကုမ္ပဏီသည် ကြီးမားသည့် အပြောင်းအလဲများကို ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

အစ္စလာမ္မာဘတ် နိုင်ငံတကာလေဆိပ်တည်ဆောက်မှုကို ၂၀၀၇ ခုနှစ်က စတင်ခဲ့သည်။ သို့သော် အစိုးရဆိုင်ရာ အပြောင်းအလဲများနှင့် အခြားသော အကြောင်းပြချက်များကြောင့် နိုင်ငံတကာလေဆိပ်တည်ဆောက်မှုမှာ အလွန်နှောင့်နှေးကြန့်ကြာခဲ့ရသည်။ လေဆိပ်အဆောက်အအုံ တည်ဆောက်ရန် ဒေါ်လာသန်း ၉၀၀ ခန့် ကုန်ကျခဲ့သည်။

နှစ်စဉ်ခရီးသည်အရေအတွက် ၉ သန်းခန့်ကို ဝန်ဆောင်မှုပေးနိုင်မည့် လေဆိပ်ကို တရုတ်နိုင်ငံပိုင်ကုမ္ပဏီနှင့် ပါကစ္စတန်စစ်ဘက်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းတည်ဆောက်ခဲ့သည်။ တရုတ်နိုင်ငံက ဆောက်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကို တာဝန်ယူဆောင်ရွက်ခဲ့သည်။ လေဆိပ်ကိုကြာသပတေးနေ့တွင် စတင်လည်ပတ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ဒိုမီနီကန်သမ္မတနိုင်ငံက တရုတ်(တိုင်ပေ)နှင့် ဆက်ဆံရေးဖြတ်တောက်

**တရုတ်(တိုင်ပေ) မေ ၃**

ဒိုမီနီကန်သမ္မတနိုင်ငံက တရုတ်(တိုင်ပေ)နှင့် ဆက်ဆံရေးဖြတ်တောက်လိုက်ကြောင်း ကြေညာခဲ့သည်။

တရုတ်(တိုင်ပေ)မီဒီယာက တရုတ်နိုင်ငံအပေါ် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပြီး တရုတ်အစိုးရသည် ဒိုမီနီကန်သမ္မတနိုင်ငံသို့ အမေရိကန်ဒေါ်လာ သုံးဘီလီယံကို ချေးငွေအဖြစ်ပေးအပ်ရန် ကတိပြုခဲ့ကြောင်း ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ၎င်း၏ ဒိုမီနီကန်ဆွေးနွေးဖက် မီဂူရယ်ဗာဂတ်စ်တို့သည် အင်္ဂါနေ့က ပေကျင်း၌ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပခဲ့ပြီး တရုတ်နှင့် ဒိုမီနီကန်တို့ သံတမန်ဆက်ဆံရေးထူထောင်လိုက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်အစိုးရသည် ရထားလမ်းတည်ဆောက်ရေးနှင့် အဝေးပြေးလမ်းများအပါအဝင် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဒေါ်လာ သုံးဘီလီယံကို ချေးငွေအဖြစ် ပေးအပ်သွားရန် ကတိပြုလိုက်ကြောင်း တရုတ် (တိုင်ပေ)အာဏာပိုင်များ၏ ပြောကြားချက်ကို တရုတ်(တိုင်ပေ) မီဒီယာက ကိုးကားဖော်ပြခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အခွန်စည်းကြပ်မှုတွေကနေ အမြဲတမ်းကင်းလွတ်ခွင့်ကို ဥရောပသမဂ္ဂတောင်းဆို

**ကလျာမိုးမြင့်**




သံမဏိနဲ့ အလူမီနီယံတင်ပို့ကုန်တွေအပေါ်မှာ အမေရိကန်ပြည်ထောင်စုရဲ့ အခွန်စည်းကြပ်မှုကနေ ဥရောပသမဂ္ဂကို ဇွန် ၁ ရက်အထိ ကင်းလွတ်ခွင့်ပေးဖို့ အချိန်ကာလ ရွှေ့ဆိုင်းပေးလိုက်တဲ့ အိမ်ဖြူတော်ရဲ့ ကြေညာချက်ကို တုံ့ပြန်တဲ့အနေနဲ့ ဥရောပသမဂ္ဂက အခွန်စည်းကြပ်မှုကို ယာယီမဟုတ်ဘဲ အမြဲတမ်း ကင်းလွတ်ခွင့်ပေးလိုက်ဖို့ တောင်းဆိုလိုက်တယ်လို့ သိရပါတယ်။ ပြီးတော့ ဒါကို ခြိမ်းခြောက်မှုတွေနဲ့ ညှိနှိုင်းဆွေးနွေးလို့ မရနိုင်ဘူးလို့လည်း ပြောကြားလိုက်ပါတယ်။

### အမျိုးသားလုံခြုံရေးဆိုင်ရာ အခြေအနေတွေအပေါ်မူတည်ပြီး အခွန်စည်းကြပ်လို့မရ

အမေရိကန်ရဲ့ဆုံးဖြတ်ချက်ဟာ ဈေးကွက်ဆိုင်ရာ မတည်ငြိမ်မှုတွေကို ရှည်ကြာစေပြီး စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်တွေကိုလည်း သက်ရောက်အောင် လုပ်နေပါတယ်။ ဥရောပသမဂ္ဂအနေနဲ့ ယခုလို အခွန်စည်းကြပ်တဲ့ ဆောင်ရွက်မှုတွေကနေ လုံးဝအပြည့်အဝ ကင်းလွတ်ခွင့်ရသင့်တာဖြစ်ပြီး ဒီလိုအခွန်စည်းကြပ်တဲ့ ဆောင်ရွက်မှုကို အမျိုးသားလုံခြုံရေးဆိုင်ရာ အခြေအနေတွေအပေါ်မူတည်ပြီး ဆုံးဖြတ်လို့မရဘူးလို့ အခွန်စည်းကြပ်မှု ယာယီရွှေ့ဆိုင်းခဲ့ပြီးနောက်မှာ ဥရောပသမဂ္ဂက ဖော်ပြခဲ့ပါတယ်။

အမေရိကန်ရဲ့ ကာလကြာရှည်မိတ်ဖက်ဖြစ်ခဲ့ပြီး ရင်းနှီးစွာဆက်ဆံလာခဲ့တဲ့ ကုန်သွယ်ရေးနိုင်ငံတစ်ခုအနေနဲ့ ကျွန်ုပ်တို့ကို ခြိမ်းခြောက်မှုတွေနဲ့ ညှိနှိုင်းဆွေးနွေးလို့ မရနိုင်ဘူး။ အနာဂတ်မှာဆောင်ရွက်မယ့် အတ္တလန္တိတ်ဖြတ်ကျော်တဲ့ လုပ်ငန်းအစီအစဉ်မှန်သမျှဟာ ညီညွတ်မျှတစွာရှိနေရမှာဖြစ်ပြီး အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းနေရမှာ ဖြစ်တယ်လို့ ဖော်ပြချက်မှာ ဥရောပသမဂ္ဂက ပြောဆိုထားပါတယ်။

### နှစ်ဦးနှစ်ဖက် အပြန်အလှန်စွပ်စွဲ

အမေရိကန်ပြည်ထောင်စုက ဥရောပသမဂ္ဂကို သာတူညီမျှမှုမရှိတဲ့ အခွန်စည်းကြပ်မှုတွေနဲ့ အမေရိကကို အခွင့်ကောင်းယူတယ်လို့ စွပ်စွဲထားပြီး ဥရောပသမဂ္ဂကတော့ အမေရိကကို ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာ ကြည့်လွန်းတဲ့သူ၊ ငွေညှစ်နေတဲ့သူအဖြစ် အပြန်အလှန်စွပ်စွဲပါတယ်။ ဒီလိုနဲ့ပဲ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂကြား နက်နက်ရှိုင်းရှိုင်းဖြစ်လာတဲ့ ကုန်သွယ်ရေးအဆင့်အတန်းကြောင့် အတ္တလန္တိတ်ဖြတ်ကျော်ဆက်ဆံမှု ဂုဏ်ကျက်သရေဟာလည်း မကြာသေးခင်ကပဲ မှေးမှိန်ပျောက်ကွယ်လာပါတယ်။

၂၀၁၇ ခုနှစ်မှာ နိုင်ငံပေါင်း ၂၈ နိုင်ငံပါဝင်တဲ့ အစိုးရအဖွဲ့ဟာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၉ ဘီလီယံခန့် တန်ဖိုးရှိတဲ့ သံမဏိတင်ပို့ကုန်တွေကို အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ခဲ့ပြီး ၁ ဒသမ ၂၅ ဘီလီယံဒေါ်လာတန်ဖိုးရှိတဲ့ အလူမီနီယံတွေကို တင်ပို့ကာ အမေရိကန်ပြည်ထောင်စုသို့ ထိပ်တန်းအဆင့် သံမဏိတင်ပို့သူဖြစ်လာခဲ့ပြီး အလူမီနီယံတင်ပို့မှုငါးခုမြောက် အကြီးဆုံးတင်ပို့သူဖြစ်လာခဲ့ပါတယ်။

### ကြိုးပမ်းမှုတွေ အရာမထင်ဖြစ်ခဲ့

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မတ်လအစောပိုင်းမှာ အခွန်စည်းကြပ်မှုအစီအစဉ်ကို ကြေညာလိုက်တဲ့ အချိန်ကစပြီး ဥရောပသမဂ္ဂဟာ အမြဲတမ်းအခွန်ကင်းလွတ်ခွင့်ရရှိဖို့ ကြိုးစားနေခဲ့တာပါ။ ပြီးခဲ့တဲ့ရက်သတ္တပတ်က ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နဲ့ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့ဟာ အတ္တလန္တိတ်ဖြတ်ကျော် ကုန်သွယ်ရေးကိစ္စရပ်တွေအပေါ် သပိတ်မှောက်ဖို့အတွက် ဝါရှင်တန်ကို သွားရောက်ခဲ့တယ်။ ဒါပေမယ့် လက်ဗလာနဲ့ ပြန်လာခဲ့ရတာပါပဲ။

အမေရိကန် ပြည်ထောင်စုဟာ ဥရောပသမဂ္ဂ သို့မဟုတ် အခြားနိုင်ငံတွေအပေါ်မှာ ကုန်သွယ်ရေးအရစည်းကြပ်ဆောင်ရွက်မှု မလုပ်သင့်ပါဘူး။ ဥရောပသမဂ္ဂဟာ နိုင်ငံများစွာပါဝင်နေတဲ့ ကုန်သွယ်ရေးဆိုင်ရာ အမိန့်ချမှတ်မှု မူဘောင်အတွင်းမှာ အဖွဲ့ရဲ့အကျိုးစီးပွားကို ကာကွယ်ဖို့ အသင့်ဖြစ်နေသင့်တယ်လို့ ဖော်ပြခဲ့တဲ့ ပူးတွဲဖုန်းခေါ်ဆိုမှု ဝင်ရောက်လာခဲ့ပြီးနောက် ပြီးခဲ့တဲ့တနင်္ဂနွေနေ့မှာ မာကယ်၊ မက်ခရွန်နဲ့ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေတို့ဟာ ရှေ့ဆုံးကနေ စုစည်းညီညွတ်မှုကို ပြသခဲ့ကြပါတယ်။

### အိမ်ဖြူတော်ရဲ့ကြေညာချက်က ဥရောပသမဂ္ဂကို ကသိကအောက်ဖြစ်စေခဲ့

တနင်္လာနေ့က ကြေညာခဲ့တဲ့ အိမ်ဖြူတော်ရဲ့ကြေညာချက်ဟာ ဥရောပသမဂ္ဂကို သက်ပြင်းချနိုင်တဲ့ စိတ်သက်သာရာရမှုမျိုး မဟုတ်ဘဲ ကာလကြာရှည်တဲ့ နာကျင်ခက်ခဲမှုကို ပေးခဲ့ပါတယ်။ ကြေညာချက်ထွက်ပေါ်လာပြီး သိပ်မကြာခင်မှာပဲ ဥရောပသမဂ္ဂရဲ့ ထိပ်တန်းစီးပွားရေးအင်အားစုကြီးသုံးခုဖြစ်တဲ့ ဂျာမနီ၊ ပြင်သစ်နဲ့ ဗြိတိန်တို့ဟာ အမြဲတမ်းအခွန်ကင်းလွတ်ခွင့်ပေးအပ်ဖို့အတွက် တစ်နိုင်ငံပြီးတစ်နိုင်ငံ တောင်းဆိုသံတွေ ဆင့်ကဲထွက်ပေါ်လာခဲ့ကြပါတယ်။

ပြန်လည်ဆန်းသစ်လိုက်တဲ့ အခွန်ကင်းလွတ်ခွင့်ကို အပြုသဘောဆောင်တဲ့ အရာတစ်ခုအဖြစ် ခေါ်ဆိုခဲ့ပြီး ဗြိတိန်နိုင်ငံတကာကုန်သွယ်ရေးဌာနက ဗြိတိန်ဟာ အမြဲတမ်း အခွန်ကင်းလွတ်ခွင့်ရရှိဖို့ ကျွန်ုပ်တို့ရဲ့ ဥရောပမိတ်ဖက်တွေနဲ့ သာမက အမေရိကန်အစိုးရအဖွဲ့တို့နဲ့အတူ နီးကပ်စွာ အတူတကွ အလုပ်ဆက်လုပ်သွားမှာဖြစ်ပြီး ကျွန်ုပ်တို့ရဲ့ အရေးကြီးထုတ်ကုန်တွေဖြစ်တဲ့ သံမဏိနဲ့ အလူမီနီယံတင်ပို့ကုန်တွေ လုံခြုံစိတ်ချမှုရရှိစေရေး ခိုင်မာသေချာအောင် လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

### စိုးရိမ်ဖွယ် နောက်ဆက်တွဲ သက်ရောက်မှုများ

ကျွန်ုပ်တို့ဟာ ယခုချမှတ်လိုက်တဲ့ အခွန်စည်းကြပ်မှုတွေက ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအပေါ်မှာ နောက်ဆက်တွဲ သက်ရောက်မှုတွေရှိလာမှာကို စိုးရိမ်ပူပန်နေဆဲဖြစ်ပြီး လိုအပ်တဲ့ ပမာဏထက်လွန်ကဲစွာထုတ်လုပ်နေမှုဆိုတဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာရပ်ကို နိုင်ငံအများအပြားပါဝင်တဲ့ ဖြေရှင်းမှုတွေ ဆောင်ရွက်ဖို့ ဥရောပသမဂ္ဂနဲ့အတူ အလုပ်ဆက်လုပ်သွားမယ်။ ဒါ့အပြင် ပြည်တွင်းဈေးကွက်အပေါ် သက်ရောက်မှုကိုလည်း ကိုင်တွယ်ဆောင်ရွက်မယ်လို့ ဗြိတိန်နိုင်ငံတကာကုန်သွယ်ရေးဌာနက ဖော်ပြချက်ထဲမှာ ပြောဆိုထားပါတယ်။

အမြဲတမ်း အခွန်ကင်းလွတ်ခွင့်ရရှိဖို့ တောင်းဆိုချက်နဲ့အတူ ဂျာမနီက ဥရောပသမဂ္ဂရော အမေရိကန်ပြည်ထောင်စုကပါ ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံမှုတွေမှာ ပေါ်ပေါက်လာတဲ့ တင်းမာမှုတွေကနေ ဘာအကျိုးကျေးဇူးမှ မရရှိနိုင်ဘူးလို့လည်း သတိပေးထားပါတယ်။

ဒါ့အပြင် အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂတို့ဟာ နောက်ထပ်ကုန်သွယ်ရေးအရ ထဲထဲဝင်ဝင်ဆက်ဆံမှုတွေကနေ ကောင်းကျိုးဖြစ်ထွန်းမှုရအောင် လုပ်နိုင်တယ်။ ဥရောပသမဂ္ဂဟာ အမေရိကန်ပြည်ထောင်စုနဲ့ စကားပြောဆိုဆွေးနွေးပွဲတွေပြုလုပ်ဖို့ ကြိုးပမ်းခဲ့ပြီး ဒီလိုဆွေးနွေးနိုင်ဖို့လည်း ဆက်လုပ်သွားဦးမှာ ဖြစ်တယ်လို့ ဂျာမနီအစိုးရအဖွဲ့ ဒုတိယပြောရေးဆိုခွင့်ရှိသူ မာတီနာဖီရက်ဇ်က ပြောဆိုခဲ့ပါတယ်။

ယခုနှစ်အတွင်းမှာ ဂျာမနီရဲ့ တင်ပို့ကုန်ဆိုင်ရာစီးပွားရေးဟာ အတိုက်အခိုက်တွေအများအပြားနဲ့ ရင်ဆိုင်နေရတယ်လို့ ဘရပ်ဆဲလ်မှာ အခြေစိုက်ထားတဲ့ စီးပွားရေးဆိုင်ရာ အကြံပေးပါရဂူအဖွဲ့နဲ့ အတူဆောင်ရွက်နေတဲ့ အကြီးတန်းသုတေသနအဖွဲ့ဝင် ဆီဘက်ရှန်ဟီလ်မန်နဲ့ ဂန်ထရန်ဝုဖ်တို့က ပြောကြားပါတယ်။

ဂျာမနီနဲ့ ဥရောပမှာ ပြည်တွင်းတိုးတက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ခြင်းအားဖြင့် တင်ပို့ကုန်ထုတ်လုပ်ငန်းရဲ့ အားနည်းချက်တွေကို လျှော့ချသွားသင့်တယ်။ တစ်ချိန်တည်းမှာပဲ ဘာလင်ဟာ ပိုပြီးရည်မှန်းချက်ပြင်းထန်တဲ့ အမျိုးသားရေးနဲ့ ဥရောပနိုင်ငံဆိုင်ရာ ဆန်းသစ်ပြောင်းလဲမှု မူဝါဒကိုသာမက နောက်ကောက်ကျရာကနေ အလွယ်တကူ ပြန်တိုးတက်လာတဲ့ ဥရောပနိုင်ငံခြားကုန်သွယ်ရေးမူဝါဒကို အကောင်အထည်အဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဖို့ လိုအပ်တယ်လို့ ဟီလ်မန်နဲ့ ဝုဖ်တို့က Brurgel စီးပွားရေးအကြံပေးပါရဂူအဖွဲ့ရဲ့ဝက်ဘ်ဆိုက်မှာ ဖော်ပြခဲ့တဲ့ ပူးတွဲဖော်ပြချက်ထဲမှာ အကြံပြုထားပါတယ်။

မည်သို့ပင်ဖြစ်စေ ပြင်သစ်ဘဏ္ဍာရေးနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတွေက အင်္ဂါနေ့တွင် ထုတ်ပြန်ခဲ့တဲ့ ဖော်ပြချက်မှာ ၎င်းတို့ဟာ သံမဏိနဲ့ အလူမီနီယံတင်ပို့ကုန်တွေမှာ လိုအပ်သည်ထက်လွန်ကဲစွာ ပိုမိုထုတ်လုပ်နေတဲ့ပြဿနာရှိနေတယ်ဆိုတာကို လက်ခံပါတယ်။ ဒီအကြောင်းအရာကို ကိုင်တွယ်ဆောင်ရွက်ဖို့ အမေရိကန်နဲ့တကွ အခြားသော မိတ်ဖက်နိုင်ငံတွေနဲ့ အတူလက်တွဲလုပ်ဆောင်သွားဖို့ အသင့်ပါပဲလို့ ကမ်းလှမ်းခဲ့ကြတာကို တွေ့ရပါတယ်။ ။

**ကိုးကား- ဆင်ဟွာ**

> “အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မတ်လအစောပိုင်းမှာ အခွန်စည်းကြပ်မှု အစီအစဉ်ကို ကြေညာလိုက်တဲ့ အချိန်ကစပြီး ဥရောပသမဂ္ဂဟာ အမြဲတမ်းအခွန်ကင်းလွတ်ခွင့်ရရှိဖို့ ကြိုးစားနေခဲ့”

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၁၉)

# အမှုသည်အမျိုးမျိုး

ဦးဟန်ညွန့် (ဥပဒေ)



**ရှေ့နေ**

ရှေ့နေတစ်ယောက်အနေနှင့် အမှုသည်အမျိုးမျိုးကို တွေ့ကြုံခဲ့ဖူးပါသည်။ အမှုသည်အမျိုးမျိုးဟုဘာကြောင့်ပြော၊ ရေးရပါသလဲ။ အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ကြုံ ရစမြဲပါဟု ဆိုရိုးစကားရှိပေသည်။ အမှုဆိုရာတွင် ရာဇဝတ်မှု၊ တရားမမှုစသည်ဖြင့် ရှိတတ်၊ ဖြစ်တတ်ပေသည်။ အမှုမျိုးစုံအတွက် အမှုသည်မျိုးစုံ ပေါ်ပေါက်ခဲ့ခြင်းလည်းဖြစ်ပေသည်။

**အမှုလာအပ်ခြင်း**

တစ်နေ့တွင်အမှုသည်တစ်ယောက် ကျွန်တော်၏ရုံးခန်းသို့ ရောက်ရှိလာပါသည်။ တွေ့တွေ့ချင်း မထိုင်သေးဘဲ ကျွန်တော့်အား အမှုသည်မေးလိုက်သည့် မေးခွန်းကတော့-

**“ဆရာ့ကိုအမှုလာအပ်တာ။**
**ဆရာဒီအမှုလိုက်ပေးရင်**
**ဒီအမှုကနိုင်မှာသေချာ**
**ရဲ့လား”**ဟူ၍ ဖြစ်ပါသည်။




ဩြော်-“အပ်သမျှအမှု နိုင်ရမည်”ဟု အမှုသည်က ယုံကြည်ထားဟန်တူပါသည်။ စေလိုရာစေ၊ ညွှန်လိုရာညွှန်၊ တန်ခိုးဖန်ဆင်းရှင်ဟု ရှေ့နေတစ်ယောက်ကို အထင်ကြီးနေလေရော့သလား။

**ဘယ်လောက်ကုန်ကုန်**

“ငွေဘယ်လောက်ကုန်ကုန် ဒီအမှုကိုနိုင်အောင်လိုက်ပေးပါ ဆရာရယ်။ အကုန်ခံနိုင်ပါတယ်”ဟုလည်း ငွေစကားကြေးစကား၊ မာနကြီးတစ်ခွဲသားနှင့် ပြောကြားသည့် အမှုသည်များ လည်း ကြုံဖူးပါသည်။

**သူမမှားဘူး**

အမှုသည်က **“သူမမှားဘူး”**ဟု တွင်တွင်ကြီး ပြောနေပါသည်။ **“မှားတာက တစ်ဖက်ကလူ”**ဟု တစ်ပါးသူ (ဆန့်ကျင်ဘက်)ကိုသာ အပြစ်ပြော၍နေလေသည်။ ရှေ့နေက “ဒီလိုဆိုရင် ကျွန်တော်မေးပါရစေ”ဟုမေးတော့ ပြောရင်း၊ ပြောရင်းနှင့် သူ့အမှားတွေပေါ်လာ လေသည်။ တစ်ဖက်နှင့် တစ်ဖက်ယှဉ်ပြိုင်ရမည့် (ပဋိပက္ခ)တွေ မြင်နေရလေသည်။

**သဘောသဘာဝ**

အမှုသည်၏သဘောသဘာဝကို ရှေ့နေတိုင်းသိပြီးသားပါ။ ကြုံဖူးကြမှာပါ။

ကျွန်တော်၏မိတ်ဆွေကြီး တရားလွှတ်တော်ရှေ့နေ မုံရွာဦးတင်ရွှေ(ကွယ်လွန်)မှာ ရှေ့နေအတွေ့အကြုံများ အမြဲပြောလေ့ရှိသူ ဖြစ်ပါသည်။ စာအုပ်များပြုစုသူလည်း ဖြစ်ပါသည်။ ဆရာကြီးမုံရွာတင်ရွှေရေးသားခဲ့သော “ပြန်လှန်စစ်မေးနည်းနှင့် ရှေ့နေပညာ” စာအုပ်(စာ-၃၀)တွင်-

“အမှုသည်တစ်ယောက် အမှုတစ်ခုအတွက် မိမိထံချဉ်းကပ် ရောက်ရှိလာသည့်အခါတွင် ရှေ့နေတစ်ယောက်အနေဖြင့် ပထမဆုံးလုပ်ရမည့်အလုပ်မှာ အမှုအကြောင်းခြင်းရာများကို ပြည့်ပြည့်စုံစုံသိရှိအောင်လုပ်ရန် ဖြစ်ပါသည်။ အမှုသည်ပြောသမျှကို ဂရုစိုက်နားထောင်ပြီး ၎င်းပြောပြသည့်အတိုင်းဆိုပါက အမှုစွဲ၍ဖြစ်နိုင်၊ မဖြစ်နိုင် ချင့်ချိန်ရပါသည်။ တရားခံဘက်မှလိုက်နာရမည့် အမှုမျိုးဆိုလျှင်အမှုသည် ပြောပြချက်များသည် အားထားလောက်သည့် ခုခံကာကွယ်မှုလုပ်၍ ဖြစ်၊ မဖြစ်ချင့်ချိန်ရပါသည်” ဟု ရေးခဲ့ပါသည်။

**ပုံကြီးချဲ့နှင့် ဖုံးကွယ်**

“အမှုသည် တစ်ယောက်သည် သူ့အမှုတွင် စိတ်ထက်သန်နေသည့်အလျောက် သူ၏ တောင်းဆိုပိုင်ခွင့်ကို ပုံကြီးချဲ့ပြီး ပြောတတ်ပါသည်။ သူ့အမှုမှ အားနည်းချက်များကိုမူ ဖုံးကွယ်ထားတတ်ပါသည်။ အမှန်အားဖြင့် ထိုအားနည်းချက်များမှာ သူ၏ရှေ့နေအနေဖြင့် မှန်မှန်ကန်ကန် အကဲဖြတ်နိုင်ရန်အတွက် ကြိုတင်သိရှိထားဖို့ လိုအပ်သောအချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရှေ့နေအနေဖြင့် တကယ့်အမှုဖြစ်အကြောင်း ခြင်းရာကို အသေးစိတ်သိရှိအောင် အစွမ်းကုန် ဂရုစိုက်ရပါ လိမ့်မည်” **(စာ-၃၀)**

**ဖုံးဖိထားတတ်**

“အမှုသည်တစ်ယောက်သည် သူ့ရှေ့နေအား ဖြစ်ကြောင်းကုန်စင်အောင် ပြောပြခဲ့ပါသည်။ စိုးရိမ်စိတ်များကြောင့် သူ့အတွက် နစ်နာနိုင်မည့်အချက်များကို အမှန်အတိုင်းမပြောဘဲ လုပ်ကြံပြီး ပြောတတ်ပါသည်။ သို့မဟုတ် လုံးဝမပြောဘဲ ဖုံးဖိထားတတ်ပါသည်။ သို့မဟုတ် မိမိအခြေအနေကိုရှိတာထက် ပိုပြီး အကောင်းပြောတတ်ပါသည်။ ထို့အပြင် အမှုသည်ကို သင့်လျော်သောနည်းဖြင့် မမေးခဲ့၍ အရေးကြီးသည့်အချက် ကျန်ရစ်ခဲ့တာမျိုးလည်း ကြုံရတတ်ပါသည်။ သို့ဖြင့် ရှေ့နေမှာ အကျပ်တွေ့ပါသည်” **(စာ-၃၀)** ဟု ရေးခဲ့ပေသည်။

**စာနာမှု**

ဆရာကြီးမုံရွာတင်ရွှေက-

“ရှေ့နေသည် မိမိအမှုသည်အပေါ် စာနာမှုပြကာ ၎င်း၏ ယုံကြည်ကိုးစားမှုကို အရယူပြီး သူ၏ပြဿနာကို အကုန်အစင် တင်ပြအောင် ဆွဲဆောင်ယူရပါမည်။ သူ့အပြစ်ကို ဖုံးကွယ်ရန် သို့မဟုတ် သူ့အမှုမှ အားနည်းချက်များကို ဖုံးကွယ်ရန် အမှုသည်က မပြောဘဲချန်ထားသည့် အချက်များကိုလည်း ပြန်လှန်စစ်မေးခြင်းဖြင့် ရအောင်ယူတတ်ရပါမည်။ လိုအပ်လျှင် အကျပ်ကိုင်ပြီး ရအောင်ယူတတ်ရပါမည်” (စာ-၃၁) ဟု ဆက်လက်ရေးသားခဲ့ပါသည်။

**ရှေ့နေတစ်ယောက်**

ရှေ့နေတစ်ယောက်သည် မိမိတာဝန်ကို ထမ်းဆောင်ရာ၌ လျော်ကန်သင့်မြတ်သော သတိတရားနှင့် ကျွမ်းကျင်မှုကို အသုံးချရမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ လျော်ကန်သင့်မြတ်သော သတိတရားနှင့် ကျွမ်းကျင်မှုကို အသုံးချရန် ပျက်ကွက်ခဲ့ပါက အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှ ပုဂ္ဂိုလ်များနည်းတူ မိမိအမှုသည် နစ်နာဆုံးရှုံးမှုအတွက် တာဝန်ယူရပါလိမ့်မည်ဟုလည်း ဆရာကြီးမုံရွာတင်ရွှေက ရှေ့နေတစ်ယောက်ပီသဖို့ သတိပေးရေးသားထားပါသည်။ အခြားမှတ်သားစရာများကိုလည်း ဆက်လက်ရှာဖွေဖတ်ရှုစေချင်ပါသည်။

**စေတနာ**

အမှုသည် အမျိုးမျိုးအကြောင်းကို ဆရာကြီးမုံရွာတင်ရွှေ ရေးသားပြုစုသော **ပြန်လှန်စစ်မေးနည်းနှင့် ရှေ့နေပညာ** စာအုပ်ကို လေ့လာဖတ်ရှုပြီး တွေးမိသော ကျွန်တော်၏ စေတနာဥပဒေ အတွေးမျှသာပါ **…** ။ ။

**“ရှေ့နေသည် မိမိအမှုသည်အပေါ် စာနာမှုပြကာ ၎င်း၏ ယုံကြည်ကိုးစားမှုကို အရယူပြီး သူ၏ပြဿနာကို အကုန်အစင် တင်ပြအောင် ဆွဲဆောင်ယူရပါမည်၊ သူ့အပြစ်ကို ဖုံးကွယ်ရန် သို့မဟုတ် သူ့အမှုမှ အားနည်းချက်များကို ဖုံးကွယ်ရန် အမှုသည်က မပြောဘဲချန်ထားသည့် အချက်များကိုလည်း ပြန်လှန်စစ်မေးခြင်းဖြင့် ရအောင်ယူတတ်ရပါမည်၊ လိုအပ်လျှင် အကျပ်ကိုင်ပြီး ရအောင်ယူတတ်”**

## စေတနာလုပ်အားပေး တက္ကသိုလ်ကျောင်းသားအတွက် စာနပ်ရိက္ခာများ ပေးအပ်

**ပုလဲ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် စစ်ရင်ကျေးရွာအုပ်စု ကျောက်ရှောတောတိုက် အခြေခံပညာမူလတန်းကျောင်း (ခွဲ)ရှိ စာသင်ဝိုင်း၌ မေ ၁ ရက်က စေတနာလုပ်အားပေး မုံရွာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများအတွက် စားနပ်ရိက္ခာများ ပေးအပ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းတို့က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၄) မှဦးစီးအရာရှိ ဦးနိုင်ဦးနှင့် မြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးတင်ငွေတို့က စေတနာလုပ်အားပေး တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့်စာသင်သားများကို အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက စေတနာလုပ်အားပေး တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် စားနပ်ရိက္ခာများကို ပေးအပ်ခဲ့သည်။

ပုလဲမြို့နယ်၌ အခြေခံစာတတ်မြောက်မှုနှုန်း တိုးတက်မြင့်မားလာစေရေးနှင့် စာမတတ်သူ ပပျောက်ရေးအတွက် ကျေးရွာ ၂၉ ရွာရှိ စာသင်ဝိုင်း ၅၅ဝိုင်းတွင် စာသင်သား ၅၁၆ ဦးကို မုံရွာတက္ကသိုလ်မှ ဆရာ ဆရာမများ၏ ကြီးကြပ်မှုဖြင့် စေတနာလုပ်အားပေး တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၁၁၀က စာသင်ဝိုင်းများ ဖွင့်လှစ်၍ ဧပြီ ၉ ရက်မှ မေ ၁၈ ရက်အထိ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**



**ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းပညာပေးပြခန်းယာဉ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှသိန်းနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မြထွန်းကျော်နှင့် အဖွဲ့က ဧပြီလ နောက်ဆုံးပတ်တွင် မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးကားဝင်းအတွင်း၌ ခရီးသွားပြည်သူများအား မှုခင်းအသိပညာပေးဟောပြောခဲ့စဉ်။**
ဟန်စိုး (မြန်မာ့အလင်း)




## မိုင်းဆတ်၌ နွေစပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**မိုင်းဆတ် မေ ၃**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မယ်ပုလုံကျေးရွာအုပ်စု၊ ‘ဝ’အထူးဒေသ - ၂တွင် နွေစပါးဧက ၂၀ စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

“ဆင်းကေရီစပါးမျိုးကို ၈ လက်မ၊ ၆ လက်မ ပင်ကြားတန်းကြား ၁၀ တန်း တစ် တန်းလပ် ပေါင်ပျိုးစနစ်နဲ့ စိုက်ပျိုးထားတာပါ၊ စပါးသက်တမ်းက ရက်ပေါင်း ၁၂၀ ဆိုတော့ မေလကုန်လောက် ရိတ်သိမ်းရမှာပါ၊ တစ်ဧကတင်း ၁၄၀ လောက် အနည်းဆုံးထွက်မှာပါ၊ နွေစပါးက နေရောင်ကောင်းစွာရတဲ့အတွက် အစာချက်လုပ်မှုအားကောင်းပြီး ပိုးမွှားကျရောက်မှုနည်းပါးတာကြောင့် မိုးစပါးထက် အထွက်နှုန်း ပိုကောင်းပါတယ်၊ မိုးစပါးက ပန်းပွင့်ချိန်မှာ မိုးရေဝင်ရင် မှုံသီးထွက်ပြီး အထွက်နှုန်းကျနိုင်တဲ့အပြင် မိုးရွာလိုက် အုံ့လိုက်ဖြစ်ရင်လည်း ပိုးမွှားပေါက်ပွားမှုနှုန်း ပိုများတာကြောင့် အထွက်နှုန်း ကျပါတယ်၊ ဒါကြောင့် တောင်သူတွေအနေနဲ့ ရေလုံလောက်စွာရနိုင်ရင် နွေစပါးကို ပိုမိုစိုက်ပျိုးသင့်ပါတယ်၊ နည်းပညာနဲ့ မျိုးစပါးများ လိုအပ်ပါက ကူညီပေးလျက်ရှိပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းက ပြောကြားသည်။

မိုင်းဆတ်မြို့နယ်တွင် မိုးစပါး ဧက ၁၅၀၇၀ ရှိပြီး ယခုနှစ် နွေစပါးစိုက်ပျိုးထားရှိမှုမှာ ဧက ၁၉၅၀ ရှိကြောင်း သိရသည်။

**သန်းဇော် (မိုင်းဆတ်)**

# လှိုင်ကော်မြို့ရှိ ထေးငှားလျှားကန်၌ ပြည်သူများ အပန်းဖြေနားနေနိုင်ရန် စီမံဆောင်ရွက်နေ

**လှိုင်ကော် မေ ၃**

ကယားပြည်နယ် လှိုင်ကော်မြို့၏ အထင်ကရ ထေးငှားလျှားကန်သာယာအားပြည်သူများ အပန်းဖြေနားနေစရာနေရာ တစ်ခုဖြစ်လာစေရန် ကယားပြည်နယ်အစိုးရအဖွဲ့က ၂၀၁၇ ခုနှစ် စက်တင်ဘာလမှစတင်ကာ ထေးငှားလျှားကန် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ အကောင်အထည်ဖော် စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အလျား ပေ ၆၆၀၀၊ အကျယ် ၆ ပေရှိ ကွန်ကရစ် ကန်ပတ်လမ်းဖောက်လုပ်ခြင်း၊ အလျား ၅၂၅ ပေ၊ အကျယ် ၆ ပေရှိ ကွန်ကရစ်တိုင်၊ သံမဏိပေါင်၊ သံမဏိလက်ရန်း၊ သစ်သားကြမ်းခင်းများဖြင့် တည်ဆောက်သည့် ထေးငှားလျှားကန်ဖြတ်ကျော်လူကူးတံတားတစ်စင်း တည်ဆောက်ခြင်း၊ ကန်ပတ်လမ်းပေါ်တွင် ရှစ်ပေပတ်လည်အကျယ်ရှိ နားနေဆောင်ဇရပ်ခြောက်လုံးတည်ဆောက်ခြင်း၊ ကန်ပတ်လမ်းပေါ်ရှိ ရေဝင်၊ ရေထွက်ပေါက်များတွင် ကွန်ကရစ်တံတား အကြီး၊ အသေး စုစုပေါင်း ကိုးစင်းတည်ဆောက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းတို့ ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဆိုပါလုပ်ငန်းများ ပြီးစီးပြီဖြစ်သည်။ ထိုလုပ်ငန်းအရပ်ရပ်အတွက် ကုန်ကျငွေစုစုပေါင်း ငွေကျပ် ၄၆၀ ဒသမ ၄၃၈ သန်းဖြစ်ကြောင်း ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

ဆက်လက်၍ ထေးငှားလျှားကန်သို့ လာရောက်ကာ အပန်းဖြေအနားယူသူများအနေဖြင့် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားအမျိုးမျိုးတို့ကို ပြုလုပ်နိုင်ရန် ၃၂၇၇၅ စတုရန်းပေ အကျယ်ရှိ ကွန်ကရစ်ကြမ်းခင်း အားကစားရင်ပြင်တစ်ခုကို ထေးငှားလျှားကန်အနီး၌ တည်ဆောက်ရန် စီမံဆောင်ရွက်နေပြီဖြစ်သည်။

ထို့အပြင် ထေးငှားလျှားကန် အပန်းဖြေစခန်းနှင့် ကန္ဒာရဝတီဂေါက်ကွင်းအကြား သံဆန်ခါခြံစည်းရိုးတစ်ခု တည်ဆောက်ပေးမည်ဖြစ်သည်။ ထိုသို့ ကာရန်ထားရှိခြင်းကြောင့် ဂေါက်သီးကစားသူများအနေဖြင့် လွတ်လပ်စွာ ကစားနိုင်မည်ဖြစ်သကဲ့သို့ ကန်သာယာတွင် အပန်းဖြေသူများအနေဖြင့်လည်း ဂေါက်သီးထိမှန်ခြင်းအန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်သည်။

အဆိုပါ ကန်ကို ၁၉၆၁-၁၉၆၂ ခုနှစ်များအတွင်းက သောက်သုံးရေ ရရှိစေရန်၊ လယ်မြေများ ရေပေးဝေရန်၊ မြို့စိမ်းလန်းစိုပြည်စေရန်၊ ငါးမွေးမြူရန်နှင့် ဘဲမွေးမြူရန် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ကြောင်း လှိုင်ကော်မြို့နယ်ဆိုင်ရာ မှတ်တမ်းများအရ သိရသည်။



ယခုအခါ ကယားပြည်နယ်အစိုးရအဖွဲ့က အပန်းဖြေနားနေစရာနေရာ တစ်ခုအဖြစ် ဖန်တီးတည်ဆောက်ပေးခဲ့၍ ပြည်တွင်း ပြည်ပခရီးသွားများ၊ ဒေသခံပြည်သူများ လာရောက်အပန်းဖြေလျက်ရှိသည်။ **ကြီးမြင့်နိုင် (လှိုင်ကော်)**

# ပဲခူးမြို့ နောင်တော်ကြီးမြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (၁၃) ကြိမ်မြောက် ဗုဒ္ဓါဘိသေကအနေကဇာတင်

**ပဲခူး မေ ၃**

ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ သမိုင်းဝင်နောင်တော်ကြီးမြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (၁၃) ကြိမ်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ အခမ်းအနားကို ဧပြီလနောက်ဆုံးပတ်က နောင်တော်ကြီးမြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖူးမြော်ဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခေါင်းရင်းတော်ကျောင်း ဆရာတော်၊ ဓမ္မရတနာကျောင်း ဆရာတော်၊ မဟာစေတီကံကျောင်း ဆရာတော်၊ ရွှေစေတီကျောင်း ဆရာတော်၊ ဝေဠုဝန်ကျောင်း ဆရာတော်၊ ကြေးနီကန်ကျောင်း ဆရာတော်၊ သီရိဇေယျာကျောင်း ဆရာတော်၊ ရွှေကျောကုန်းကျောင်း ဆရာတော်နှင့် ခြေရင်းတော်ကျောင်း ဆရာတော်များက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# ကျောက်ဆစ်လုပ်ငန်းလုပ်ကိုင်သူများ နှာခေါင်းစည်းအကာအကွယ်တပ်ဆင်ရန် လိုအပ်နေ

**မန္တလေး မေ ၃**



မန္တလေး မဟာမြတ်မုနိဘုရားအနီး ကျောက်ဆစ်တန်းနှင့် မန္တလေးတိုင်းဒေသကြီး မြို့နယ်အချို့တွင် လုပ်ကိုင်နေသော ကျောက်ဆစ် (ပန်းတမော့)လုပ်ငန်းလုပ်ကိုင်ရာနေရာများ၌ ကျောက်စက်တိုက်ခြင်း၊ ကော်ပတ်စားခြင်းနှင့် စက်အသုံးပြု ထွင်းထုခြင်းများ လုပ်ကိုင်ရာတွင် ကျောက်အမှုန်အမွှားများစွာ ထွက်ပေါ်ပြီး ကျန်းမာရေးအန္တရာယ်ဖြစ်စေနိုင်သော်လည်း နှာခေါင်းစည်း အကာအကွယ်တပ်ဆင်၍ လုပ်ကိုင်ခြင်း မရှိကြောင်း လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

"ဟိုးတုန်းကလည်း နှာခေါင်းစည်း မတပ်ဘူး၊ နိုင်ငံခြားခရီးသွားတွေက ကျောက်ဆစ်တာကို လာကြည့်ရင်း မက်စ်တွေ ပေးသွားကြတယ်၊ ကျန်းမာရေးအတွက် အကာအကွယ်မတပ်ရင် အန္တရာယ်ရှိတယ်ဆိုပြီး စကားပြန်ကတစ်ဆင့် ရှင်းပြကြတယ်၊ ဒါပေမယ့် မတပ်ကြပါဘူး၊ အုပ်ပြီး အလုပ်မလုပ်တတ်တော့ဘူး၊ ကျောက်အမှုန်အမွှားတွေ ခန္ဓာကိုယ်ထဲဝင်ရင် ကျန်းမာရေးအန္တရာယ်ဖြစ်နိုင်တယ်ဆိုတာကတော့ များသောအားဖြင့် သိကြတာပါပဲ၊ ဒါပေမယ့် အရင်က ဆရာတွေလည်း ရောဂါရယ်လို့ မဖြစ်ခဲ့ကြဘူးဗျ၊ အစဉ်အလာအရတော့ ဒီလုပ်ငန်းကြောင့် ရောဂါဖြစ်ခဲ့တယ်လို့ မကြားဘူး၊ အကာအကွယ်ပေးနိုင်တယ်ဆိုတာကိုတော့ သဘောပေါက်ပါတယ်" ဟု လုပ်ငန်းခွင်အတွင်းမှ ကျောက်ဆစ်ပညာရှင် ကိုကျော်မိုးက ဆိုသည်။

မဟာမြတ်မုနိဘုရားအနီး ၈၄ လမ်း၊ အကွက် (၅၀၆) ကျောက်ဆစ်တန်း အပါအဝင် ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ် ဧရိယာထဲတွင် ကျောက်ဆစ်လုပ်ငန်းလုပ်ကိုင်သည့် ဆိုင်ပေါင်း ၁၀၀ ကျော်ရှိနေပြီး လုပ်သားနှင့် ပညာရှင် အင်အားရာချီ၍ နေ့စဉ်လုပ်ငန်းခွင်ဝင်နေကြကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

"သဘာဝကျောက်ကို ထုဆစ်လာကြတာဆိုတော့ မကြောက်ကြဘူး၊ ဓာတုဗေဒမပါဘူးဆိုတော့ ရောဂါမဖြစ်နိုင်ဘူးလို့ ယူဆနေသူတွေလည်း များတယ်၊ ဖြစ်တော့ ဖြစ်လိမ့်မယ်၊ ဆိုးဆိုးရွားရွား မဖြစ်ခဲ့ဖူးဘူး" ဟု ချမ်းမြေ့ကျောက်ဆစ်လုပ်ငန်းမှ လုပ်ငန်းရှင် ကိုမျိုးသက်ခိုင်က ပြောသည်။

စူး၊ ဆောက်၊ တံစဉ်း အသုံးပြုသော လက်မှုထုဆစ်သည့်အလေ့အထမှ အလုပ်တွင်ပြီး စက်အပိုပစ္စည်းဝယ်ယူ အသုံးပြုရလွယ်သည့် ကျောက်စက်တိုက်ကိရိယာနှင့် စိန်တံတပ်ဂန်းစက်များ အသုံးပြုမှုသို့ ပြောင်းလဲလာသော ကျောက်ဆစ် (ပန်းတမော့) လုပ်ငန်းမှာ မန္တလေးမြို့၏ ဂုဏ်ဆောင် အောင်မြင်မှုရနေသော လုပ်ငန်းဖြစ်ပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရေးအတွက် နှာခေါင်းစည်းအကာအကွယ်တပ်ဆင်ရန် လိုအပ်မှုများရှိနေကြောင်း ဒေသခံများထံမှ သိရသည်။

**ဇေယျာတု (မကွေး)**

# မော်တော်ယာဉ်နှင့် ဆိုင်ကယ်စီးနင်းသူများအား အသိပညာပေးဆောင်ပုဒ် စတစ်ကာများ ကပ်ပေး

**ချောက် မေ ၃**

မကွေးတိုင်းဒေသကြီးချောက်မြို့တွင် ယနေ့နံနက် ၁၀နာရီခွဲအချိန်က အမှတ် - ၁၄ ရပ်ကွက် ဇောတိရပ် အနော်ရထာ တံတားထိပ် ချောက် - ဆိပ်ဖြူသွားကားလမ်းမြို့ဝင်၊ ထွက်ဂိတ်တွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်စီးနင်းသူများအား အသိပညာပေးဆောင်ပုဒ်စတစ်ကာများ ဝေငှခဲ့သည်။

အဆိုပါဆောင်ရွက်မှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးလွင်ကြီးကြပ်မှုဖြင့် ချောက်မြို့မရဲစခန်းမှူးဒုရဲမှူး ခင်မောင်ရွှေ၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မြစိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ချိုချိုမာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တာဝန်ခံရဲအရာခံနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ် - ၁၄ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်နှင့် အဖွဲ့ဝင်များ စုစုပေါင်း ၃၅ ဦးတို့မှ ပူးပေါင်း ဆောင်ရွက်ခဲ့သည်။ ယင်းသို့ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် ယာဉ်လမ်းအန္တရာယ် ကင်းရှင်းရေး ယာဉ်မတော်တဆဖြစ်မှုများနှင့် မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုများ လျော့နည်းကျဆင်းသွားစေရန်နှင့် လုံးဝပပျောက်သွားစေရေး စီမံအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အများပြည်သူနှင့်ယာဉ်မောင်းသူများ သိရှိစေရန် အသိပညာပေးစတစ်ကာများဖြစ်သည့် "ဆိုင်ကယ်စီးဦးထုပ်ဆောင်းပါ"၊ "ဆိုင်ကယ် နှစ်ယောက်ထက်ပိုမစီးရ"၊ "မူးလျှင်မမောင်းနှင့် မောင်းလျှင်မမူးနှင့်"၊ "ထိုင်ခုံခါးပတ် ပတ်ပါ"၊ ယာဉ်လမ်းစတစ်ကာများအား မော်တော်ယာဉ်၊ ဆိုင်ကယ်များတွင် အသိပညာ ပေးကပ်ပေးခြင်းများ ပြုလုပ်ခဲ့ရာ မော်တော်ယာဉ် ၄၅ စီး၊ ဆိုင်ကယ် ၇၀ စီး စုစုပေါင်း ၁၁၅ စီးတို့ကို စတစ်ကာကပ်ပေးခြင်းနှင့် ဝေငှခြင်းတို့ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး (ပြန်/ဆက်)**

# ဝါသီးနှံအထူးဇုန်စိုက်ခင်း ဖြစ်ထွန်းမှု ကွင်းပြပွဲပြုလုပ်

**သာစည် မေ ၃**

မိုးကြိုချည်မျှင်ရှည်ဝါ အထူးဇုန်ဧက ၂၀၀ စိုက်ကွင်းတွင် ဝါပင်များ အောင်မြင်ဖြစ်ထွန်းမှု ကွင်းပြပွဲကို မေ ၂ ရက်က အောင်သာကျေးရွာအနီးရှိ ဝါသီးနှံဧက ၂၀၀ အထူးဇုန်စိုက်ခင်း၌ ပြုလုပ်ရာ အဆိုပါ ကွင်းပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးငွေနှင့် ဝန်ထမ်းများ၊ အောင်သာ၊ ရွာမွန်သာနှင့် ဇီးပင်ပေါက်ကျေးရွာတို့မှ ဝါစိုက်တောင်သူများ တက်ရောက်ကြသည်။

အဆိုပါ ကွင်းပြပွဲတွင် မြို့နယ်ဦးစီးမှူးက တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းသည့် ဝါမျိုးများကို ရွေးချယ်စိုက်ပျိုးသင့်ကြောင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သွင်းအားစုဓာတ်မြေဩဇာများကို နည်းစနစ်မှန်ကန်စွာ သုံးစွဲရေးတို့အတွက် စိုက်ပျိုးရေးဝန်ထမ်းများထံမှ အကြံဉာဏ်များရယူ၍ ဆောင်ရွက်သင့်ကြောင်း ပြောသည်။

ထို့နောက် ဒေသခံတောင်သူများက သိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားသည်။ ဝါသီးနှံအထူးဇုန်ဧက ၂၀၀ ကို အောင်သာ၊ ရွာမွန်သာနှင့် ဇီးပင်ပေါက်ကျေးရွာတို့မှ တောင်သူများက စိုက်ပျိုးကြပြီး ၎င်းတို့စိုက်ပျိုးထားသည့် ဝါမျိုးမှာ (ရွှေတောင်-၈) ဝါမျိုးဖြစ်၍ တစ်ဧကလျှင် ဝါပိဿာ ၈၀၀ မှ ၁၀၀၀ ကြား ထွက်ရှိကြောင်း သိရသည်။

**မောင်ကို (သာစည်)**

# ပုလဲမြို့၌ စာပေဝါသနာတူအသင်း ဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပ

**ပုလဲ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ဧပြီလနောက်ဆုံးပတ်က စာပေဝါသနာတူအသင်း (Book Club) ဖွဲ့စည်းခြင်းအခမ်းအနားကို ကျင်းပခဲ့ရာ ပုလဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးက စာပေဝါသနာတူအသင်း ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများ၏ ဆန္ဒအရ နာယကများ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အဖွဲ့ဝင်များကို ရွေးချယ်ကာ ပုလဲမြေစာပေဝါသနာတူအသင်းအဖြစ် ဖွဲ့စည်းခဲ့ပြီး တစ်လတစ်ကြိမ် သုတရသစာပေဆွေးနွေးပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး (ဇေယျာမြေ)**

# အီတလီအသင်းနည်းပြအဖြစ် တာဝန်ယူရန် နည်းပြ မန်ချီနီ သဘောတူညီခဲ့ပြီဟု သတင်းထွက်ပေါ်

ရုရှားကလပ် ဇင်းနစ်အသင်း၏ နည်းပြအဖြစ် တာဝန်ယူနေသူ နည်းပြ ရောဘတ်တိုမန်ချီနီသည် အီတလီ လက်ရွေးစင်အသင်းနည်းပြသစ်အဖြစ် နှစ်နှစ်သက်တမ်းရှိ စာချုပ်ဖြင့် တာဝန်ယူရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း အီတလီသတင်းစာတစ်စောင်တွင် ရေးသားဖော်ပြထားသည်။




အီတလီဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများသည် အီတလီလက်ရွေးစင်အသင်းအား ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ အောင်မြင်စေရန် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းမရှိသူ နည်းပြ ဗန်တူရာအား ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ် ခန့်အပ်ရန် စီစဉ်နေခြင်း ဖြစ်သည်။

နည်းပြ မန်ချီနီနှင့် အီတလီဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အလက်ဇန်ဒရိုကော်စတာကူတာမြို့သည် အီတလီနည်းပြရာထူးအတွက် ရောမမြို့တွင် လျှို့ဝှက်တွေ့ဆုံကာ အီတလီအသင်းနည်းပြရာထူးအတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် နည်းပြ မန်ချီနီ (၅၃နှစ်) သည် အီတလီအသင်းနည်းပြတာဝန်အား နှစ်နှစ်သက်တမ်းရှိ စာချုပ်ဖြင့် တာဝန်ယူသွားရန် သဘောတူညီခဲ့ခြင်းဖြစ်သည်ဟု Corriere dello Sport သတင်းစာက ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။ နည်းပြ မန်ချီနီသည် ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်က ဇင်းနစ်အသင်းနည်းပြအဖြစ် စတင်တာဝန်ယူခဲ့ခြင်းဖြစ်ကာ ဇင်းနစ်အသင်းက နည်းပြ မန်ချီနီနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

နည်းပြ မန်ချီနီသည် မေ ၂၈ ရက်တွင် အီတလီအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ခြေစမ်းပွဲမတိုင်မီတွင် အီတလီအသင်း နည်းပြတာဝန်အား စတင်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

နည်းပြ မန်ချီနီကမူ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ရေဒီယိုအစီအစဉ်တစ်ခုနှင့် တွေ့ဆုံရာတွင် "အီတလီဘောလုံးအဖွဲ့ချုပ်နဲ့ ဆက်သွယ်မှုတွေ မရှိပါဘူး၊ ဒါပေမယ့် နည်းပြတစ်ဦးအတွက် အီတလီလက်ရွေးစင်အသင်းကို တာဝန်ယူရတာက ဂုဏ်သိက္ခာ ကြီးမားတဲ့ကိစ္စတစ်ခုပါ"ဟု ပြောဆိုခဲ့သည်။ **ထက်အောင်**

# ဆီဗီလာအသင်း ယာယီနည်းပြအဖြစ် နည်းပြ ကာပါရော့ အခမဲ့ တာဝန်ယူပေးမည်

စပိန်လာလီဂါကလပ် ဆီဗီလာအသင်း၏ ယာယီနည်းပြအဖြစ် ခန့်အပ်ခံထားရသူ ဝါရင့်နည်းပြ ဂျိုကွင်းကာပါရော့က မိမိအနေဖြင့် ဆီဗီလာအသင်း၏ ယာယီနည်းပြအဖြစ် တာဝန်ယူခြင်းအတွက် အသင်းထံမှ လုပ်ခငွေ ရယူသွားမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ဆီဗီလာအသင်းသည် ပြီးခဲ့သည့် ဧပြီ ၂၈ ရက်က နည်းပြ မွန်တဲလားအား ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် စပိန်လူမျိုးနည်းပြ ကာပါရော့အား ယခုနှစ်ဘောလုံးရာသီကုန်ချိန်အထိ ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ နည်းပြ ကာပါရော့ (၆၂ နှစ်) သည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ ဆီဗီလာအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်ပြီး ဗီလာရီးရဲ၊ မာယော့ကာ၊ ဒီပို့တီဗို၊ ဘီလ်ဘို၊ ဂရန်နာဒါ၊ အိုဆာဆူနာစသည့် စပိန်ကလပ်များကိုလည်း တာဝန်ယူခဲ့ဖူးသူဖြစ်သည်။



ဆီဗီလာအသင်းသည် ယခုနှစ် ဘောလုံးရာသီလက်ကျန်ပွဲများအဖြစ် စပိန်လာလီဂါပွဲလေးပွဲကစားရန် ကျန်ရှိနေသေးပြီး အိမ်ကွင်းတွင် ဆိုစီဒက်၊ ရီးရဲမက်ဒရစ်၊ အလာဗက်စ်အသင်းများနှင့် ရင်ဆိုင်ရမည်ဖြစ်ကာ အဝေးကွင်းတွင် ရီးရဲဘက်တစ်အသင်းအား သွားရောက် ရင်ဆိုင်ရမည်ဖြစ်သည်။

နည်းပြ ကာပါရော့က "ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ဆီဗီလာအသင်းအနေနဲ့ ကျွန်တော့်ကို လုပ်ခငွေ ပေးသင့်တယ်လို့ မထင်ပါဘူး၊ ဆီဗီလာအသင်းနဲ့ ကျွန်တော်တို့ ချုပ်ဆိုခဲ့တဲ့ စာချုပ်သက်တမ်းကာလကတစ်လတည်းပါ၊ ဆီဗီလာအသင်းအနေနဲ့လည်း ကစားဖို့ပွဲကလေးပွဲပဲ ကျန်ရှိ တော့တာ ဖြစ်ပါတယ်၊ ဒါကြောင့် ဆီဗီလာအသင်းက ကျွန်တော့်အတွက် ငွေကုန်ဖို့ မရှိပါဘူး"ဟု ပြောဆိုခဲ့သည်။

ဆီဗီလာအသင်းဥက္ကဋ္ဌ ဟိုဆေး ကက်စထရိုကလည်း "လုပ်ခငွေနဲ့ ပတ်သက်ပြီး နည်းပြ ကာပါရော့နဲ့ ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်၊ ဒါပေမယ့် နည်းပြကာပါရော့က ဆီဗီလာအသင်းဆီက လုပ်ခငွေယူဖို့ ဆန္ဒမရှိခဲ့ပါဘူး၊ သူက အသင်းကို ကူညီပေးချင်တာပါ၊ ဒါကြောင့် သူဟာ ရာသီကုန်ချိန်အထိ ဆီဗီလာအသင်း နည်းပြအဖြစ် အခမဲ့ တာဝန်ယူပေးမှာ ဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။ နည်းပြ ကာပါရော့သည် ယခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်တွင် ဆီဗီလာအသင်းတွင် ဆက်ရှိနေမည်ဖြစ်သော်လည်း အခြားရာထူး နေရာဖြင့်သာရှိနေမည်ဖြစ်ကြောင်း ဆက်လက်ရေးသားထားသည်။

ဆီဗီလာအသင်းသည် စပိန်လာလီဂါပွဲစဉ် ၃၄ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၄၈ မှတ်ဖြင့် အမှတ်ပေးဇယား၏ အဆင့် ၈ နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ **ထက်အောင်**

# အဖြေရှာကြည့်မိတဲ့ မိုရာတာရဲ့အနာဂတ်ပုစ္ဆာ

● အောင်က

**မိုရာတာဟာပြီးခဲ့တဲ့ နွေရာသီဈေးကွက်က ချယ်လ်ဆီးသင်းကို ပေါင် ၅၈ သန်းနဲ့ ရောက်ရှိလာခဲ့တယ်။ ဒါပေမယ့် အပိုဆုကြေးတွေအပါအဝင် ပေါင်းလိုက်မယ်ဆိုရင်တော့ ပြောင်းရွှေ့ကြေးကပေါင်သန်း ၇၀ လောက်အထိ မြင့်တက်သွားခဲ့တယ်။ ရာသီအစမှာတော့ သူ့ရဲ့ခြေစွမ်းက ကောင်းမွန်မှုရှိပြီး ရှစ်ပွဲမှာ ရှစ်ဂိုးသွင်းယူနိုင်ခဲ့တယ်။ ဒါကြောင့်လည်း လေ့လာသုံးသပ်သူတချို့က ဒီနှစ်ရာသီမှာတော့ မိုရာတာဟာ ပရီမီယာလိဂ်ရွှေဖိနပ်ဆုကို ခြိမ်းခြောက်နိုင်တဲ့ ကစားသမားတစ်ဦးအဖြစ် ရှိလာနိုင်တယ်လို့ ထင်ကြတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ သူ့ရဲ့ခြေစွမ်းက ထင်သလောက် အစွမ်းမပြနိုင်ခဲ့ဘူး။ ၁၂ ပွဲဆက်တိုက် ဂိုးပေါက်ပျောက်ဆုံးနေခဲ့တယ်။ သူ့အနေနဲ့ ဧပြီလမှသာ နှစ်ဂိုးလောက်ပြန်ရတယ်။ ဒါကြောင့်လည်း သူဟာချယ်လ်ဆီးသင်းမှာ ဆက်လက်ရှိနိုင်မလားဆိုတဲ့ သံသယမေးခွန်းတွေလည်း ထွက်ပေါ်လို့လာခဲ့ပြီ။**

### ချယ်လ်ဆီးမှာ မိုရာတာပျော်ရဲ့လား

မိုရာတာအနေနဲ့ ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့ခဲ့စဉ်ကတည်းက ပရီမီယာလိဂ်မှာတော့ အောင်မြင်တဲ့ တိုက်စစ်မှူးတစ်ဦးအဖြစ် အခြေချကစားဖို့ ဆုံးဖြတ်ထားတယ်ဆိုတာက သူပြောကြားခဲ့တဲ့စကားတွေကို ကြည့်တာနဲ့သိနိုင်တယ်။ ဒါပေမယ့် ၂၀၁၈ ခုနှစ်အတွင်းမှာတော့ သူ့ရဲ့ကွင်းထဲ၊ ကွင်းပြင်အခြေအနေတွေကို ကြည့်မယ်ဆိုရင် သူဟာ ဒီနှစ်ရာသီမှာတော့ စိတ်ကသိကအောက်ဖြစ်နေရတယ်ဆိုတာက သိသာတယ်။ စပိန်အသင်းကို ကမ္ဘာ့ဖလား ဝင်ခွင့်ရဖို့ ပါဝင်ကြိုးပမ်းခဲ့တဲ့ မိုရာတာဟာ ပြီးခဲ့တဲ့ ခြေစမ်းပွဲတွေမှာတော့ နိုင်ငံ့လက်ရွေးစင်အသင်းမှာပါဝင်ကစားခွင့်မရခြင်းဟာ သူ့အတွက် စိတ်ထိခိုက်စရာအကောင်းဆုံးလို့ပြောရမယ်။ စပိန်အသင်းနည်းပြ လိုပီတီဂူ သူ့ကိုနှစ်သက်တယ်လို့ ပြောပေမယ့် လာမယ့်ကမ္ဘာ့ဖလားမှာ စပိန်အသင်းနဲ့အတူ ပါဝင်ကစားနိုင်ရေးဟာ ၅၀-၅၀ လို့သာပြောရမယ်။ ဒါကြောင့်လည်း သူ့အနေနဲ့ ချယ်လ်ဆီးသင်းကိုပြောင်းရွှေ့ခဲ့ခြင်းနဲ့ပတ်သက်ပြီး တစ်ခါတစ်ရံမှာတော့ ပျော်ရွှင်မှုမရှိဘူးဆိုတာကတော့ အမှန်လို့ပြောရမှာပါ။

### ချယ်လ်ဆီးကရောမိုရာတာနဲ့ပတ်သက်ပြီး ကျေနပ်ရဲ့လား

ချယ်လ်ဆီးသင်းအနေနဲ့ တိုက်စစ်မှူးမိုရာတာဟာ ပွဲကျပ်တွေများခဲ့တဲ့ ဆောင်းရာသီမှာ အပြင်းအထန်ကစားခဲ့ရတာကြောင့် ကျောဒဏ်ရာရရှိခဲ့ပြီး အဲ့ဒီဒဏ်ရာကပဲ သူ့ရဲ့ခြေစွမ်းကို ကျဆင်းစေခဲ့တယ်ဆိုတာကိုလည်း သိနေတယ်။ ဒါ့အပြင် လက်ရှိအခြေအနေတွေအရ မိုရာတာအနေနဲ့ ပုံမှန်ခြေစွမ်းရဖို့က အချိန်လိုသလို ထိုက်တန်တဲ့ ပြောင်းရွှေ့ကြေးရဖို့က မလွယ်ဘူး။ မိုရာတာဟာ ဒီနှစ်ရာသီမှာ ချယ်လ်ဆီးသင်းနှင့်နဲ့အတူ စုစုပေါင်းသွင်းဂိုးက ၁၅ ဂိုးရှိပြီ။ ဒီသွင်းဂိုးဟာ ချယ်လ်ဆီးအသင်းကို ဒရော့ဘာစတင်ရောက်ခဲ့တဲ့နှစ်က သွင်းယူပေးခဲ့တဲ့ဂိုးအရေအတွက်နဲ့ တူညီဖို့က တစ်ဂိုးပဲ လိုမယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းအနေနဲ့ မိုရာတာလို ကစားသမားမျိုးကို ရင်းနှီးမြှုပ်နှံထားဖို့လိုအပ်တယ်။ မိုရာတာလိုကစားသမားမျိုးဟာ ကောင်းလာဖို့ရှိတယ်လို့တော့ မျှော်လင့်လို့ရနိုင်တယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းအနေနဲ့ ဒီလိုကစားသမားမျိုးကိုလက်လွှတ်ခံဖို့တော့ မရှိဘူးလို့ပြောရမယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ လတ်တလောမျက်မြင်အနေနဲ့ ပြောရမယ်ဆိုရင်လည်း လူကာကူ၊ ဆာလာနဲ့ ဒီဘရူနီတို့ဟာ အသင်းကနေ ထွက်ခွာသွားခဲ့ပြီး နောက်ပိုင်းမှာမှ ခြေစွမ်းတွေပိုတက်လာခဲ့တယ်။ အခုတော့ ချယ်လ်ဆီးအသင်းဟာ ဒီလိုအမှားမျိုး ထပ်မှားဖို့မရှိဘူးလို့ ပြောရမယ်။



### နည်းပြကွန်တီရဲ့အနာဂတ်ဟာ မိုရာတာအပေါ် သက်ရောက်မှုရှိနိုင်လား

မန်နေဂျာကွန်တီဟာ တိုက်စစ်မှူး မိုရာတာကိုနှစ်သက်လွန်းသူတစ်ဦးဖြစ်တယ်။ ဒါကြောင့်လည်း ၂၀၁၄ ခုနှစ်က ရီးရဲမက်ဒရစ်အသင်းကို ပြောင်းရွှေ့ဖို့ ရှိနေတဲ့ မိုရာတာကို ဂျူဗင်တပ်စ်အသင်းမှာပဲ ဆက်လက်ရှိနေဖို့အတွက် တားဆီးခဲ့တာလည်း ဖြစ်တယ်။ ဒါပေမယ့် ဂျူဗင်တပ်စ်ကနေ ကွန်တီထွက်ခွာသွားခဲ့ပြီးတဲ့ နောက်မှာတော့ မိုရာတာဟာ ရီးရဲမက်ဒရစ်အသင်းကို ပြန်ခဲ့တယ်။ ကွန်တီဟာ ချယ်လ်ဆီးအသင်းကို ရောက်ရှိခဲ့စဉ်ကတည်းက မိုရာတာကို ခေါ်ယူဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့်ဒုတိယရာသီမှ ခေါ်ယူနိုင်ခဲ့တယ်။ ကွန်တီရဲ့အနာဂတ်ဟာ ချယ်လ်ဆီးကစားသမားတွေအပေါ်မှာ အနည်းနဲ့ အများ အကျိုးသက်ရောက်မှုတော့ရှိနိုင်တယ်။ ကွန်တီဟာ မိုရာတာကို ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးဖြစ်လာဖို့ ဆန္ဒရှိနေတယ်။ ဒါပေမယ့် သူကိုယ်တိုင်ရဲ့အနာဂတ်က မသေချာတာကြောင့် ပြောဖို့ကတော့ ခက်တယ်။ ဒါပေမယ့် ကွန်တီအနေနဲ့ ချယ်လ်ဆီးအသင်းမှာ ဆက်လက်ရှိနေမယ်ဆိုရင်တော့ မိုရာတာအနေနဲ့အသင်းကနေ ထွက်ခွာနိုင်ဖို့ ဟာမဖြစ်နိုင်ဘူးလို့တောင် ပြောရမယ်။

### ဘယ်အသင်းတွေကမိုရာတာကို စိတ်ဝင်စားနေကြလဲ

တကယ်လို့သာ ချယ်လ်ဆီးအသင်းအနေနဲ့ မိုရာတာကို ပြန်ရောင်းထုတ်ခဲ့မယ်ဆိုရင် ပထမဦးဆုံးခေါ်ယူမယ့်အသင်းကတော့ ဂျူဗင်တပ်စ်အသင်းလို့ ပြောရမှာပါ။ ဂျူဗင်တပ်စ်အသင်းအနေ နဲ့ မိုရာတာကို ပြန်ခေါ်ချင်တဲ့အကြောင်းတရားတွေကလည်းအများကြီးရှိတယ်။

ပထမဦးဆုံးပြောချင်တာက ဂျူဗင်တပ်စ်အသင်းရဲ့အကြီးအကဲတစ်ဦးဖြစ်တဲ့ မာရောတာက အသင်းအနေနဲ့ မိုရာတာကို ပြန်ခေါ်ယူဖို့အတွက် အခွင့်အရေး မရခဲ့ဘူးလို့ ပြောဆိုခဲ့ဖူးတယ်။ ဒုတိယအနေနဲ့က ဂျူဗင်တပ်စ်အသင်းအနေနဲ့ မိုရာတာကို စာချုပ်ထဲမှာ ပါဝင်တဲ့ သဘောတူညီမှုကြောင့်သာ ရီးရဲကို ပြန်ရောင်းလိုက်ရတာ ဖြစ်ပေမယ့် အမြဲတမ်းပြန်ခေါ်နိုင်ဖို့ စိတ်ဝင်စားနေခဲ့တယ်။ တတိယအချက်က မိုရာတာရဲ့ ဇနီးသည်ဟာ ဗင်နစ်မြို့သူဖြစ်တာကြောင့် အီတလီဟာ သူ့အိမ်လို့လည်း ပြောရမယ်။

ဘောလုံးလောကမှာတော့ ကစားသမားတစ်ယောက်ရဲ့အနာဂတ်နဲ့ ပတ်သက်ပြီး အတိအကျပြောဆိုနိုင်ဖို့ ကတော့ခက်ပါတယ်။ ဒါပေမယ့် ဖြစ်တည်လာနိုင်ဖွယ်ရှိတဲ့ အကြောင်းခြင်းရာတွေကို ထောက်ရှုကာ မိုရာတာရဲ့ အနာဂတ်ကို အဖြေရှာကြည့်ပေမယ့် ဝေဝါးတဲ့ပုစ္ဆာတစ်ပုဒ်အဖြစ်သာရှိနေသေးတယ်လို့ပြောရမှာပါ။ ။

# မန်ယူခံစစ်ကစားသမားနှစ်ဦးအား အသင်းမှ ထွက်ခွာနိုင်ကြောင်း မန်နေဂျာ မော်ရင်ညို ပြောဆိုထား

မန်ယူအသင်း မန်နေဂျာ ဟိုဆေးမော်ရင်ညိုက မန်ယူအသင်း ခံစစ်ကစားသမားများဖြစ်သည့် ဒါမီယန်နှင့် ဒါလေဘလင်းတို့အား လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ဈေးကွက်ကာလအတွင်းတွင် မန်ယူမှ ထွက်ခွာလိုပါက ထွက်ခွာနိုင်သည်ဟု အသိပေး ပြောဆိုခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မန်ယူအသင်းသည် ရာသီသစ်အတွက် ဂျာစီသစ်များ မိတ်ဆက်ရန် မကြာသေးမီက ဓာတ်ပုံရိုက်ကူးခဲ့ရာတွင် အီတလီခံစစ်မှူး ဒါမီယန်နှင့် ဟော်လန်ခံစစ်ကစားသမား ဒါလေဘလင်းတို့ ပါဝင်လာခဲ့ခြင်းမရှိသောကြောင့် အဆိုပါကစားသမားများမှာ မန်ယူအသင်း၏ အနာဂတ်တွင် ပါဝင်ခြင်း မရှိတော့ကြောင်း ထင်ကြေးပေးမှုများလည်း ထွက်ပေါ်လျက်ရှိသည်။ ဒါမီယန်နှင့် ဒါလေဘလင်းတို့သည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ် ကျန်ရှိနေသေးသည့် ကစားသမားများ ဖြစ်သည်။

မန်ယူအသင်းသည် ခံစစ်မှူး ဒါမီယန်အား ရောင်းချရေးအတွက် ဂျူဗင်တပ်စ်အသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီး မန်ယူအသင်းအနေဖြင့် ဒါမီယန်၏ ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၁၅ သန်း ရရှိရန် မျှော်လင့်ထားသည်ဟု ဆိုသည်။ ခံစစ်မှူး ဒါမီယန်သည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်းအတွက် ပွဲထွက်ကစားသမားအဖြစ် သုံးပွဲသာ ပါဝင်ခွင့်ရခဲ့သူဖြစ်သည်။

ဟော်လန်ကစားသမား ဒါလေဘလင်းသည် စီးရီးအေကလပ် ရိုးမားအသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေပြီး လွန်ခဲ့သည့် တစ်နှစ်က ရိုးမားအသင်းသည် ဒါလေဘလင်းအား ခေါ်ယူရန် ကြိုးစားခဲ့ဖူးသည့်အသင်းဖြစ်သည်။ ဒါလေဘလင်းသည် ရိုးမားအသင်းမှ ဟော်လန်ကွင်းလယ်ခံစစ်ကစားသမား ကီဗင် စထရောက်မန်နှင့် ရင်းနှီးသည့် မိတ်ဆွေများဖြစ်သည်။ ဒါလေဘလင်းသည် ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် စုစုပေါင်း ၁၆ ပွဲသာ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်သည်။ မန်နေဂျာ မော်ရင်ညိုသည် ဒါလေဘလင်းနှင့် ဒါမီယန်တို့အား ရောင်းချကာ ခံစစ်ကစားသမားသစ်နှစ်ဦး ပြန်လည်အားဖြည့်ရန် ရည်ရွယ်နေသူ ဖြစ်သည်။ **ထက်အောင်**



ဝေ မိုး ဆက်

# ချန်ပီယံလိဂ်ဝင်ခွင့်အတွက် လီဗာပူးကို အနိုင်ယူမယ့် ချယ်လ်ဆီး

ပရီးမီးယားလိဂ်ပွဲစဉ် ၃၇ ကိုလာ မယ့် မေ ၅ရက်၊ ၆ရက်နေ့တို့မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါပွဲမှာတော့ ချယ်လ်ဆီးနဲ့ လီဗာပူးဆုံတွေ့နေတဲ့ပွဲပါဝင်နေလို့ စိတ်ဝင်စားဖို့ကောင်းနေတဲ့အပြင် တန်းဆင်းရမယ့်အသင်းတွေကလည်း အဖြေမထွက်သေးတာကြောင့် အကြိတ်အနယ်အားပြိုင်ကြဦးမှာပါ။ အထူးသဖြင့် ၃ ပွဲကျန်အနေအထားမှာ စပါးနဲ့ ငါးမှတ်သာကွာဟနေတဲ့ ချယ်လ်ဆီးအနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့ဆိုရင် လီဗာပူးကိုအနိုင်ရဖို့လိုအပ်နေလို့ ချယ်လ်ဆီးရဲ့ခြေစွမ်းကို စောင့်ကြည့်ရမယ်။

## ဘရိုက်တန် Vs မန်ယူ

ပကျော့ မန်ယူ ၁ ၀ ဘရိုက်တန်

တန်းမဆင်းရဖို့အတွက် ဘရိုက်တန်အနေနဲ့အမှတ် လိုအပ်ချက်ရှိနေပါသေးတယ်။ ဒါကြောင့်လည်းဘရိုက်တန်အနေနဲ့ နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလို ခြေစွမ်းလည်းကောင်းနေပါတယ်။ မန်ယူအတွက်ကတော့ အရေးမပါတော့တာကြောင့် ပွဲကိုထိန်းကစားဖို့သာရှိပါတယ်။ အထူးသဖြင့် ဘရိုက်တန်က အိမ်ကွင်းဖြစ်နေတာကြောင့် ပိုမိုအားစိုက်ကစားမှာဖြစ်သလို အိမ်ကွင်းခြေလည်းကောင်းမွန်မှုရှိပါတယ်။ ဒါကြောင့်လည်း မန်ယူဂိုးပြတ်နိုင်ဖို့ခက်မယ်။

## ဝက်ဖို့ဒ် Vs ကာဆယ်

ပကျော့ ကာဆယ် ၀ ၃ ဝက်ဖို့ဒ်

ကာဆယ်ကမျှော်လင့်ချက်အတွက် အားစိုက်ရမယ့်အခြေအနေမရှိတော့လို့ ရုန်းကန်ကစားမှုလျော့နည်းလာတယ်။ အခုပွဲကလည်း အဝေးကွင်းဖြစ်တယ်။ ဝက်ဖို့ဒ်ကတန်းမဆင်းရဖို့ အမှတ်လိုနေသေးလို့အိမ်ကွင်းမှာအားစိုက်ကစားလာဖို့ရှိပါတယ်။ အထူးသဖြင့် ဝက်ဖို့ဒ်ရဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ကလည်း ကောင်းမွန်တာကြောင့် ကာဆယ်ကိုထိန်းချုပ်နိုင်ဖို့ရှိကာ နိုင်ပွဲလည်းရမယ်။

## ဘုန်းမောက် Vs ဆွမ်ဆီး

ပကျော့ ဆွမ်ဆီး ၀ ၀ ဘုန်းမောက်

ဆွမ်ဆီးတို့တန်းမဆင်းရဖို့အတွက်ဆိုရင် လုံးဝအမှားမခံတော့ပါဘူး။ ဒါပေမယ့် ဆွမ်ဆီးခြေကအဝေးကွင်းဆိုရင် ပိုမိုအားနည်းတတ်ပါတယ်။ ဘုန်းမောက်ကလည်း တန်းမဆင်းရဖို့ အမှတ်လိုအပ်ချက်ရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ ဘုန်းမောက်တို့ အားစိုက်ကစားလာမှာ ဖြစ်သလို တိုက်စစ်ဖွင့်ကစားလာမှာလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ဆွမ်ဆီးခံစစ်က အဝေးကွင်းပွဲတွေမှာဆိုရင် ကျစ်လျစ်မှုပိုမိုကျဆင်းတတ်တာကြောင့် ဘုန်းမောက်အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းရမယ်။

## ဝက်စ်ဘရွန်း Vs စပါး

ပကျော့ စပါး ၁ ၁ ဝက်စ်ဘရွန်း

တန်းမဆင်းရဖို့ မျှော်လင့်ချက်ရှိနေတဲ့ ဝက်စ်ဘရွန်းတို့ဒီပွဲမှာလည်း အားစိုက်ကစားလာမှာ ဖြစ်သလိုခြေစွမ်းလည်း တည်ငြိမ်နေပါတယ်။ စပါးကလည်းလက်ရှိ နေရာတည်မြဲဖို့ အားစိုက်လာမှာဖြစ်ပေမယ့် အဝေးကွင်းဖြစ်နေတယ်။ အိမ်ကွင်းအားနဲ့ တုံ့ပြန်ကစားလာမယ့် ဝက်စ်ဘရွန်းရဲ့ရုန်းအားကြောင့် စပါးအခက်တွေ့နိုင်ကာ အနိုင်ရရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

## အဲဗာတန် Vs ဆောက်သမ်တန်

ပကျော့ ဆောက်သမ်တန် ၄ ၁ အဲဗာတန်

လက်ရှိအချိန်မှာ တန်းမဆင်းရဖို့အတွက် မျှော်လင့်ချက်ရှိနေတဲ့ ဆောက်သမ်တန်ဟာ အားစိုက်ကစားနေသလို ခြေစွမ်းလည်းကောင်းလာပါတယ်။ အဲဗာတန်ကတော့ ခြေစွမ်းတည် ငြိမ်နေပေမယ့်မျှော်လင့်ချက်အတွက် အားစိုက်ရမယ့်အခြေအနေမရှိတော့ပါဘူး။ အဲဗာတန်ရဲ့အိမ်ကွင်းဖြစ်ပေမယ့်လည်း ရမှတ်လိုအပ်နေတာကြောင့် အားစိုက်ကစားလာမယ့် ဆောက်သမ်တန်အနိမ့်ဆုံးသရေရမယ်။

## ချယ်လ်ဆီး Vs လီဗာပူး

ပကျော့ လီဗာပူး ၁ ၁ ချယ်လ်ဆီး

ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ နောက်ဆုံးအချိန်အထိအားစိုက်ကစားနေပါတယ်။ တိုက်စစ်ပိုင်းဂိုးသွင်းခြေမငြိမ်ပေမယ့် အသင်းလိုက်ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိတယ်။ အိမ်ကွင်းလည်းဖြစ်နေလို့ အားစိုက်လာမှာပါ။ လီဗာပူးကတော့ ချန်ပီယံလိဂ်ကိုပိုမိုဦးစားပေးနေကာ ဒီပွဲမတိုင်ခင်မှာလည်း ချန်ပီယံလိဂ်ပွဲကစားခဲ့ရမှာဖြစ်တာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ချယ်လ်ဆီးနိုင်ပွဲရမယ်။

## လက်စတာ Vs ဝက်စ်ဟမ်း

ပကျော့ ဝက်စ်ဟမ်း ၁ ၁ လက်စတာ

ဝက်စ်ဟမ်းရဲ့လက်ရှိအခြေအနေက တန်းမဆင်းရဖို့အာမခံချက် မရှိသေးဘူး။ ဒါကြောင့်လည်း နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေတယ်။ ဝက်စ်ဟမ်းရဲ့ခံစစ်ပိုင်းကအားနည်းမှုတွေရှိနေတယ်ဆိုပေမယ့် လက်စတာရဲ့အခြေအနေကလည်း အားစိုက်ကစားရဖို့မရှိတော့တာကြောင့် ရုန်းကန်အား ကျနေတယ်။ ပဲလေ့စ်ကို ငါးဂိုးပြတ်နဲ့တောင်အရေးနိမ့်ခဲ့တယ်။ ဒါကြောင့် လက်စတာကွင်းဖြစ်ပေမယ့်လည်း ဝက်စ်ဟမ်းရဲ့တုံ့ပြန်ကစားအားကြောင့် သရေကျသွားဖို့ရှိတယ်။

## မန်စီးတီး Vs ဟက်ဒါဖီးလ်

ပကျော့ ဟက်ဒါဖီးလ် ၁ ၂ မန်စီးတီး

ဟက်ဒါဖီးလ်တို့ တန်းမဆင်းရဖို့ဆိုတာ စိတ်ချရတဲ့ အခြေအနေမှာ မရှိသေးလို့ အားစိုက်ကစားနေတယ်။ ဒါပေမယ့် ခြေစွမ်းကတော့ မငြိမ်သလိုအဝေးကွင်းဖြစ်ပြီး ရင်ဆိုင်ရမှာကလည်း မန်စီးတီး ဖြစ်နေပါတယ်။ အထူးသဖြင့် မန်စီးတီးအနေနဲ့နောက်ပိုင်းပွဲတွေမှာ ဖိအားမရှိတော့သလို ခြေစွမ်းလည်းတောက်လျှောက် ကောင်းမွန်နေပါတယ်။ အိမ်ကွင်းမှာ မန်စီးတီးပဲ ဂိုးပြတ်အနိုင်ရမယ်။

## စတုတ် Vs ပဲလေ့စ်

ပကျော့ ပဲလေ့စ် ၂ ၁ စတုတ်

နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာလက်စတာကို ငါးဂိုးပြတ်အနိုင်ရခဲ့တာကြောင့် ပဲလေ့စ်တို့ ၃၈ မှတ်ရသွားပြီ ဖြစ်ပါတယ်။ ဒါပေမယ့် တန်းဆင်းဇုန်အတွင်းက သုံးပွဲကစားဖို့ ကျန်နေသေးတဲ့ ဆောက်သမ်တန်ကလည်း လက်ကျန်ပွဲတိုင်းနိုင်ရင် ၄၁ မှတ် ရသွားနိုင်လို့ ပဲလေ့စ်တို့ တန်းမဆင်းရတော့ဘူးလို့ ပြောလို့မရသေးပါဘူး။ ဒါကြောင့် ဒီပွဲမှာလည်း ပဲလေ့စ်တို့ အားစိုက်လာဖို့ရှိနေပါသေးတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ စတုတ်ကလည်း တန်းမဆင်းရဖို့အားစိုက်လာမှာဖြစ်လို့ သရေကျနိုင်တယ်။

## အာဆင်နယ် Vs ဘန်လေ

ပကျော့ ဘန်လေ ၀ ၁ အာဆင်နယ်

အာဆင်နယ်အနေနဲ့ ယူရိုပါလိဂ်ပွဲကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဒါပေမယ့် ဒီပွဲက ယူရိုပါလိဂ်ဝင်ခွင့်အတွက် အရေးပါလာနိုင်လို့ အာဆင်နယ်တို့ အားစိုက်ကစားလာဖို့တော့ရှိပါတယ်။ အထူးသဖြင့် ဘန်လေရဲ့တိုက်စစ်ပိုင်းကလည်းအခုနောက်ပိုင်းမှာ ကျဆင်းလာတာကိုတွေ့ရတယ်။ ဒါကြောင့် အာဆင်နယ်တို့ အိမ်ကွင်းမှာအခွင့်အရေးရနိုင်သလို နိုင်ပွဲလည်းရရှိသွားမှာပါ။

## ပရီမီယာလိဂ်ပွဲစဉ် (၃၇)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၄-၅-၁၈ |
| ဘရိုက်တန် | - | မန်ယူ | နံနက် ၁း၃၀ |
| စနေနေ့ | | | ၅-၅-၁၈ |
| စတုတ် | - | ပဲလေ့စ် | ည ၆း၀၀ |
| ဘုန်းမောက် | - | ဆွမ်ဆီး | ည ၈း၃၀ |
| လက်စတာ | - | ဝက်စ်ဟမ်း | ည ၈း၃၀ |
| ဝက်ဖို့ဒ် | - | ကာဆယ် | ည ၈း၃၀ |
| ဝက်စ်ဘရွန်း | - | စပါး | ည ၈း၃၀ |
| အဲဗာတန် | - | ဆောက်သမ်တန် | ည ၁၁း၀၀ |
| တနင်္ဂနွေနေ့ | | | ၆-၅-၁၈ |
| မန်စီးတီး | - | ဟက်ဒါဖီးလ် | ည ၇း၀၀ |
| အာဆင်နယ် | - | ဘန်လေ | ည ၁၀း၀၀ |
| ချယ်လ်ဆီး | - | လီဗာပူး | ည ၁၀း၀၀ |

## စပိန်လီဂါပွဲစဉ် (၃၆)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၄-၅-၁၈ |
| ဆီဗီလာ | - | ဆိုစီဒက်စ် | နံနက် ၁း၃၀ |
| စနေနေ့ | | | ၅-၅-၁၈ |
| ဂျီရိုနာ | - | အီဘာ | ည ၅း၃၀ |
| ဘီဘာအို | - | ဘက်တစ် | ည ၈း၄၅ |
| ဆဲလ်တာဗီဂို | - | ဒီပိုတီဗို | ည ၁၁း၀၀ |
| ဗီလာရီးရဲ | - | ဗလင်စီယာ | နံနက် ၁း၁၅ |
| တနင်္ဂနွေနေ့ | | | ၆-၅-၁၈ |
| မာလာဂါ | - | အလာဗက်စ် | ည ၄း၃၀ |
| အက်သလက် | - | အက်စပန်ညို | ည ၈း၄၅ |
| လက်ပဲလ်မက်စ် | - | ဂီတာဖေး | ည ၁၁း၀၀ |
| ဘာစီလိုနာ | - | ရီးရဲ | နံနက် ၁း၁၅ |
| တနင်္လာနေ့ | | | ၇-၅-၁၈ |
| လီဂါနက်စ် | - | လီဗန်တေး | နံနက် ၁း၃၀ |

## စီးရီးအေပွဲစဉ် (၃၅)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၅-၅-၁၈ |
| မီလန် | - | ဗီရိုနာ | ည ၁၀း၃၀ |
| ဂျူဗင်တပ်စ် | - | ဘိုလော့ဂ်နာ | နံနက် ၁း၁၅ |
| တနင်္ဂနွေနေ့ | | | ၆-၅-၁၈ |
| အူဒီးနီးစ် | - | အင်တာ | ည ၅း၀၀ |
| လာဇီယို | - | အတ္တလန္တာ | ည ၇း၃၀ |
| SPAL | - | ဘီနီဗန်တို | ည ၇း၃၀ |
| ချီယေဗို | - | ခရိုတိုနီ | ည ၇း၃၀ |
| ဂျီနိုအာ | - | ဖီအိုရင်တီးနား | ည ၇း၃၀ |
| နာပိုလီ | - | တိုရီနို | ည ၇း၃၀ |
| ဆက်ဆူအိုလို | - | ဆမ့်ဒိုးရီးယား | ည ၁၀း၃၀ |
| ကယ်ဂလီယာရီ | - | ရိုးမား | နံနက် ၁း၁၅ |

## ပရီမီယာလိဂ် ပွဲကျန်များ

| | | | |
|---|---|---|---|
| အင်္ဂါနေ့ | | | ၈-၅-၁၈ |
| ဆွမ်ဆီး | - | ဆောက်သမ်တန် | နံနက် ၁း၁၅ |
| ဗုဒ္ဓဟူးနေ့ | | | ၉-၅-၁၈ |
| လက်စတာ | - | အာဆင်နယ် | နံနက် ၁း၁၅ |
| ချယ်လ်ဆီး | - | ဟက်ဒါဖီးလ် | နံနက် ၁း၁၅ |
| မန်စီးတီး | - | ဘရိုက်တန် | နံနက် ၁း၃၀ |
| စပါးစ် | - | ကာဆယ် | နံနက် ၁း၃၀ |
| ကြာသပတေးနေ့ | | | ၁၀-၅-၁၈ |
| ဝက်စ်ဟမ်း | - | မန်ယူ | နံနက် ၁း၁၅ |

## ပြင်သစ်ဖလား ဗိုလ်လုပွဲ

| | | | |
|---|---|---|---|
| အင်္ဂါနေ့ | | | ၈-၅-၁၈ |
| လီဟာဗေး | - | ပီအက်စ်ဂျီ | နံနက် ၁း၃၅ |

## ကိုပါဒီတာလီယာဖလား ဗိုလ်လုပွဲ

| | | | |
|---|---|---|---|
| ဗုဒ္ဓဟူးနေ့ | | | ၉-၅-၁၈ |
| ဂျူဗင်တပ်စ် | - | မီလန် | နံနက် ၁း၃၀ |

## စပိန်လာလီဂါ ပွဲကျန်များ

| | | | |
|---|---|---|---|
| ဗုဒ္ဓဟူးနေ့ | | | ၉-၅-၁၈ |
| ဘာစီလိုနာ | - | ဗီလာရီးရဲ | နံနက်၀၀း၃၀ |
| ဆီဗီလာ | - | ရီးရဲ | နံနက် ၂း၀၀ |

# လေယာဉ်မယ်၊ သူနာပြုဆရာမနှင့် မြို့နယ်အဆင့် အရာရှိဝန်ထမ်းများ

**ကျော်လင်း(ဆောက်လုပ်ရေး)**

**“အစိုးရအဖွဲ့အစည်းတစ်ရပ်အတွက် အခြေခံအကျဆုံး Grass Root မှာ မြို့နယ်အဆင့် ဝန်ထမ်းများ ဖြစ်သည်။ လူဦးရေအားဖြင့်လည်း အများဆုံးဖြစ်သလို တစ်နိုင်ငံလုံးကို လွှမ်းခြုံထားသော ဝန်ထမ်းများဖြစ်သည်။ ကိစ္စရပ်များအားလုံးသည် မြို့နယ်အဆင့် မှစတင်၍ ပေါ်ပေါက်လာပြီး ထိပ်ဆုံးသို့ရောက်ရှိလာသည်။ မြို့နယ်အဆင့်ဝန်ထမ်းများ မလိမ္မာလျှင် မလိမ္မာသလို အဆိုပါအဖွဲ့အစည်းသည် အဆိုပါမြို့နယ်တွင် နာမည်ဆိုးဖြင့် ကျော်ကြားလာရသည်။ မြို့နယ်အဆင့်ဝန်ထမ်းများ တော်လျှင် တော်သလို အဆိုပါ အဖွဲ့အစည်းသည် အဆိုပါမြို့နယ်တွင် နာမည်ကောင်းရကြသည်”**

### လေယာဉ်မယ်

လေယာဉ်မယ်တိုင်း၊ လေယာဉ်မယ်တိုင်းသည် မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြသည်ကို တွေ့ရသည်။ လေယာဉ်စတင်ပျံသန်းရန် ပြင်ဆင်ချိန်တွင် ခရီးသည်များ အန္တရာယ်ကင်းရှင်းရန် demonstration ပြသခြင်း၊ လေယာဉ်စားပွဲငယ်နှင့် နောက်မှီများ တည့်မတ်စေရန် စစ်ဆေးခြင်း၊ လေယာဉ်ပြတင်းပေါက်များ ဖွင့်ထားမှု စိစစ်ခြင်း၊ လေယာဉ်ပျံသန်းချိန်တွင်လည်း ခရီးသည်ကို အစားအသောက်ကျွေးမွေးခြင်း၊ ပြန်လည်သိမ်းဆည်းခြင်း၊ လေယာဉ်ဆင်းသက်ချိန်တွင် လေယာဉ်ပြတင်းများ၊ နောက်မှီထိုင်ခုံတည့်မတ်မှု၊ စားပွဲငယ်တည့်မတ်မှုများ စစ်ဆေးခြင်းနှင့် ခါးပတ် ပတ်၊ မပတ် စိစစ်ခြင်းတို့ကို ခရီးစဉ် အစမှ အဆုံးအထိ လိုအပ်သလို ဆောင်ရွက်ကြရသည်။

ရှေ့ဆုံးခုံတန်းတွင် ဝန်ကြီးအဆင့် (သို့မဟုတ်) ထိုထက်အဆင့်မြင့်သောပုဂ္ဂိုလ် ပါဝင်ပါသော်ငြားလည်း မည်သူ့ကိုမျှ အားမနာပါ။ လေယာဉ်မပျံတက်မီ ဘေးမှ အရေးပေါ်ထွက်ပေါက်အသုံးပြုပုံကို သူက ရှင်းပြပါလိမ့်မည်။ ဤဝန်ကြီးသည် မကြာခဏ လေယာဉ်၏ရှေ့ဆုံးတွင်ထိုင်တတ်၍ သိပြီးဖြစ်သည်ဟု လေယာဉ်မယ်တိုင်းက သိထားသော်လည်း လေယာဉ်စတင်ထွက်ခွာရန် ပြင်ဆင်သည်နှင့် အရေးပေါ်ထွက်ပေါက်အကြောင်း ရှင်းပြမြဲသာဖြစ်သည်။ သူ့တာဝန်ကို သူကျေပွန်ခြင်းသာဖြစ်သည်။

လေယာဉ်ဆင်းသက်ရန် လေယာဉ်မှူးမှ အချက်ပေးသည်နှင့် လေယာဉ်မယ်အသီးသီးသည် မိမိတို့ တာဝန်ယူရမည့် ခုံတန်းအသီးသီးကို ပြတင်းပေါက် ဖွင့်ထားမထား ၊ ကုလားထိုင်နောက်မှီ တည့်မတ်မှု၊ စားပွဲငယ်တည့်မတ်မှုနှင့် ခါးပတ်ပတ်ထားမှု ရှိ မရှိတို့ကို စစ်ဆေး၍ မဆောင်ရွက်ထားပါက မည်သူ့ကိုမျှ အားနာငဲ့ညှာခြင်းမပြုဘဲ ချက်ချင်းဆောင်ရွက်ရန် အမိန့်ပေးပါသည်။ ရှေ့ဆုံးတန်းမှာ ဝန်ကြီးတစ်ဦးဦးက နေပူ၍ လေယာဉ်ပြတင်းပေါက် အကာချထားလျှင်လည်းကောင်း၊ ထိုင်ခုံကို နောက်သို့လျှော၍ ထိုင်နေလျှင်လည်းကောင်း လေယာဉ်မယ်တို့သည် ခွင့်ပြုမည်မဟုတ်ပါ။ VIP ကိုလည်း သူတို့က အားနာမှုဖြင့် ခွင့်ပြုလိမ့်မည်မဟုတ်ပါ။ မည်သူ့ကိုမဆို စာအုပ်တွင်ညွှန်ကြားထားသည့်အတိုင်းသာ ဆက်လက်ညွှန်ကြား၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြပါသည်။

### သူနာပြုဆရာမ

ဆေးရုံများတွင် ထမ်းဆောင်သော သူနာပြုဆရာမများသည်လည်း လေယာဉ်မယ်များနည်းတူဖြစ်ပါသည်။ သူတို့တာဝန်ကို တိကျစွာ ထမ်းဆောင်ကြသည်။ လူနာစောင့်များ ဆေးလိပ်သောက်သုံးနေသည်ကို တွေ့လျှင်လည်းကောင်း၊ အမှိုက်စွန့်ပစ်သည်ကို တွေ့လျှင်လည်းကောင်း မည်သူ့ကိုမှ အားမနာဘဲ တားမြစ်ပါလိမ့်မည်။ ဆရာဝန်က စားခွင့်မပြုသော အစားအစာများကို လူနာက စားမည်ပြုလျှင် မည်သည့် VIP လူနာကိုမှ ခွင့်ပြုလိမ့်မည်မဟုတ်၊ ချက်ချင်း တားမြစ် ပါလိမ့်မည်။ သတ်မှတ်ထားသောအချိန်တွင် ဆေးသောက်ရန် (သို့မဟုတ်) ဆေးတိုက်ရန် ရောက်လာ၍ ဆေးတိုက်ပါလိမ့်မည်။ သတ်မှတ်ထားချိန်တွင် ကိုယ်အပူချိန်တိုင်းခြင်း၊ Pressure တိုင်းခြင်းများကို ဆောင်ရွက်သွားလိမ့်မည်။ VIP လူနာဖြစ်၍ အိပ်နေ၍ စောင့်မည် မဟုတ်ပါ။ နှိုး၍ ဆေးတိုက်ခြင်း၊ Pressure တိုင်းခြင်းများ ဆောင်ရွက်မည်သာ ဖြစ်သည်။ သူနာပြုဆရာမများသည်လည်း တာဝန်ချိန်ဆောင်ရွက်ရမည့် တာဝန်များကို သတ်မှတ်ထားသည့်အတိုင်း အတိအကျ ထမ်းဆောင်သွားမည်သာလျှင်ဖြစ်သည်။

### မြို့နယ်အဆင့်ဝန်ထမ်းများ

အစိုးရအဖွဲ့အစည်းတစ်ရပ်အတွက် အခြေခံအကျဆုံး Grass Root မှာ မြို့နယ်အဆင့် ဝန်ထမ်းများ ဖြစ်သည်။ လူဦးရေအားဖြင့်လည်း အများဆုံးဖြစ်သလို တစ်နိုင်ငံလုံးကို လွှမ်းခြုံထားသော ဝန်ထမ်းများဖြစ်သည်။ ကိစ္စရပ်များအားလုံးသည် မြို့နယ်အဆင့်မှစတင်၍ ပေါ်ပေါက်လာပြီး ထိပ်ဆုံးသို့ ရောက်ရှိလာသည်။ မြို့နယ်အဆင့်ဝန်ထမ်းများ မလိမ္မာလျှင် မလိမ္မာသလို အဆိုပါအဖွဲ့အစည်းသည် အဆိုပါမြို့နယ်တွင် နာမည်ဆိုးဖြင့် ကျော်ကြားလာရသည်။ မြို့နယ်အဆင့်ဝန်ထမ်းများ တော်လျှင် တော်သလို အဆိုပါ အဖွဲ့အစည်းသည် အဆိုပါမြို့နယ်တွင် နာမည်ကောင်းရကြသည်။ အားလုံးသည် အစိုးရအဖွဲ့အစည်းများဖြစ်၍ သားသမီးမကောင်း မိဘခေါင်းဆိုသလို နောက်ဆုံးတွင် အစိုးရပုံရိပ်ကို လာရောက်ထင်ဟပ်ပါသည်။

### ကိုယ်စီတာဝန် ကျေပွန်မှု

မြို့နယ်အဆင့်ဝန်ထမ်းများသည် ကိုယ်စီတာဝန်ကျေပွန်ရန် လိုအပ်ပါသည်။ သတ်မှတ်ထားသည့် မြို့နယ်အဆင့် Standard Operating Procedure များကို ကျေညက်စွာနားလည်ပြီး နေ့စဉ်လုပ်ငန်းဆောင်တာများကို သတ်မှတ်ထားသည့်အတိုင်း စဉ်ဆက်မပြတ်လုပ်ဆောင်နေရန် လိုသည်။ တာဝန်ကျေပွန်ဖို့လိုသည်။ ဥပမာအားဖြင့် မြို့နယ်အင်ဂျင်နီယာတစ်ဦးသည် နေ့စဉ် မိမိမြို့နယ်၏ လမ်းများပေါ်သို့တစ်ခေါက်ရောက်ရမည်။ လမ်းနယ်အတွင်း ကျူးကျော်မှုများတွေ့ရှိပါက ဥပဒေအရ ချက်ချင်း အရေးယူဆောင်ရွက်ရမည်။ လမ်းပျက်စီးမှု၊ တံတားပျက်စီးမှုများရှိပါက မှတ်တမ်းတင်၍ ချက်ချင်းအစီရင်ခံရမည်။ အသေးစားပျက်စီးမှုများကို ချက်ချင်းပြုပြင်ရမည်။ နှစ်စဉ် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ကြီးကြပ်ရမည်။ သိုလှောင်ရုံများကို နေ့စဉ် စစ်ဆေးရမည်။ အတိုင်းအတာစာအုပ်(M.B) အတွင်းသို့ ရေးသွင်းရမည် စသဖြင့် နိစ္စဓူဝ ဆောင်ရွက်ရမည့် ကိစ္စများကို နေ့စဉ် ဆောင်ရွက်နေရပါမည်။

အမုန်းခံရမည်စိုး၍ ရန်ပြုခံရမည်စိုး၍ လမ်းနယ်ပေါ် ကျူးကျော်မှုများကို မသိကျိုးကျွန်ပြုနေမည်၊ တန်ပိုယာဉ်ကြီးများ သွားလာနေသည်ကို မသိကျိုးကျွန်ပြုနေမည် ဆိုပါက အချိန်ကြာလာသည်နှင့်အမျှ အဆိုပါပြဿနာများ ကြီးလာပြီး ရှင်းမရနိုင်သည့်အခြေအနေသို့ ရောက်သွားရပါသည်။ မြို့နယ်အင်ဂျင်နီယာအဆင့် တစ်ဦးချင်းက SOP အတိုင်း လိုက်နာ၍ တာဝန်ကျေပွန်နေလျှင် ဤသို့ပြဿနာများ ကြီးထွားလာမည် မဟုတ်ပါ။

အလားတူ အခြားဌာနများ၏ မြို့နယ်အဆင့်အရာရှိများမှစ၍ အဆင့်ဆင့်သော ဝန်ထမ်းကြီးငယ် အားလုံးသည်လည်း မိမိ၏လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ လူထုနှင့် ထိတွေ့ဆက်ဆံရာတွင်လည်းကောင်း SOP မှ သတ်မှတ်ထားသည့်အတိုင်း ညွှန်ကြားလွှာပါအတိုင်း တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြမည်ဆိုပါက သက်ဆိုင်ရာဌာနများအားလုံး အောင်မြင်ကြပြီး အစိုးရယန္တရားတစ်ခုလုံးလည်း အောင်မြင်လာမည်ဖြစ်သည်။

လေယာဉ်မယ်တစ်ဦးချင်းစီ တာဝန်ကျေနေသလို၊ သူနာပြုဆရာမ တစ်ဦးချင်းစီက တာဝန်ကျေနေကြသလို ဌာနဆိုင်ရာအသီးသီး၏ Grass Root အဆင့် မြို့နယ်အဆင့်ဝန်ထမ်းများမှစ၍ ဝန်ထမ်းအဆင့်ဆင့်သည်လည်း နိစ္စဓူဝကိစ္စရပ်များတွင် ကိုယ်စီတာဝန်ကျေပွန်နေကြမည်ဆိုပါက အစိုးရယန္တရားတစ်ခုလုံးသည် ချောမောအောင်မြင်လာလိမ့်မည် ဖြစ်ပေသည်။ ။

---

# ဓနုဖြူမြို့နယ်၌ နွားလှည်းအမြန်မောင်းပြိုင်ပွဲ ကျင်းပ

**ဓနုဖြူ မေ ၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ဒေသခံတောင်သူလယ်သမားကြီးများ တစ်နှစ်တာကာလအတွင်း လယ်ယာလုပ်ငန်းခွင်တွင် ပင်ပန်းခဲ့သမျှ အမောပြေလန်းဆန်းစေရန် ရည်ရွယ်လျက် စွမ်းဆောင်ရည်မြင့်မားသော နွားများကို မြန်မာ့ရိုးရာလှည်းယာဉ်တွင် တပ်ဆင်၍ နွားလှည်းအမြန်မောင်းယှဉ်ပြိုင်ပွဲကို ကျင်းပလေ့ရှိရာ မေ ၁ ရက်က ဓနုဖြူမြို့ နယ် ငါးဘတ်အိုင်အုပ်စု ရွာကလေးကျေးရွာရှိ လယ်သမားကြီး ဦးလှကြည်၏ လယ်ကွင်း၌ ပြိုင်ပွဲတစ်ပွဲကျင်းပခဲ့ကြောင်း သိရသည်။



ပြိုင်ပွဲတွင် ဓနုဖြူမြို့နယ်မှ မိုးကြိုးအမည်ဖြင့် နာမည်ကြီးနွားနှင့် မြန်အောင်မြို့နယ်မှ ကြယ်တံခွန်အမည်ဖြင့် နာမည်ကြီးနွားတို့ ယှဉ်ပြိုင်မောင်းနှင်ခဲ့ကြသည်။ ပြိုင်ပွဲကို နှစ်ကျော့ ယှဉ်ပြိုင်မောင်းနှင်ရာတွင် ဓနုဖြူမြို့နယ်မှ မိုးကြိုးက နှစ်ကျော့လုံး၌ အပြစ်ကင်းစွာ ပြေးလမ်းတစ်လျှောက်ပြေးနိုင်ပြီး အနိုင်ရရှိခဲ့ကြောင်း သိရသည်။

“အခုလို စွမ်းဆောင်ရည်မြင့်မားတဲ့ နွားများနဲ့ နွားလှည်းမောင်းပြိုင်ပွဲ ပြုလုပ်ရတဲ့ ရည်ရွယ်ချက်က တောင်သူလယ်သမားကြီးများဟာ တစ်နှစ်တာပတ်လုံး ချွေးတစ်လုံးလုံးနဲ့အပင်ပန်းခံပြီး လယ်ယာလုပ်ငန်းခွင်မှာ စိတ်ရောလူပါ နှစ်မြှုပ်ထားရတာကြောင့် အမောပြေစေဖို့ ပြုလုပ်တာဖြစ်ပါတယ်”ဟု ဓနုဖြူမြို့နယ်မှ နွားလှည်းမောင်းပြိုင်ပွဲ ကျင်းပရေးကော်မတီတာဝန်ခံ လယ်သမားကြီး တစ်ဦးက ရှင်းပြသည်။

ရွာလေးကျေးရွာ ဒေသခံတစ်ဦးက လည်း ယခုလို ကျေးရွာတွင် နွားလှည်းပြိုင်ပွဲကျင်းပရာမှ ရရှိသည့် ငွေကြေးအချို့ကြောင့် ကျေးရွာအတွက် လမ်း၊ တံတားများ ပြုလုပ်ရာတွင် ငွေကြေးအထောက်အကူရကြောင်း၊ ရွာလေးကျေးရွာ၌ ယခုနှစ်တွင် နွားလှည်းမောင်းပြိုင်ပွဲ လေးပွဲ ကျင်းပထားပြီးဖြစ်ကြောင်း ပြောသည်။

ယခုကျင်းပသည့် ပြိုင်ပွဲတွင် အနိုင်ရခဲ့သည့် ဓနုဖြူမြို့နယ်မှ မိုးကြိုးအမည်ရ နွားသည် တစ်နိုင်ငံလုံးတွင် ကျင်းပသည့် နွားလှည်းအမြန်မောင်းပြိုင်ပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စုစုပေါင်း ခုနစ်ပွဲပြိုင်ထားဖူးပြီး ခြောက်ပွဲမှာ အနိုင်ရကာ တစ်ပွဲမှာ အငြင်းပွားမှုဖြစ်စဉ်ကြောင့် အရှုံးပေးခဲ့ရကြောင်း သိရသည်။

**သတင်း-နေလင်း (ညောင်လေးပင်)**
**ဓာတ်ပုံ-မောင်ချစ်ဦး(ပန်းတနော်)**

---

# တိုင်းလိုင်၊ တိုင်းနိုင်း စာပေနှင့်ယဉ်ကျေးမှု သင်တန်းဆင်းပွဲ ဝိုင်းမော်မြို့၌ ကျင်းပ

**ဝိုင်းမော် မေ ၃**

နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီမှုဖြင့် တိုင်းလိုင်၊ တိုင်းနိုင်း စာပေနှင့်ယဉ်ကျေးမှု(ဗဟို)ကော်မတီက ကြီးမှူးဖွင့်လှစ်သည့် ဒုတိယအကြိမ် တိုင်းလိုင်၊ တိုင်းနိုင်း စာပေနှင့်ယဉ်ကျေးမှုသင်တန်းဆင်းပွဲကို မေ ၁ ရက်က ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကချင်ပြည်နယ် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး တိုင်းလိုင်၊ တိုင်းနိုင်း စာပေနှင့်ယဉ်ကျေးမှု (ဗဟို)ကော်မတီ အတွင်းရေးမှူး ဦးမြတ်ခိုင်၊ ဝိုင်းမော်မြို့နယ်လုံးဆိုင်ရာ တိုင်းလိုင်ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယက ဦးစိုင်းညွှန့်မောင်နှင့် ကော်မတီဥက္ကဋ္ဌ ဦးစိုင်းအောင်ထွေးတို့က သင်တန်းဆင်း လမ်းညွှန်အမှာစကားများ ပြောကြားသည်။ ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

တိုင်းလိုင်၊ တိုင်းနိုင်း စာပေနှင့်ယဉ်ကျေးမှု (ဗဟို) ကော်မတီ အတွင်းရေးမှူးက “ဒီသင်တန်းမှာ မူလတန်းကြို ကျောင်းသား ကျောင်းသူများကို သင်ရိုးညွှန်းတန်းနဲ့အညီ သင်ကြားပို့ချနိုင်ရေး ဆွေးနွေးခြင်း၊ တိုင်းလိုင်၊ တိုင်းနိုင်း စာပေနှင့်ယဉ်ကျေးမှုများ၊ စကားများ သင်ကြားပို့ချခြင်း၊ မျိုးနွယ်စုသမိုင်းကြောင်းနဲ့ အထွေထွေဗဟုသုတများ၊ ပန်းအလှဆင်နည်းများကို သင်တန်းမှူး ဆရာဦးညွှန့်အောင်နဲ့ ဆရာ ဆရာမ ၁၀ ဦးတို့က စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်”ဟု ပြောကြားသည်။

သင်တန်းဆင်းပွဲအပြီးတွင် ဝန်ကြီးက ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ စာအုပ် ၁၂၀ ကို ခတ်ချိုကျေးရွာ တိုင်းလိုင်စာပေနှင့် ယဉ်ကျေးမှုကော်မတီထံသို့ ထောက်ပံ့ပေးအပ်ရာ ကျေးရွာကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်မြင့်က လက်ခံရယူခဲ့သည်။ အဆိုပါသင်တန်းကို နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီမှုဖြင့် တိုင်းလိုင်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီက ဦးဆောင်၍ ဧပြီ ၂၀ ရက်မှ မေ ၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ဗန်းမော်ခရိုင်မှ ၄၃ ဦး၊ မိုးညှင်းခရိုင်မှ ၂၃ ဦး၊ မြစ်ကြီးနားခရိုင်မှ ၃၅ ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်မှ ၁၃ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၁၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

---

# သီတဂူ အထူးဓမ္မသဘင် ပုလောမြို့၌ ကျင်းပမည်

**ပုလော မေ ၃**

ကမ္ဘာ့ဗုဒ္ဓသာသနာပြု သီတဂူဆရာတော်ဘုရားကြီး၏ ဩဝါဒခံယူလျက် ပုလောမြို့နယ် အာယုဒါနဆေးရုံဖြစ်မြောက်ရေးအဖွဲ့က ကျင်းပပူဇော်သော အာယုဒါန သီတဂူအထူးဓမ္မသဘင်ကို ပုလောမြို့နယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာယုဒါန သီတဂူအထူးဓမ္မသဘင်ကို ပုလောမြို့ လယ်ဝိုင်းကျောင်းတိုက်အတွင်း၌ မေ ၄ ရက်မှ ၆ ရက်အထိ နေ့စဉ် ည ၇ နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ တရားပွဲတွင် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ဒေါက်တာအရှင်ဣန္ဒာစရိယ၊ ဘိုကလေးမြို့မှ အရှင်အဂ္ဂဝရနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ ဒေါက်တာ အရှင်ကိတ္တိဗလတို့က တရားဓမ္မများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ရှုခင်းသာတောင်ကြောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ မကြာမီ ပြီးစီးတော့မည်

**လားရှိုး မေ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီးပေါ် ကွတ်ခိုင်နှင့် နမ့်ဖတ်ကာအကြားရှိ မိုင် ၂၀ ရှည်သော ရှုခင်းသာတောင်ကြောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မကြာခင်ရက်ပိုင်းအတွင်း လက်စသတ်နိုင်မည်ဖြစ်ပြီး လုပ်ငန်းများ ပြီးစီးတော့မည်ဟု B.O.T စနစ်ဖြင့် လုပ်ကိုင်နေသည့် Oriental Highway ကုမ္ပဏီမှ သိရသည်။

**လုပ်ငန်းများပြီးစီးမှု အခြေအနေ**

"မေ ၁ ရက်မှာ ရှုခင်းသာတောင်ကြော မိုင်၂၀ ကို လေးလမ်းသွား နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းပြီးဖို့ တစ်ဖာလုံလောက်သာ ကျန်ပါတော့တယ်၊ လမ်းပေါ်မှာ ယာဉ်မောင်းတွေလိုက်နာဖို့အတွက် လမ်းညွှန်အမှတ်အသား (Road Sign)၊ မျဉ်းဖြူ၊ မျဉ်းဝါနဲ့ မျဉ်းတို၊ မျဉ်းရှည်အမှတ်အသား (Road Marking)နဲ့ လမ်းဘေးမှာ ရောင်ပြန်တပ်ဆင်ထားတဲ့ လမ်းဘေးအကာ (Road gardway)တွေ လုပ်ဆောင်ထားပြီးဖြစ်ပါတယ်"ဟု လားရှိုးမြို့ရှိ Oriental Highway ကုမ္ပဏီမှ စီမံကိန်းတာဝန်ခံ ဦးအောင်နိုင်ဌေးက ပြောသည်။

ရှုခင်းသာတောင်ကြောပေါ်တွင် လမ်းညွှန်အမှတ်အသား ၁၄၃ ခု တပ်ဆင်ထားပြီးဖြစ်ကြောင်း၊ လမ်းပေါ်အမှတ်အသားပြ မျဉ်းဖြူ၊ မျဉ်း ဝါ၊ မျဉ်းပြတ်ရေးဆွဲမှုများလည်း ပြီးစီးကြောင်း၊ လမ်းဘေးကာ ရောင်ပြန်တပ်ဆင်ခြင်းလုပ်ငန်းအတွက် လေးမိုင်ခန့်သာ ကျန်ရှိတော့ကြောင်း စီမံကိန်းတာဝန်ခံက ဆက်ပြောသည်။

**ကျောက်တောင်နှင့် တောင်ကုန်းများ ဖြိုဖျက်ခဲ့ရ**

ရှုခင်းသာတောင်ကြောပေါ်တွင် လေးလမ်းသွား လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် မြင်ကွင်းကွယ်နေသည့် ကျောက်တောင်များ တောင်ကုန်းများကို ဖြိုဖျက်ရှင်းလင်းခဲ့ရကြောင်း၊ လက်ရှိအချိန်အထိလည်း သိန္နီ-ကွတ်ခိုင်-မူဆယ် ပြည်ထောင်စုလမ်းပိုင်းတစ်လျှောက်၌ ကျောက်တောင်ဖြိုခြင်း၊ မြေဖြိုခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် လုပ်ကိုင်နေရဆဲဖြစ်ကြောင်း သိရသည်။



အဆင့်မြှင့်တင်မှုများ ပြီးစီးနေသော ရှုခင်းသာတောင်ကြောလမ်းတစ်နေရာ

**"ပြည်ထောင်စုလမ်းပိုင်းနေရာ တော်တော်များများကို ကီလိုမီတာ ၃၀ မောင်းနှင်ဖို့ အမှတ်အသားတွေနဲ့ ဖော်ပြထားပါတယ်၊ ဒါပေမယ့် လက်ရှိအခြေအနေမှာ လမ်းကအရမ်းကောင်းနေတော့ အရှိန်လျှော့မမောင်းချင်တော့ဘူး၊ ဒါကြောင့်ယာဉ်မောင်းသူတွေကိုလည်း အထူးသတိထား မောင်းစေလိုပါတယ်၊ သတ်မှတ်ထားတဲ့ မိုင်နှုန်းထက် ပိုမမောင်းကြဖို့ တိုက်တွန်းလိုပါတယ်"**

**လမ်းဘေး ကွန်ကရစ်ရေမြောင်းများ**

ရှုခင်းသာတောင်ကြော တစ်လျှောက်တွင် လမ်းဘေး မြေသားရေစီးမြောင်းများကို အကြမ်းထည်လုပ်ကိုင်ပြီးဖြစ်သော်လည်း မကြာမီကာလတွင် မိုးရာသီရောက်ရှိလာပါက တောင်ကျရေများကြောင့် မြေသားလမ်းမှာ ရေလျှံကျမှုဖြစ်ပေါ်ကာ လမ်းပေါ်တွင် ရွှံ့နွံများဖြစ်ပေါ်လာနိုင်ကြောင်း၊ လမ်းပေါ်တွင် ရွှံ့နွံများဖြစ်ပေါ်လာပါက ယာဉ်များနွံနစ်ကာ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နိုင်သည့်အတွက် ကွန်ကရစ်ရေမြောင်းများကို မိုးမကျမီကာလအတွင်း အလျင်အမြန်ပြုလုပ်ပေးစေလိုကြောင်း ဒေသခံ ယာဉ်မောင်းတစ်ဦးဖြစ်သူ ကိုပြည့်စုံက ပြောသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက ရှုခင်းသာတောင်ကြောတွင် ယာဉ်ကြောပိတ်ဆို့မှု ငါးရက်ကြာ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုလမ်းပေါ်တွင် ဖြစ်ပွားသော ယာဉ်ကြောပိတ်ဆို့မှုများတွင် အများစုမှာ တောင်ကျမိုးရေကြောင့် လမ်းပေါ်တွင် ရွှံ့နွံများဖြစ်ပေါ်ပြီး ယာဉ်များဗွက်နစ်ကာ ယာဉ်ကြောပိတ်ဆို့မှု အများဆုံးဖြစ်ရခြင်းဖြစ်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

**အရေးပါသောကုန်သွယ်မှုလမ်းကြောင်း**

ရှမ်းပြည်နယ်မြောက်ပိုင်း ရှိ လားရှိုး-မူဆယ် လမ်းပိုင်း ပြည်ထောင်စုလမ်း ၁၁၂ မိုင် လမ်းပိုင်းတွင် လားရှိုး-သိန္နီ-ကွတ်ခိုင်-နမ့်ဖတ်ကာ-မူဆယ်ဟူ၍ အပိုင်းလိုက် လုပ်ကိုင်ခြင်းဖြစ်ရာ Oriental Highway ကုမ္ပဏီက B.O.T စနစ်ဖြင့် လုပ်ကိုင်နေခြင်းဖြစ်သည်။ ထိုလမ်းမှာနေ့စဉ် ယာဉ်အစီးရေပေါင်း ၆၀၀၀ အထက် ဖြတ်သန်းသွားလာနေသည့် အရေးပါသောကုန်သွယ်မှုလမ်းကြောင်းဖြစ်သည်ဟု သိရသည်။

ပြည်ထောင်စုလမ်းအပိုင်းတစ်ခုလုံး လုပ်ဆောင်နိုင်ရန်အတွက် Oriental Highway ကုမ္ပဏီအနေဖြင့် ယာဉ်ယန္တရားပေါင်း ၄၀၀ ကျော်ဖြင့် လုပ်ကိုင်နေပြီး လုပ်ငန်းလိုအပ်ချက်အရ ပြင်ပမှငှားရမ်း သုံးစွဲရသည့် ယာဉ်ယန္တရား ၁၅၀ ခန့်ဖြင့် လုပ်ငန်းများ အမြန်ပြီးမြောက်ရေးအတွက် လုပ်ကိုင်နေသည်ဟု သိရသည်။

**ယာဉ်မောင်းများသတိပြုမောင်းနှင်ရန်လို**

ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းပိုင်းတွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ရခြင်း အကြောင်းများတွင် ယာဉ်ကြောင့်ဖြစ်ပေါ်ရခြင်း၊ ရာသီဥတုကြောင့်ဖြစ်ပေါ်ရခြင်းများအပြင် ယာဉ်မောင်းများ မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ခြင်းနှင့် ယာဉ်မတော်တဆဖြစ်ခြင်းတို့ကြောင့်လည်း ယာဉ်ကြောပိတ်ဆို့မှုများ ပို၍ အချိန်ကြာကြာဖြစ်ဖြစ်ရသည်ဟု သိရသည်။

"ပြည်ထောင်စုလမ်းပိုင်းနေရာ တော်တော်များများကို ကီလိုမီတာ ၃၀ မောင်းနှင်ဖို့ အမှတ်အသားတွေနဲ့ ဖော်ပြထားပါတယ်၊ ဒါပေမယ့် လက်ရှိအခြေအနေမှာ လမ်းကအရမ်းကောင်းနေတော့ အရှိန်လျှော့မမောင်းချင်တော့ဘူး၊ ဒါကြောင့် ယာဉ်မောင်းသူတွေကိုလည်း အထူးသတိထား မောင်းစေလိုပါတယ်၊ သတ်မှတ်ထားတဲ့မိုင်နှုန်းထက် ပိုမမောင်းကြဖို့ တိုက်တွန်းလိုပါတယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြဖို့လိုပါတယ်" ဟုဒေသခံတစ်ဦးဖြစ်သူ ဦးစိုင်းမောင်စိန်က ပြောသည်။

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းပိုင်းမှာ စုစုပေါင်းအရှည် ၂၈၇ မိုင်ရှိပြီး ကွတ်ခိုင်နှင့် နမ့်ဖတ်ကာ ရှုခင်းသာ တောင်ကြောမှာ မိုင်တိုင်အမှတ် - ၂၂၃ မှ ၂၄၃ အထိ မိုင်၂၀ အရှည်ရှိသည့် လမ်းပိုင်းဖြစ်ကာ ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပေါ်တတ်သလို ယာဉ်ကြောပိတ်ဆို့မှု အများဆုံးဖြစ်လေ့ရှိသော လမ်းပိုင်းတစ်ခုလည်းဖြစ်သည်ဟု သိရသည်။ **မမ (လားရှိုး)**



## ဂန့်ဂေါခရိုင်၌ ရေတိုက်စားပြီး ကမ်းပါးပြိုသဖြင့် တာဆောက်ရန် လိုအပ်နေ

**ကျောက်ထု မေ ၃**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ သရက်ချဉ်ကျေးရွာသည် ယောချောင်းနှင့် ချီချောင်းဆုံရာနေရာတွင် တည်ရှိသဖြင့် မိုးများ၍ ရေကြီးသည့်နှစ်များ၌ ကမ်းပါးမြေပြိုလျက်ရှိရာ ယခုအခါ မြေပြိုမှုမှာ ကျေးရွာအနီးသို့ပင် ရောက်ရှိနေပြီဖြစ်သည်။ မြေပြိုမှုများ သက်သာစေရန် ကျေးရွာနေပြည်သူများ၏ စုပေါင်းအားဖြင့် သစ်သားရေကာတာကို ဆောက်လုပ်ခဲ့သော်လည်း ယခင်နှစ်က ရေကြီးခဲ့ချိန်တွင် ဆောက်လုပ်ခဲ့သည့် ရေကာတာမှာ ပျက်စီးခဲ့ရကြောင်းနှင့် ယခုနှစ်တွင် ဆက်လက်ဆောက်လုပ်ရန် အခက်အခဲဖြစ်နေကြကြောင်း သိရသည်။

ယခင်နှစ်က မြေပြိုရာတွင် အလျားပေ ၁၀၀၀၊ အမြင့်ပေ ၅၀ ခန့်အထိ ပြိုကျမှုရှိသဖြင့် လူနေအိမ်များနှင့် ကမ်းစပ်မှာ လွန်စွာနီးကပ်လာသည်ဖြစ်ရာ လူနေအိမ် လေးလုံးကို ကြိုတင်ပြောင်းရွှေ့ထားရကြောင်းနှင့် ရေရှည်ခိုင်ခံ့သည့် ရေကာတာ ဆောက်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၏ အကူအညီများ လိုအပ်လျက်ရှိကြောင်း၊ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြရန် သက်ဆိုင်ရာဌာနများသို့လည်း တင်ပြထားပြီးဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်တင်မိုး၏ ပြောကြားချက်အရ သိရသည်။ **၁၀၁**

## သွားလာရေးခက်သော တောင်ပေါ်ဒေသတွင် မြေသားလမ်းများဖောက်လုပ်

**တာလေ မေ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့နှင့် ဝန်းကျင်ရှိ သွားလာရေးခက်ခဲသော တောင်ပေါ်ဒေသများတွင် ဒေသခံတိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်အတွက် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ စေတနာရှင်များနှင့် အာခါစာပေယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများက မြေသားလမ်းများ ဖောက်လုပ်ပေးလျက်ရှိရာ နားယောင်းအုပ်စု ပူဟိုလုံကျေးရွာနှင့် မဲပိုင်ကျေးရွာကြား ဆက်သွယ်သည့် ကျေးရွာချင်းဆက် မြေသားလမ်းကို မေ ၁ ရက်မှစ၍ ဖောက်လုပ်ပေးလျက်ရှိသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် အရှည်ပေ ၅၀၀၀ ကျော်ရှိပြီး လမ်းကို အကျယ် ပေ ၂၀ ရှိမြေသားလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ရန်အတွက် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ စေတနာရှင်များက ငွေကျပ်သိန်း ၂၀ ကျော် ထည့်ဝင်လှူဒါန်းရာ အဆိုပါအလှူငွေဖြင့် လမ်းကို စတင်ဖောက်လုပ်နေခြင်းဖြစ်သည်။ လမ်းဖောက်လုပ်နေမှုကို အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးထွန်းအောင်၊ အာခါစာပေ



နှင့် ယဉ်ကျေးမှုအတွင်းရေးမှူး ဦးအားလယ်နှင့် ကျေးရွာတာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့သည်။ **မြင့်မိုရ် (တာချီလိတ်)**



## လှိုင်းဘွဲ့ချောင်းဘေးတစ်လျှောက်မှ အမှိုက်များ စုပေါင်းရှင်းလင်း

**လှိုင်းဘွဲ့ မေ ၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ လှိုင်းဘွဲ့ချောင်းအတွင်းသို့ မိုးရာသီအတွင်း စွန့်ပစ်အမှိုက်သရိုက်များ ရေထဲသို့မျောပါ၍ ရေညစ်ညမ်းမှုမရှိစေရန် ရည်ရွယ်လျက် ချောင်းဘေးတစ်လျှောက်ရှိ စွန့်ပစ်အမှိုက်သရိုက်များကို စုပေါင်းရှင်းလင်းခြင်းလုပ်ငန်းကို မေ ၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမှိုက်များ စုပေါင်းရှင်းလင်းခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ အနာဂတ်လူငယ်အဖွဲ့နှင့် လှိုင်းဘွဲ့မြို့နေ ဒေသခံပြည်သူများ စုပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လှိုင်းဘွဲ့ချောင်းနံဘေးတစ်လျှောက်တွင် ဒေသခံအချို့စည်းကမ်းမဲ့ စွန့်ပစ်ထားသည့် အမှိုက်သရိုက်များကို ကောက်ယူရှင်းလင်းခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**



# သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ်ဘုရားများ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**မြောက်ဦး မေ ၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ပေါ်ရှိ ရှေးဟောင်း သမိုင်းဝင် အထင်ကရ ဘုရားပုထိုးစေတီများဖြစ်သော သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ်ဘုရားများ၏ (၉၀) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိရာ ယခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ရခိုင်ကဆုန် လပြည့်နေ့မှ လပြည့်ကျော် ၄ ရက်ထိ (မေ ၂၉ ရက်မှ ဇွန် ၂ ရက်) ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်တွင် အသံမစဲပဋ္ဌာန်းပွဲ၊ မြို့လုံးကျွတ် ကဆုန်ညောင်ရေ သွန်းလောင်းပွဲ၊ ရခိုင်ရိုးရာလောင်းလှေပြိုင်ပွဲများဖြစ်သော ၁၂ လံ၊ ရှစ်လံ၊ ခြောက်လံလောင်း (လှေ)ပြိုင်ပွဲများ၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲများဖြစ်သော အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း ရွှေမောင်း၊ ငွေမောင်းပြိုင်ပွဲများနှင့် မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲစသည့် ပြိုင်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### ညအချိန် မီးမဖွင့်ဘဲမောင်းနှင်သော ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းအုပ်စု ချောင်းဝကျေးရွာတွင် မေ ၁ ရက် ည ၁၀ နာရီခန့်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ကျောင်းကုန်းမြို့မရဲစခန်းမှ ဒုရဲအုပ်သိန်းနိုင် သွားရောက်စစ်ဆေးချက်အရ ကျောင်းကုန်း-အိမ်မဲကားလမ်းပေါ် အင်ကြင်းနီဆီဆိုင်အနီးတွင် ဝေယံမင်း (၂၂ နှစ်) မောင်းနှင်သည့် ဆိုင်ကယ်နှင့် ရာဇာထွန်း(၂၂ နှစ်)မောင်းနှင်သည့် ဆိုင်ကယ်တို့ တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုင်ကယ်နှစ်စီးလုံးမှာ မီးမထွန်းဘဲ မောင်းနှင်လာသဖြင့် မျက်နှာချင်းဆိုင် တိုက်မိခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူနှစ်ဦးစလုံး ဒဏ်ရာရရှိသွားကြကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဝေယံမင်းနှင့် ရာဇာထွန်းတို့ နှစ်ဦးစလုံးအား ကျောင်းကုန်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### ရပ်ထားသော ထော်လာဂျီကိုဝင်တိုက်၍ ဆိုင်ကယ်မောင်းသူသေဆုံး

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်သရကျေးရွာအနီး နောင်သရ-နောင်ဖိုး ကျေးရွာချင်းဆက်လမ်းပေါ်တွင် လမ်းမဘေးချရပ်ထားသော ထော်လာဂျီကို ဆိုင်ကယ်က ဝင်တိုက်မိ၍ ဆိုင်ကယ်မောင်းသူ သေဆုံးမှု ဧပြီ ၃၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အိန္ဒုနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ကျော်ကို သွားရောက်စစ်ဆေးချက်အရ စောအငယ်(၃၀ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်က လမ်းဘေးတွင်ချရပ်ထားသော ဦးနေအောင်မြ၏ ထော်လာဂျီကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူ စောအငယ်မှာ ဒဏ်ရာအပြင်းအထန်ရရှိ၍ မှုခင်းဆေးစာနှင့်အတူ ဘားအံဆေးရုံကြီးသို့ ပို့ဆောင်နေစဉ် ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်ပြီး အိန္ဒုနယ်မြေရဲစခန်းက ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားစပြုလာသည့် ရှမ်းရိုးမ အပန်းဖြေဆင်စခန်း

**မိတ္ထီလာ မေ ၃**

တောင်ကြီးခရိုင် ကလောမြို့နယ် နန်ပန်တက်ကျေးရွာအနီးတွင် တည်ရှိသည့် ရှမ်းရိုးမ အပန်းဖြေဆင်စခန်းကို ဧပြီလအတွင်းက စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ယခုအခါ ဖွင့်လှစ်ချိန်မှာ တစ်လခန့်သာ ရှိသေးသော်လည်း လာရောက်အပန်းဖြေ လည်ပတ်သူများဖြင့် စည်ကားစပြုလာပြီဖြစ်ကြောင်း သိရသည်။

"ရှမ်းရိုးမ အပန်းဖြေဆင်စခန်းကို ဖွင့်ခါစက လူသိနည်းသေးတော့ လည်ပတ်သူ အလွန်နည်းပါးခဲ့ပြီး အခုတော့ တဖြည်းဖြည်း လူသိများလာတာကြောင့် လာရောက်အပန်းဖြေသူများနဲ့ စည်ကားစပြုလာပါပြီ၊ ပြည်တွင်းခရီးသွားဧည့်သည်တွေကို တစ်ဦးကို ဝင်ကြေး ၁၀၀၀ ကျပ် ကောက်ခံပြီး ကလေးငယ်တွေကို အခမဲ့ဝင်ခွင့်ပြုတယ်၊ ဆင်စီးခကတော့ တစ်ဦးကို ၃၀၀၀ ကျပ် ပေးရပါတယ်၊ နိုင်ငံခြားခရီးသွား ဧည့်သည်တွေကတော့ ဝင်ခရော ဆင်စီးခအပါအဝင် တစ်ဦးကို ကျပ်နှစ်သောင်းပေးရပါတယ်"ဟု ရှမ်းရိုးမ အပန်းဖြေဆင်စခန်းမှ ဆင်ထိန်းသမားတစ်ဦးက ပြောသည်။ ပြည်တွင်းဧည့်သည်များအနေဖြင့် ဝင်ကြေးပေး၍ ဝင်ပြီးပါက ဆင်စီးလိုလျှင် စီးနိုင်သလို မစီးလိုလျှင်လည်း အပန်းဖြေဆင်စခန်းအတွင်း လွတ်လပ်စွာ အပန်းဖြေအနားယူနိုင်မည်ဖြစ်သည်။

ရှမ်းရိုးမ အပန်းဖြေဆင်စခန်းသည် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် နယ်စပ်ရှိ နန်ပန်တက်ကျေးရွာအနီးတွင် ရှိပြီး မိတ္ထီလာမြို့ဘက်မှ လာရောက်လျှင်



မိုင် ၇၀ ခန့်သာ ဝေးကွာသည်။ စခန်းအတွင်း ဆင်စီးခြင်း၊ တောင်ကျချောင်းအတွင်းရှိ ကျောက်တုံးကြီးများအပေါ်တွင် အလှဓာတ်ပုံရိုက်ကူးခြင်း၊ တောင်ကျချောင်းအထက်ရှိ ရေတံခွန်ငယ်အနီးနှင့် ချောင်းအတွင်း ရေချိုးအပန်းဖြေခြင်းများပြုလုပ်နိုင်သည့်အပြင် အရိပ်ကောင်းသော သစ်ပင်ရိပ်များအောက်တွင် မိသားစုလိုက်၊ မိတ်ဆွေပေါင်းသင်းများ အစုအဖွဲ့လိုက် အပန်းဖြေအနားယူနိုင်ရန် ကွပ်ပျစ်ငယ်များကိုလည်း ဆောက်လုပ်ပေးထားသည်ကို တွေ့ရသည်။

ရှမ်းရိုးမ အပန်းဖြေဆင်စခန်းကို မြန်မာ့ဆင်များ ရေရှည်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း တောင်ကြီးသစ်ထုတ်ရေးဒေသ ဝက်ဖြူရေကြိုးဝိုင်းအတွင်း၌ ဖွင့်လှစ်ခြင်းဖြစ်ကာ အပန်းဖြေဆင်စခန်းတွင် မွေးဖွားပြီးစ အမြွာဆင်ငယ် နှစ်ကောင် အပါအဝင် ဆင် ၁၀ ကောင်ရှိပြီး လာရောက်အပန်းဖြေသူများ အနေဖြင့် ဆင်အစာကျွေးခြင်း၊ ဆင်ငယ်များအား နို့ဘူးတိုက်ကျွေးခြင်းများပြုလုပ်ကာဆင်များအကြောင်းကိုလည်း လေ့လာနိုင်ကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ညောင်ဦးမြို့နယ်တွင် မိုးသက်လေပြင်းကျပြီးနောက် တောင်သူများ ထွန်ယက်စိုက်ပျိုးရန်ပြင်ဆင်

**ညောင်ဦး မေ ၃**

ညောင်ဦးမြို့နယ်၌ ပူပြင်းသည့် နေပူဒဏ်ခံနေရချိန် မေ ၂ ရက်က မိုးသက်လေပြင်းများ ကျရောက်သည့်အတွက် တောင်သူမျိုးစေ့စိုက်ရန် အစိုဓာတ်လုံလောက်စွာ ရရှိခဲ့ကြောင်း သိရှိရသည်။

ထိုသို့ မိုးသက်လေပြင်းကျစဉ် တောင်သူအကျိုးပြုသည့် အစိုဓာတ်ရရှိခြင်း၊ ပူပြင်းမှုဒဏ်ခံနေရသည့် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များ နေသာထိုင်သာရှိ၍ အအေးဓာတ်ဝင်လာခြင်းနှင့်ဒေသတွင် သစ်ပင်သစ်ကိုင်းကျိုးရုံမှအပ လူနှင့် တိရစ္ဆာန်များအား ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။



"အခု လိုရှာချလိုက်မှနေသာထိုင်သာ ရှိသွားတော့တယ်၊ မြေပဲမစိုက်ရသေးပေမယ့် မိုးဦးကျချိန်နှမ်းစိုက်လို့တော့ရပါပြီ၊ တောင်သူတွေ အစိုဓာတ်ကောင်း ရရင်တောင်စိုက်မှာမဟုတ်သေးဘူး၊ ယာထွန်ထားရတာပေါ့၊ မဦးစုံနှောင်းဆိုတဲ့စာဆိုနှင့် နောက်မှစိုက်မယ့်သူများတယ်၊ မဦးဆိုတာ ကောဇာသက္ကရာဇ်က မဂဏန်းဆိုရင် အစောပိုင်းစိုက်တာ၊ သက္ကရာဇ် ကဏန်းကစုံဆိုရင် နောက်ကျမှ အနှောင်းပိုင်းလောက်မှ သီးနှံစိုက်တာကို မဦးစုံနှောင်းလို့ တောင်သူတွေက ပြောတာ ဖြစ်တယ်၊ ဒီနှစ်က ၁၃၈၀ ပြည့်နှစ်ဆိုတော့ စုံနှစ် ခေါ်ပါတယ်၊ အဲဒီတော့ နောက်ဆွဲဆွဲမှ စိုက်တဲ့သူများမယ်" ဟု ရမ်းဇမ်းကျေးရွာမှ အသက်၇၀ကျော်ရှိ ဦးလှပိုက ပြောပြသည်။ **ကျော်ဌေး**



# ညောင်ဦးမြို့နယ် မြစ်ရေတင်ကြီးများမှ နွေသီးနှံ ၂၆၈၈ ဧကအတွက် ရေပေးလျက်ရှိ

**ညောင်ဦး မေ ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မြစ်ရေတင်ကြီးငါးခုဖြင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေများ ပေးဝေလျက်ရှိရာ ယခုနှစ် နွေရာသီတွင် တောင်သူများစိုက်ပျိုးနိုင်မည့် ဧကပေါင်း ၂၆၈၈ ဧကအထိ လျာထားပြီး ရေများပေးဝေနေကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

ယခုနှစ် နွေရာသီသီးနှံများ စိုက်ပျိုးရန် ရေပေးဝေရာတွင် ငှါသရောက်မြစ်ရေတင်မှ စပါး ဧက ၂၀၀၊ ပဲတီစိမ်း ၄၅၅ ဧက၊ နှမ်း ၂၁ ဧကအတွက်လည်းကောင်း၊ လက်ပန်ခြေပေါ်မြစ်ရေတင်မှ စပါး ဧက၂၀၀၊ ပဲတီစိမ်း ၃၆၂ ဧက၊ နှမ်း လေးဧက၊ သူကောင်းတည်မြစ်ရေတင်မှ စပါး ဧက ၁၀၀၊ ပဲတီစိမ်း ဧက ၄၈၀၊ ကျောက်ကူးမြစ်ရေတင်မှ ပဲတီစိမ်း ဧက ၃၉၀၊ လောကနန္ဒာမြစ်ရေတင်မှ ပဲတီစိမ်း ၂၃၆ ဧကတို့အတွက် ရေပေးဝေ၍ နွေရာသီသီးနှံများစိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

အုန်းနဲ့ချောင်းရွာသား တောင်သူတစ်ဦးက "ကျွန်တော်တို့တောင်သူတွေ မြစ်ရေတင်နဲ့စိုက်ပျိုးရတာ တော်တော် အဆင်ပြေပါတယ်၊ ဒါပေမယ့် စိုက်ပျိုးရေးအတတ်ပညာနဲ့ ရင်းနှီးမြှုပ်နှံနိုင်ဖို့ သွင်းအားစုများလည်း လိုအပ်ပါတယ်၊ ရလာတဲ့သီးနှံတွေ ဈေးကောင်းရဖို့လည်း လိုအပ်ပါတယ်"ဟု ပြောသည်။

ညောင်ဦးမြို့နယ်အတွင်း ယခုနှစ်တွင် နွေရာသီသီးနှံစိုက်ပျိုးရန် လျာထားကေသည် မနှစ်ကထက် နည်းပါးခဲ့ကာ တောင်သူများအနေဖြင့် စိုက်လိုသောကေအတိုင်း မပြည့်မီခဲ့ကြောင်း၊ ပထမ မူလစိုက်ပျိုးကေအတိုင်း ပြည့်မီအောင် တိုးချဲ့ပေးရန်နှင့် တိုးချဲ့လုပ်ဆောင်ပေးနိုင်ပါက ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိခြင်းနှင့်အတူ ဒေသနေပြည်သူများအတွက် ဝမ်းစာဖူလုံမှုလည်း ရှိမည်ဖြစ်ကြောင်း ဒေသခံတောင်သူလယ်သမားတစ်ဦးက ပြောသည်။

ညောင်ဦးမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ၂၀၁၈ ခုနှစ် နွေသီးနှံလျာထားကေအတွက် အချိန်မီ ရေပေးဝေနိုင်ခဲ့သလို မိုးသီးနှံများအတွက် စိုက်ပျိုးရေကိုလည်း လျှပ်စစ်ဓာတ်အားရှိမှုအခြေအနေအပေါ် မူတည်၍ ဆက်လက်တိုးချဲ့ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဌေး (ညောင်ဦး)**



## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကလေးဝမြို့နယ်၌ ပန်းချီ၊ ကာတွန်းပြိုင်ပွဲကျင်းပ

**ကလေးဝ မေ ၃**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုအထိမ်းအမှတ်အဖြစ် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ပန်းချီ၊ ကာတွန်း ပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ကလေးဝမြို့နယ် ကွန်မြူနတီစင်တာခန်းမ၌ မေ ၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၃ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ”လူငယ်ဘဝ တိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့” ခေါင်းစဉ်ဖြင့် ပန်းချီနှင့် ကာတွန်းများ ရေးဆွဲယှဉ်ပြိုင်ကြကြောင်း၊ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပခဲ့ပြီး ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်ဟန်(ကလေးဝ)**



## ကျိုက်ထိုမြို့နယ် အားကစားခန်းမ ဖွင့်ပွဲနှင့် ၁၀ မြို့နယ် အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ကျင်းပ

**ကျိုက်ထို မေ ၃**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် သပြေသုခကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သော ကျိုက်ထိုမြို့နယ် အားကစားခန်းမ ဖွင့်ပွဲကို မေ ၁ ရက်က ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှမြင့်သန်းနှင့် မွန်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သပြေသုခကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်မီမီကျော်ဝင်းက အားကစားခန်းမတည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါအားကစားခန်းမမှာ ပင်မဆောင် အလျား ပေ ၉၀၊ အနံ ပေ ၁၂၀ရှိပြီး စတိတ်စင်အကျယ်မှာ အလျား ပေ ၄၀၊ အကျယ် ပေ ၂၀ ရှိကြောင်း၊ အားကစားခန်းမတွင် ပွဲကြည့်စင်၊ အဝတ်လဲခန်း၊ အမျိုးသား အမျိုးသမီးအိမ်သာနှင့် ရေချိုးခန်းများ ပါဝင်ပြီး အဆောက်အအုံတန်ဖိုးမှာ ငွေကျပ်သန်း ၂၇၀ ခန့်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားခန်းမ ဖွင့်ပွဲအပြီးတွင် မွန်ပြည်နယ်အတွင်း မြို့နယ် ၁၀ ခုမှ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကိုလည်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# သထုံမြို့နယ်၌ သောင်နုမြေများပေါ်တွင် ခြံခတ်နေမှုများကို အရေးယူမည်

**သထုံ မေ ၃**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီးရှိ ပင်လယ်နားနီးသော မရမ်းကုန်း၊ ဆိပ်ကျွန်းစသည့် အောက်ကွင်းကျေးရွာအုပ်စုများတွင် သဘာဝအလျောက် ပေါ်ထွန်းလာသော မြေနုသောင်များကို ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့နှင့် ဒေသခံကျေးရွာသားများကြား အငြင်းပွားမှုဖြစ်လျက်ရှိကာ အဆိုပါ သောင်နုမြေများပေါ်တွင် ခြံခတ်နေသူများအနေဖြင့် လက်ရှိအချိန်တွင် ခြံခတ်နေမှုကို ရပ်ဆိုင်းပေးထားရန်နှင့် မရပ်ဆိုင်းပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သထုံမြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ သောင်နုမြေများကို တရားမဝင် ခြံခတ်နေမှု၊ ပိုင်ဆိုင်မှု၊ အငြင်းပွားနေမှုများနှင့် ပတ်သက်၍ မေ ၁ ရက်က မရမ်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးရာတွင် သထုံမြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဝင်းက သဘာဝကပေးလိုက်သည့် သောင်မြေများကို ကျေးရွာများမှ လယ်မြေ၊ ယာမြေမရှိသူများအား သေချာစွာစိစစ်၍ တရားဥပဒေနှင့်အညီ စနစ်တကျ ခွဲဝေဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် တားမြစ်ထားသော သောင်နုမြေများတွင် ခြံခတ်နေသူများအနေဖြင့် ယခုအချိန်တွင် ရပ်ဆိုင်းပေးထားပါရန်နှင့် မရပ်ဆိုင်းပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ပြောသည်။

ပင်လယ်နားနီးသော အောက်ကွင်းကျေးရွာအုပ်စုများအတွင်း ယခုနှစ် မတ်လအတွင်းက ပေါ်ထွန်းလာသော သောင်မြေများသည် ဧက ၁၇၀၀ ခန့်ရှိပြီး ထိုမြေများပေါ်တွင် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းချို့နှင့် ဒေသခံပြည်သူများက အပြိုင်အဆိုင် ခြံဝိုင်းများခတ်နေမှုအပေါ် ပြဿနာများ မပေါ်ပေါက်လာစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက တားမြစ်စာများ ပေးပို့ခဲ့သော်လည်း ဒေသခံအချို့မှာ လိုက်နာမှုမရှိဘဲ ဆက်လက်လုပ်ဆောင်နေသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍ ဒေသခံများ၊ ပါဝင်ပတ်သက်သူများနှင့် ကွင်းဆင်းတွေ့ဆုံစဉ် မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံရှင်းလင်းပွဲတွင် သထုံမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးသန့်က လယ်ယာမြေဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မာမာခိုင်က ပေါ်ထွန်းလာတဲ့ သောင်မြေများကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် စနစ်ကျလယ်ယာမြေများအဖြစ် ရေသွင်းရေထုတ်မြောင်းများဖြင့် ဖော်ထုတ်ပေးပြီး အမှန်တကယ်လိုအပ်နေသည့် လယ်ယာမြေမရှိသူများ စာရင်းကောက်ခံကာ သေချာစစ်ဆေး၍ မျှမျှတတဖြစ်အောင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အခက်အခဲများမရှိအောင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး စနစ်တကျ လုပ်ဆောင်ပေးနေသည်ကို စိတ်ရှည်ရှည်နှင့် စောင့်ပေးစေလိုကြောင်း၊ ယခု ခြံခတ်နေသူများသည် ကုန်ကျစရိတ်များ မလိုအပ်ဘဲ ဆုံးရှုံးနိုင်သောကြောင့် ဆက်လက်မလုပ်ရန် တားမြစ်သည်ကို လက်ခံပေးပါရန် ပြောကြားသည်။



ခြံဝိုင်းနေမှုများကို ရပ်တန့်ရန် ကျေးရွာနေပြည်သူများနှင့် တာဝန်ရှိသူများ ဆွေးနွေးစဉ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်ကလည်း တရားဥပဒေစိုးမိုးမှ ပြည်သူလူထု၏ဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် တရားဥပဒေနှင့်အညီ လုပ်ဆောင်ဖို့ လိုအပ်ကြောင်း ပြောကြားသည်။

လက်ရှိအချိန်တွင် ခြံခတ်နေသူ မရမ်းကုန်းကျေးရွာသားတစ်ဦးက လွှတ်တော်ကိုယ်စားလှယ်များ၏ ပြောကြားချက်များအတိုင်း ဥပဒေနှင့်အညီ အစိုးရက စီမံခန့်ခွဲမည်ကို လက်ခံကြောင်းနှင့် ခြံဝိုင်းခတ်မှုကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် မရမ်းကုန်းကျေးရွာမှ ၇ မိုင်ခန့် ကွာဝေးသော ဘီးလင်းချောင်းအရှေ့ဘက်ရှိ သောင်နုမြေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယ ဦးစီးမှူးဦးမျိုးလွင်က “မရမ်းကုန်းကျေးရွာအုပ်စုအပိုင်မှာဆိုရင် ဧက ၆၅၀ ခန့်၊ တခြားကျေးရွာအုပ်စုတွေနဲ့ဆိုရင် ဧက ၁၇၀၀ ကျော်ရှိတယ်၊ အခုနှစ် ရာသီမှာ စိုက်ပျိုးနိုင်အောင် ဖော်ထုတ် ပေးနိုင်တာကတော့ ဧက ၁၁၀၀ ခန့် ရှိပါတယ်”ဟု ပြောသည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၏ လာရောက်တွေ့ဆုံဆွေးနွေးမှုအရ ဒေသခံအချို့က ခြံခတ်နေမှုကို ရပ်တန့်ရန် လက်ခံကြသော်လည်း မကျေလည်မှုများ ရှိနေသေးကြောင်း သိရသည်။ “ခြံလာခတ်တဲ့ အဖွဲ့အစည်းတွေက ဘယ်အဖွဲ့လဲ၊ ဘယ်သူတွေလဲ မသိရဘူး၊ အစိုးရက တားမြစ်ထားတာတောင် ညရောနေ့ပါ ဘက်ဟိုးကားတွေနဲ့ လာလုပ်နေကြတာ၊ အခုတောင် လုပ်နေတုန်းပဲ၊ ဦးဆောင်တဲ့သူတွေကို ကျွန်တော်တို့ ရွာသားတွေတောင် မသိဘူး”ဟု သောင်မြေများပေါ်တွင် ဒေသခံမဟုတ်သော အဖွဲ့အစည်းများက ခြံခတ်နေမှုများနှင့်ပတ်သက်၍ မရမ်းကုန်းကျေးရွာသားတစ်ဦးက ပြောသည်။

**ခွန် (ဝင်းပ)**

# မိတ္ထီလာမြို့၌ အခြေခံစက်ချုပ်သင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်

**မိတ္ထီလာ မေ ၃**

မိတ္ထီလာမြို့နယ်တွင် ကျေးလက်နေအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန် ရည်ရွယ်ချက်ဖြင့် အခြေခံစက်ချုပ် သင်တန်းကို မေလတတိယပတ်အတွင်း မိတ္ထီလာ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ အခမဲ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျေးလက်နေအမျိုးသမီးငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းရရှိစေဖို့ အဓိကရည်ရွယ်ပြီးတော့ အခြေခံစက်ချုပ်သင်တန်းကို မေ ၂၁ ရက်ကနေ ဇွန် ၃၀ ရက်အထိ အခမဲ့ ဖွင့်လှစ်သင်ကြားပေးသွားမှာဖြစ်ပါတယ်၊ သင်တန်းသူဦးရေ ၂၀ အထိပဲ သတ်မှတ်သင်ကြားပေးသွားမှာဖြစ်ပြီး အခမဲ့ သင်ကြားပေးမှာဖြစ်တဲ့အတွက် သင်တန်းအထောက်အကူပြု အပ်ချုပ်စက်၊ ပေတံ၊ ပေကြိုး ၊ ပိတ်စ စတဲ့ သင်တန်းအထောက်အကူပြုပစ္စည်းတွေကိုလည်း သင်တန်းကျောင်းကနေပဲ အားလုံး စီစဉ်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်”ဟု မိတ္ထီလာရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ဦးစီးမှူး ဒေါ်လှဲ့လှဲ့ဝင်း(နည်းပြ)က ပြောသည်။



အတန်းကျောင်းပညာ ပြီးစီးအောင် မသင်ကြားနိုင်ခဲ့သည့် ကျေးလက်ဒေသမှ အမျိုးသမီးငယ်များအနေဖြင့် စက်ချုပ်ပညာဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ တစ်ပိုင်တစ်နိုင် အိမ်တွင်းမှု စီးပွားရေးလုပ်ငန်းအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်မည့် အဆိုပါ စက်ချုပ်သင်တန်းသို့ အမှန်တကယ် တက်ရောက်သင်ယူလိုသည့် အမျိုးသမီးငယ်များအနေဖြင့် ဦးသာဝ၊ ကျောင်းအုပ်၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ) ဖုန်း- ၀၉-၄၀၂၅၀၂၇၃၉ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# လူသတ်ပြီး ၁၂ နှစ်ကြာ တိမ်းရှောင်လွတ်မြောက်နေသူကို ဖမ်းမိ

**ကသာ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် လွန်ခဲ့သော ၁၂ နှစ်ခန့်က လူသတ်မှုကျူးလွန်ပြီး တိမ်းရှောင်လွတ်မြောက်နေသူတစ်ဦးအား ဒီပဲယင်းမြို့နယ်အတွင်း၌ ဧပြီ ၂၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သည့် ၁၂ နှစ်(၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း)က ကသာမြို့နယ် အင်းရွာကျေးရွာအုပ်စု အလယ်ရပ်တွင် ဆိုက်ကားနင်းသူ မောင်နန္ဒ(၂၉ နှစ်)အား လမ်းမအလယ်တွင် တုတ်နှင့်ရိုက်သတ်ကာ ထွက်ပြေးသွားသည့် အမှုအတွက် အင်းရွာနယ်မြေရဲစခန်းက အလိုရှိနေသူ တရားခံပြေး သက်ချိုအေး(ခ)ချိုအေး(ခ)ချိုငြိမ်း(ခ)အရှည်ကြီးအား ကသာခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်အောင်အောင်သန်းနှင့် ရဲတပ်ကြပ်ကြီးစိုးသန်းတို့က လိုက်လံစုံစမ်းခဲ့ရာ တရားခံပြေးသည် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် မူးကမ်းကျေးရွာတွင် တိမ်းရှောင်ပြီး အခြေချ နေထိုင်လျက်ရှိကြောင်း သိရှိရသဖြင့် ကသာခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့က ဒီပဲယင်းမြို့မရဲစခန်းသို့ တရားခံပြေး၏ အချက်အလက်များပေးပို့ကာ ကူညီစုံစမ်းဖမ်းဆီးပေးရန် အကြောင်းကြားခဲ့ကြောင်း၊ ထို့ကြောင့် ဒီပဲယင်းမြို့နယ် မူးကမ်းနယ်မြေရဲကင်းစခန်းက သွားရောက်ဖမ်းဆီးခဲ့ရာ သက်ချိုအေးအား ဧပြီ ၂၉ ရက်တွင် ဖမ်းဆီးနိုင်ခဲ့ပြီး အင်းရွာ နယ်မြေရဲစခန်းသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသော လူသတ်မှုကျူးလွန်ခဲ့သူ တရားခံပြေးအား အင်းရွာနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်သန်းထွန်းက တရားလိုပြုလုပ်၍ ဧပြီ ၃၀ ရက်တွင် ကသာခရိုင်တရားရုံးသို့ တရားစွဲ တင်ပို့ထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ရေစကြိုမြို့နေပြည်သူများ သုံးစွဲနေသည့် ချင်းတွင်းမြစ်ရေသန့်ရှင်းမှု အားနည်းမည်ကို စိုးရိမ်နေကြ

**ရေစကြို မေ ၃**

ချင်းတွင်းမြစ်ရေသည် ရေစကြိုမြို့၏ အရှေ့ဘက်မှ ကပ်ကာ စီးဆင်း လျက်ရှိ သော်လည်း ယခုနှစ်နွေရာသီတွင် မြစ်ကြောင်း ပြောင်းလဲကာ မြို့နံဘေးကပ်လျက်ရှိ မြစ်ကြောင်းမှာ မြစ်ကျိုးအင်းသဖွယ်ဖြစ်နေသည်ဟု သိရသည်။

**စိုးရိမ်ကြ**

အဆိုပါ ချင်းတွင်းမြစ်ရေကို စည်ပင်ရေပိုက်လိုင်းများမှ မြို့ပေါ်ရပ်ကွက်များအတွင်း နေ့စဉ်ရေပေးဝေလျက်ရှိရာ မြို့နေပြည်သူများက မြစ်ရေသန့်ရှင်းမှုအားနည်းမည်ကို စိုးရိမ်ကြလျက်ရှိကြောင်း သိရသည်။

"အခု ချင်းတွင်းမြစ်က သောင်ထွန်းတာတွေများတော့ အင်းကြီးလိုဖြစ်နေတယ်၊ ရေသေလိုပဲ ၊ ဒီကြားထဲ မြစ်ကမ်းနားက ရပ်ကွက်ကလူတွေက ရေကာတာပေါ်ကို အမှိုက်တွေပစ်ကြတာ၊ ပုပ်စော်တွေလည်းနံလို့၊ ငါးညှီပုံးခွံတွေရောပဲ၊ အရင်ကတော့ စည်ပင်ပိုက်ကလာတဲ့ မြစ်ရေကိုပဲသောက်တယ်၊ အခု စည်ပင်မြစ်ရေကိုတောင် ကျွန်တော်တို့ အိမ်ဆို မသောက်တော့ဘူး၊ မသန့်ရှင်းဘူးလေ၊ ရောဂါရမှာစိုးတာနဲ့ ရေသန့်ပဲဝယ်သောက်နေရတယ်"ဟု ရေစကြိုမြို့ခံတစ်ဦးက ပြောသည်။

"မြစ်ကမ်းနားကရပ်ကွက်ထဲက လူတွေရော၊ ဈေးနဲ့နီးတော့ ဈေးထဲက လူတွေပါ ရေကာတာမှာပဲ အမှိုက်လာပစ်နေကြတယ်၊ အစကတော့ ကျွန်တော်တို့လည်း အမှိုက်လာပစ် တိုင်းပစ်တဲ့သူတွေကို အမှိုက်မပစ်နဲ့လို့ ပြောပါတယ်၊ အများနဲ့ တစ်ယောက်ဆိုတော့ ပြောလို့လည်း မရတာနဲ့ ဒီတိုင်းပဲကြည့်နေလိုက်တော့တယ်"ဟု ရေကာတာအနီး နေထိုင်သူတစ်ဦးက ပြောသည်။

"ကျန်းမာရေးနဲ့တော့ ဘယ်ရေမှ မညီညွတ်ဘူး၊ မြစ်ရေ၊ ချောင်းရေနဲ့ ကန်ရေဆိုတာ ကျိုချက်သောက်မှ ကျန်းမာရေးနဲ့ ညီညွတ်တာ၊ ချင်းတွင်းမြစ်ရေကို ခုတ်ခွဲဖို့လည်းလုပ်နေတယ်၊ အရင်ကလည်း ခွဲဖူးတယ်၊ ၂၀၁၁ တုန်းက ခုတ်ခွဲခဲ့တော့ လူကိုအန္တရာယ်ဖြစ်လောက်စရာ မပါဘူး၊ အခုလည်း နဂိုအတိုင်းပဲထင်ပါတယ်၊ သာမန်အားနဲ့တော့ မြစ်ရေဆီက လူကိုအန္တရာယ်ဖြစ်လောက်တဲ့အထိ ဓာတ်ပါဝင်မှု နည်းတယ်၊ မြစ်ရေက စီးနေတယ်၊ အခု ချင်းတွင်းမြစ်ရေကို ခုတ်ခွဲဖို့ပို့ထားတယ်၊ အဖြေကနောက်လကုန်ရမယ်"ဟု မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမြင့်ဟန်က ပြောသည်။

**အိမွန်ဆွေ(ရေစကြို)**



# အော်ဂဲနစ်စိုက်ပျိုးရေးနှင့် ကျေးလက်လယ်ယာသုံးစက်ပြင်သင်တန်း ပို့ချ

**မြဝတီ မေ ၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ လေးကေ့ကော်မြို့သစ်၌ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်ပေးမှု KAD ပြည်နယ်စိုက်ပျိုးရေးဌာန၊ မဟာမဲခေါင်သိပ္ပံအဖွဲ့နှင့် လေးကေ့ကော်မြို့သစ်တည်ဆောက်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်းပြီး အော်ဂဲနစ်စိုက်ပျိုးရေးနှင့် ကျေးလက်လယ်ယာသုံးစက်ပြင်သင်တန်းကို ဖွင့်လှစ် ပို့ချပေးနိုင်ခဲ့ပြီး လေးကေ့ကော်မြို့သစ်မှ ပြည်သူများ လက်တွေ့ အသုံးချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"အော်ဂဲနစ်စနစ်ကို အသုံးပြုပြီး အဲ့ဒီစနစ် ထွန်းကားလာဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို မှန်မှန်ကန်ကန် အသုံးချလာတတ်စေဖို့ ရည်ရွယ်ပြီး ဖွင့်လှစ်တာဖြစ်ပါတယ်"ဟု မြို့သစ်တည်ဆောက်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးစောဌေးမြင့်အောင်က ပြောသည်။

လက်ရှိအခြေအနေအရ ဓာတုဗေဒနှင့်ပတ်သက်သည့် စိုက်နည်းစနစ်များတွင် ကျန်းမာရေးထိခိုက်လာသည်ကို တွေ့နေရသည်။ အဆိုပါ သင်တန်းသို့ လေးကေ့ကော် ကျေးရွာ၊ ထီးဝါပလေကျေးရွာ၊ မြဝတီ၊ ကော့ကရိတ်မြို့များမှ သင်တန်းသား သင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့ပြီး ဧပြီ ၂၆ ရက်မှ မေ ၂ ရက်အထိ သင်တန်းပို့ချခဲ့ခြင်း ဖြစ်သည်။




**ထိန်လင်းအောင်(ပြန်/ဆက်)**

# ဘိုကလေးမြို့၌ နာဂစ်မုန်တိုင်းဒဏ်သင့် ကွယ်လွန်သူများအတွက် ရည်စူးကုသိုလ်ပြု အမျှပေးဝေ

**ဘိုကလေး မေ ၃**

၂၀၀၈ခုနှစ် မေ ၂ ရက်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် သေဆုံးသွားသူများအား ရည်စူး၍ နာဂစ် ၁၀နှစ်ပြည့်အထိမ်းအမှတ် ဆွမ်းဆက်ကပ်ခြင်းနှင့် မေတ္တာပို့ အမျှပေးဝေခြင်း အစီအစဉ်ကို မေ ၂ ရက် နံနက် ၁၀နာရီက ဘိုကလေးမြို့ အမှတ် ၃ရပ်ကွက်ရှိ မြို့မ ဆွမ်းလောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ် သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ကေသဝ ဆရာတော်ထံမှ ငါးသီလခံယူဆောက်တည်ခြင်း၊ ပင့်သံဃာ ၁၁ ပါးအား ပြည်ထဲရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် သင်္ကန်းခြင်း ၁၁ခြင်း၊ ဧရာဝတီဘဏ်မှလှူဒါန်းသည့် သင်္ကန်းခြင်း ၁၁ခြင်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ နာဂစ်မုန်တိုင်းကြောင့် သေဆုံးသွားသူများအားရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေခြင်း၊ နေ့ဆွမ်းဆပ်ကပ်လှူဒါန်းခြင်း၊ ဧည့်သည်တော်များအား နေ့လယ်စာ ဧည့်ခံကျွေးမွေးခြင်းတို့ဖြင့် ကုသိုလ်ပြုခဲ့ကြသည်။

နာဂစ် ၁၀ နှစ်ပြည့် အထိမ်းအမှတ် မုန်တိုင်းကြောင့် ကွယ်လွန်သွားသူများအား ရည်စူးကုသိုလ်ပြုခြင်းအစီအစဉ်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်နှင့် ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိ မြို့ဖများ တက်ရောက်ခဲ့ကြသည်။

၂၀၀၈ခုနှစ် မေ ၂ ရက်တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဘိုကလေးမြို့နယ်အတွင်း၌ ကျေးရွာအုပ်စု ၁၂စုရှိကျေးရွာများမှာ ရွာလုံးကျွတ်နီးပါး ထိခိုက်သေကျေပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# ဒေသခံပြည်သူများ အမှိုက်များအလွယ်တကူ စွန့်ပစ်နိုင်ရန် အမှိုက်ပုံး(သံကန်)ကြီးများ ချထားပေးလျက်ရှိ

**ကန့်ဘလူ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ ဒေသခံပြည်သူများ အမှိုက်များ စနစ်တကျ စွန့်ပစ်ရန်အတွက် မြို့ပေါ်ရပ်ကွက်များ၌ အမှိုက်ပုံး(သံကန်)ကြီးများ ထားရှိပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ယခုအခါ အမှိုက်ပုံး(သံကန်)ကြီး တစ်ခုလျှင် ငွေကျပ် ၁၇ သိန်းတန်ဖိုးရှိပြီး အမှိုက်ပုံး ငါးလုံးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် မြို့ပေါ်ရပ်ကွက်များ၌ ချထားပေးလျက်ရှိရာ မဟာရွှေစည်ကြီးစေတီတော် ဘုရားကြီးဈေး၌ တစ်လုံး၊ ဝန်ထမ်းအိမ်ရာတွင် တစ်လုံးနှင့် အမှတ် ၃ ရပ်ကွက် မြို့ရှေ့ကျောင်းအနီးတွင် တစ်လုံးချထားပေးပြီးဖြစ်ကာ ကျန်နှစ်လုံးကိုအမှတ် ၄ ရပ်ကွက် ကျွန်းတောအနီးနှင့် အမှတ် ၁ ရပ်ကွက် မီးသတ်စခန်းအနီးတွင် ချထားရန်စီစဉ်ထားရှိကြောင်း သိရသည်။

အဆိုပါအမှိုက်ပုံးများ၌ အမှိုက်များ ပြည့်သွားလျှင် ချက်ချင်း အမှိုက်သယ်ယာဉ်ဖြင့် တစ်ခါတည်းသတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရာ နေရာသို့ စနစ်တကျ စွန့်ပစ်မည်ဖြစ်ကြောင်းနှင့် မီးဖိုချောင်ထွက် အမှိုက်များကိုသာ အိတ်ဖြင့် ထုပ်ပိုးလျက် အမှိုက်ပုံးအတွင်းစွန့်ပစ်ရမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းထွက် အမှိုက်များနှင့် ခြံထွက်အမှိုက်များကို အမှိုက်ပုံးအတွင်း လာရောက်စွန့်ပစ်ခြင်း မပြုဘဲ သီးခြားဆက်သွယ်ဆောင်ရွက် ရမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလွင်က ပြောသည်။

ယခုအခါ ကန့်ဘလူမြို့ပေါ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က အမှိုက်ပုံး (သံကန်) သုံးလုံးနှင့် ယခု အမှိုက်ပုံး (သံကန်) ငါးလုံးချထားပြီးဖြစ်ကာ ဘဏ္ဍာငွေအခြေအနေပေါ် မူတည်၍ ဆက်လက်တိုးချဲ့ချထားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြို့ပေါ်ရပ်ကွက် ၅ ရပ်ကွက်တွင်လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အသံချဲ့စက်ဖြင့် ကြေညာ၍ အမှိုက်သိမ်းယာဉ်နှစ်စီး၊ ဝန်ထမ်းရှစ်ဦးတို့ဖြင့် နေ့စဉ်အလှည့်ကျ ရပ်ကွက်အတွင်း လှည့်လည် သိမ်းဆည်းပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# တောင်သူမျိုးစေ့သန့်စင်စက် ဖွင့်ပွဲအခမ်းအနားကျင်းပ

**သာယာဝတီ မေ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မေလ ၂ ရက်က သာယာဝတီမြို့နယ် အင်းရွာရှိ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်း၌ တောင်သူမျိုးစေ့သန့်စင်စက်ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဆက်လက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူးက တောင်သူမျိုးစေ့သန့်စင်စက် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားကာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးက တက်ရောက်လာကြသည့် တောင်သူများအား စပါးစိုက်ပျိုးရာတွင် စနစ်တကျရှိစေရေး၊ စပါးအထွက်တိုးကောင်းမွန်ရေး၊ သန့်စင်ပြီးသောမျိုးစပါးများကို စိုက်ပျိုးပါက စပါးအထွက်နှုန်းကောင်းမွန်သဖြင့် မျိုးစေ့သန့်စင်ပြီးမှ စိုက်ပျိုးနိုင်ရေးအတွက် အလေးထားဆောင်ရွက်စေလိုကြောင်း ပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက မျိုးစေ့သန့်စင်စက်လည်ပတ်နေမှုကို လေ့လာခဲ့ကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**

# မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေလှူဒါန်း

**မြို့သစ် မေ ၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ထောက်ရှာတန်းကျေးရွာအုပ်စု အင်တော(မြောက်)ကျေးရွာ၌ နှစ်စဉ်နွေရာသီရောက်တိုင်း သောက်သုံးရေရှားပါးမှု ကြုံတွေ့ရသဖြင့် မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန်ပေါင်း ၃၂၀၀ ကို တစ်နေ့လျှင် နှစ်ခေါက်နှုန်း သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာသည် မြို့သစ်မြို့နယ်နှင့် ၁၃ မိုင်ခန့်အကွာတွင်ရှိပြီး အိမ်ခြေ ၁၆၅ အိမ် အိမ်ထောင်စု ၁၆၅ စု လူဦးရေ ၅၀၀ ခန့်ရှိသောကြောင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရန်အတွက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များကမေ ၅ ရက်တွင် ကျရောက်မည့် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် သောက်သုံးရေများ သွားရောက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ဇော်ဇော် (မြို့သစ်)**

# ရေဘေးကြိုတင်ကာကွယ်ရေးအတွက် မိုးမကျမီ တာတမံများ ပြုပြင်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းရှိ ရေဝတီမြစ်ရေကို ကာကွယ်ထားသည့် ရေဝတီအရှေ့ဘက် ကမ်းတာ တာမိုင် ၄၂/၇ မှ ၅၀/၁ အတွင်းရှိ အဖျောက်တာအား မိုးရာသီမတိုင်မီ ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဧပြီ ၃၀ ရက်က ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ရေဝတီအရှေ့ဘက် ကမ်းတာ (အဖျောက်တာ) တာမိုင် ၄၂/၇ မှ ၄၄/၁ အကြား ပြုပြင်ဆောင်ရွက်ထားသည့် တာဖိနပ်ခံခြင်း၊ တာပုံစံကျပြုပြင်ခြင်း၊ နန်းဖမ်းလိုင်းကာတန်း ရိုက်ခြင်း ဆောင်ရွက်ထားရှိမှု အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ယခုနှစ် မိုးရာသီမတိုင်မီ ရေဘေးကာကွယ်ရေး တာတမံများ၏ ကြံ့ခိုင်မှုအခြေအနေ၊ လုံခြုံစိတ်ချရမှု အခြေအနေများအတွက် ကြိုတင်စီမံ ဆောင်ရွက်ထားရှိရန်၊ အရေးပေါ်သုံးပစ္စည်းများ စုဆောင်းထားရှိမည့်နေရာများကို သေချာစွာသတ်မှတ်ပြီး စီမံဆောင်ရွက်ထားရန်၊ ဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားသော တာတမံ ဥပဒေများအပေါ် တိကျစွာ လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း ရေဘေးကာကွယ်ရေးတာတမံ ၂၄ ခု၊ ရေငန်တားတာတမံ ၁၉ ခုရှိပြီး ၂၀၁၈ ခုနှစ် မိုးရာသီမတိုင်မီ ရေဘေးကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

# ရာသီစာ တညင်းသီးများ စတင်ပေါ်လာပြီဖြစ်သော်လည်း ကျန်းမာရေးထိခိုက်မည်စိုး၍ ဝယ်ယူစားသုံးသူ နည်းပါးလာ

**ရေတာရှည် မေ ၃**

စွတ်စိုသော တောင်ပေါ်ဒေသများတွင်သာ ပေါက်လေ့ရှိသော တညင်းပင်သည် ဧပြီလနောက်ဆုံးပတ်နှင့် မေလများ၌ ခူးဆွတ်၍ရရှိကာ ဈေးကွက်အသီးသီးသို့ တင်ပို့ရောင်းချလျက်ရှိသည်ကို တွေ့ရှိရသည်။ ကရင်ပြည်နယ် သံတောင်ကြီးဒေသမှ ဝင်ရောက်လာသော တညင်းသီးများကို တောင်ငူမြို့ရှိ ပွဲရုံများက ပြန်လည်ဝယ်ကာ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးများသို့ တင်ပို့ရောင်းချလျက်ရှိပြီး လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ တညင်းသီးအရောင်းအဝယ်မှာ ထင်သလောက်ကောင်းမွန်ခြင်း မရှိတော့ကြောင်း တောင်ငူမြို့ရှိ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

တညင်းသီးနှင့်ပတ်သက်၍ ကျန်းမာရေးရှုထောင့်မှ အသိပညာပေး ဆောင်းပါးများ၊ သတင်းများ ဆက်တိုက်ဖော်ပြလာရာတွင် စားသုံးသူများအနေဖြင့် တညင်းသီးစားသုံးခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို သိရှိနားလည်လာသည့်အလျောက် တစ်နှစ်ထက်တစ်နှစ် စားသုံးမှုလျော့ကျလာခြင်းဖြစ်သည်။

"အခုမှပေါ်တာ ရက်ပိုင်းပဲရှိသေးတယ်၊ ၁၀ လုံးကို ၅၀၀ ကျပ်ပေးရတယ်၊ ဈေးတော့ နည်းနည်းကြီးတယ်၊ ဒါပေမယ့် တညင်းသီးတွေ ဟိုးအရင်တုန်းကလို ရောင်းလို့မကောင်းတော့ဘူး၊ အရင်ကဆို ပေါ်ပြီဆိုတာနဲ့ လာဝယ်ကြတာ ဝိုင်းဝိုင်းလည်နေတာပဲ"ဟု ရေတာရှည်မြို့ ကုန်စိမ်းရောင်းသူ အမျိုးသမီးက ပြောသည်။

တညင်းသီးကို ကြိုက်တတ်၍ များများစားသုံးပြီးသည့်အခါဖြစ်စေ၊ အုန်းနို့နှင့် ရောနှော၍ချက်စားမိလျှင်ဖြစ်စေ စားပြီးပြီးချင်း သံပရာရည်တစ်ခွက်ကို သောက်သုံးရန်လိုအပ်ကြောင်း ဆေးပညာရှင်များက အကြံပြုထားသည်ကို တွေ့ရသည်။ **ကိုလွင်(ဆွာ)**

# ရေအခက်အခဲဖြစ်နေသော ကျေးရွာများသို့ ရေလှူဒါန်း

**အမာ မေ ၃**

ရေဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်အတွင်းရှိ သောက်သုံးရေပြတ်လပ်လျက်ရှိသော ကျေးရွာများသို့ အမာမြို့အုပ်ချုပ်ရေးမှူးနှင့် ဖျာပုံမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနများ ပူးပေါင်းပြီး သောက်သုံးရေများလှူဒါန်းလျက်ရှိကြောင်း သိရသည်။ ဧပြီလနောက်ဆုံး ပတ်က ရေအခက်အခဲဖြစ်နေသော ကျောင်းကုန်းကျေးရွာအုပ်စု ကညင်တပင်ကျေးရွာရှိ အိမ်ထောင်စု ၂၂၁ စုအတွက် ဒေါ်ညိမ်းကျေးရွာ မီးသတ်ယာဉ်ဖြင့် အမာမြို့အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကျောင်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မီးသတ်ဦးစီးဌာနလက်ထောက်ဦးစီးမှူး ဦးညီညီအောင် နှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ အိမ်ထောင်စု တစ်စုလျှင် ရေရှစ်ဂါလန်နှုန်းဖြင့် ရေ ဂါလန် ၁၇၆၀ ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့(၂)
## အဆောက်အဦအထူးအဖွဲ့(၆)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ အဆောက်အဦအထူးအဖွဲ့(၆)မှ ၂၀၁၈ခုနှစ်(ဧပြီလမှ စက်တင်ဘာလ)အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း(မူဆယ်)ရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသည့် လိုအပ်သော(မြို့ပြ၊ ရေသန့်၊ လျှပ်စစ်)ပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(၁) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀နာရီ
(၂) **တင်ဒါစိစစ်ဖွင့်မည့်ရက်နှင့်အချိန်** - ၂၄-၅-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီ
(၃) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အဆောက်အဦအထူးအဖွဲ့(၆)ရုံး၊ မန္တလေးမြို့။
(၄) အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အဆောက်အဦအထူးအဖွဲ့(၆)မှ မန္တလေးမြို့တွင် ၈-၅-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း-၀၂-၄၀၇၆၀၀၁၊ ၀၂-၄၀၇၆၃၆၄ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**(တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ)**

## သီတဂူအထူးဓမ္မသဘင် ဖိတ်ကြားအပ်ပါသည်

လေးမျက်နှာမြို့နယ်လုံးဆိုင်ရာ သီတဂူအထူးဓမ္မသဘင်ကို ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့၊ မြို့ဦးစေတီတော်မြတ်ကြီးဓမ္မရင်ပြင်တော်တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရမှ ၉-၅-၂၀၁၈ရက် ည ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားချီး မြှင့်သွားမည်ဖြစ်ပါသဖြင့် ဓမ္မမိတ်ဆွေသူတော်ကောင်းအပေါင်းအား လေးမြတ်စွာဖြင့် တရားတော်နာ ဖိတ်ကြားအပ်ပါသည်။

ဓမ္မပူဇာအလှူတော်ငွေများ လှူဒါန်းလိုပါက ဦးသန်းဝင်း-ဖုန်း-၀၉-၉၇၀၀၀၇၈၈၃ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

**တရားပွဲဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့(လေးမျက်နှာမြို့)**

## တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ရှိ ရတနာစေတီ ဆင်များရှင်စေတီတော်ကြီးအား အကြီးစား ပြုပြင်တော့မည် ဖြစ်ပါသဖြင့် ရွှေမိုက်ထုတ်ခြင်းနှင့် ကြေးပြားထုတ်ခြင်းလုပ်ငန်းများ ပြုလုပ်သွားမည်ဖြစ်ရာ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များ ဈေးပြိုင်စနစ်ဖြင့် တင်ဒါဆွဲယူနိုင်ပါရန်နှင့် လက်ရှိ အခြေအနေကို လာရောက်ကြည့်ရှုနိုင်ပါကြောင်း တင်ဒါပုံစံများကို ၇-၅-၂၀၁၈ရက်မှ စတင်ပြီး ၁၂-၅-၂၀၁၈ ရက် နောက်ဆုံးထား၍ အခမဲ့ ထုတ်ယူနိုင်ပါကြောင်း။

**ရတနာစေတီဆင်များရှင်ဘုရား ဂေါပကအဖွဲ့**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ မဟာဓာတ်အားလိုင်းမှူးရုံး(ချောက်)ရှိ သံကန်တစ်လုံး၊ ဘက်ထရီအိုး(၂၈)လုံး၊ ပီပါခွံ(၂၅)လုံး၊ တာယာဆိုက်စုံ(၁၃၇)လုံး၊ အင်ဂျင်(၂)လုံး၊ Hino TE-11ဘလောက်တစ်လုံးနှင့် မီးသတ်ဆေးဘူးခွံ (၁၅)လုံးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လေလံပုံစံစတင်ရောင်းချမည့်ရက်** - ၅-၅-၂၀၁၈ရက်မှ ၁၂-၅-၂၀၁၈ရက်ထိ
(ခ) **လေလံပုံစံရောင်းချမည့်နေရာ** - မဟာဓာတ်အားလိုင်းမှူးရုံး(ချောက်)၊ ချောက်မြို့
(ဂ) **လေလံဖွင့်ပွဲပြုလုပ်မည့်ရက်/အချိန်** - ၂၈-၅-၂၀၁၈ရက် နံနက် ၁၀နာရီ
(ဃ) **လေလံဖွင့်ပွဲပြုလုပ်မည့်နေရာနှင့် ပစ္စည်းများတည်ရှိရာနေရာ** - မဟာဓာတ်အားလိုင်းမှူးရုံး(ချောက်)၊ ချောက်မြို့

အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည်။
မဟာဓာတ်အားလိုင်းမှူးရုံး(ချောက်)၊ ချောက်မြို့၊ ဖုန်း-၀၆၁-၂၀၀၆၅၀၊ ၀၉-၂၅၈၃၈၀၅၉၃

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်မှ ဦးနိုင်လင်းဇော် ၁၂/ထတပ(နိုင်)၀၆၇၃၃၉၏သမီး မဆုမြတ်ချယ် ဆဋ္ဌမတန်း (E) အထက(၂) စမ်းချောင်းအား ယနေ့မှစ၍ မယုမြတ်ချယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မယုမြတ်ချယ်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အဗြာဟန်အောင်ထွန်း ၁၃/ဖခန(နိုင်)၀၁၉၀၂၃၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မီရယ် ၂/ဖရဆ(နိုင်)၀၀၄၅၁၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## အမည်ပြောင်း

ရွှေညောင်မြို့နယ်၊ အောင်သပြေလခွဲ(၁) စဥ့်ဟယ် သတ္တမတန်းအောင်မှ ခွန်စစ်ရဲမာန်အား မောင်စစ်မင်းသူဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စစ်မင်းသူ**

Aung's College (Tu Tu - Su Su)
နိုင်ငံခြားရေးဝန်ကြီးဌာန-အငယ်တန်းစာရေး
ရာထူး(၃၀)နေရာ၊ ကျား(၁၅)၊ မ(၁၅)အတွက်
(အထူးသီးသန့်သင်တန်းများစတော့မည်အမြန်ဆက်သွယ်ပါ)
၁၀၆၊စဥ့်အိုးတန်းလမ်း၊လသာ။ ဖုန်း- 250727,09-5163884

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)တွင် အဆောက်အအုံဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်း**

| စဉ် | အကြောင်းအရာ | ဆောက်လုပ်မည့်ဒေသ | အရေအတွက် |
|---|---|---|---|
| ၁ | စာသင်ဆောင် RC(၃)ထပ် (၁၉၂'×၃၈') | အစိုးရနည်းပညာ အထက်တန်းကျောင်း (ဘားအံ)ကရင်ပြည်နယ် | ၁ လုံး |
| ၂ | ကျောင်းသား/သူအဆောင် သံကူကွန်ကရစ်(၄)ထပ်(၁၀၀'×၄၀') | | ၁ လုံး |
| ၃ | ဆရာ/မ ဆောင် သံကူကွန်ကရစ် လေးခန်းတွဲလေးထပ်(၁၂၀'×၄၀') | | ၁ လုံး |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၅-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၅-၂၀၁၈ရက် ညနေ ၄နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၅၂-၂၂၂၈၂၊ ၀၉-၇၉၄၂၄၂၂၉၃ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## အမည်မှန်

ဦးကျော်မျိုးထွေး ၉/စကတ(နိုင်)၀၅၈၇၉၂ ၏ သမီး စိုးစံ အထက (နေပြည်တော်)မှ နဝမတန်းအောင် မခိုင်မျိုးသက်၏ အမည်မှန်မှာ မခိုင်မျိုးမြတ် ၁၂/သဃက(နိုင်)၂၀၆၆၂၀ ဖြစ်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်မြအေး(ဘ)ဦးခင်မောင်ကြည် ၁၀/ဘလန(နိုင်)၀၁၅၉၃၂ သီရိလမ်း၊ ကန်သာ ယာရပ်ကွက်၊ ဘီးလင်းမြို့နေသူ၏သားတစ်ဦးဖြစ်သူ မောင်မျိုးမင်းသူ (ခ)မျိုးမင်း ၁၀/ဘလန(နိုင်) ၀၈၉၄၂၇ ကိုင်ဆောင်သူသည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘခွင့်မလွှတ်နိုင်သော ကိစ္စရပ်အား မိမိ၏ဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ ထာဝရ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၄င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်မြအေး ၁၀/ဘလန(နိုင်)၀၁၅၉၃၂**

အောင်ပြည့်စုံ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/9444 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်း၊ တံတားဌာန
## ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းဖြစ်သော Guard Rail(Double)တပ်ဆင်ခြင်းလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ်(ဧပြီလမှ စက်တင်ဘာလထိ)ဘဏ္ဍာနှစ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းဖြစ်သော Guard Rail(Double) တပ်ဆင်ခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၅-၂၀၁၈ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၆-၂၀၁၈ရက် (သောကြာနေ့)၁၃:၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ လမ်း၊ တံတားဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင်ကျပ်(၁၀၀၀၀/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




**ပွဲတော်အုပ် ဆန်ဆိုင်**
ရွှေဆိုင်ပေါ် ဆန်းစွမ်း–၆၅၀၀၀ကျပ်
ပုသိမ်ပေါ် ဆန်းစွမ်း–၅၅၀၀၀ကျပ်
ဧည့်သာရှယ်–၃၁၀၀၀ကျပ်
လက်လီအရောက်ပို့ပေးပါ၊
☎:01512443, 0973017656, 095055574

## သစ်ခွခြံမြေအမျိုးအစား မြေကွက်တစ်ကေရောင်းမည်

ထောက်ကြန့်၊ မင်္ဂလာဒုံ
ဖုန်း–၀၉–၅၂၅၁၇၁၅၂

## မြေကွက်ရောင်းမည် မရမ်းကုန်း

ကုန်းမြင့်ရိပ်သာလမ်းအနီး
ဖုန်း–၀၉–၅၂၅၁၇၁၅၂

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/9850 Myanmar Double Cab P/U ဆိုင်ကယ် လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၁၃/တကန(နိုင်)၁၈၀၅၁၃က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

## ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်–၁၃၅**
**နှင့်ဆက်နွှယ်သည့်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်–၆၀**

ဒေါ်ဆွေဆွေဝင်း **နှင့်** ၁။ ဦးအောင်ဖြိုးဟိန်း
၂။ ဦးလှသန်း
၃။ ဒေါ်စိန်စိန်
၄။ ဦးကျော်
၅။ ဒေါ်အမာကြည်
၆။ ဦးပြည့်စုံ
၇။ ဒေါ်အိမ်မြိုင်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (လလ–၂၆/၁၁+၁၂ (ဈ)ရပ်ကွက်နေ (၁) ဦးအောင်ဖြိုးဟိန်း၊ (၂) ဦးလှသန်း၊ (၃) ဒေါ်စိန်စိန် အမရပူရမြို့နယ်၊ မယ်တော်စုရွာနေ (၄) ဦးကျော်၊ (၅) ဒေါ်အမာကြည်၊ (၆) ဦးပြည့်စုံ၊ (၇) ဒေါ်အိမ်မြိုင် (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးအမှုအမှတ်–၁၃၅တွင် ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဆွေဆွေဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ဖြေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ခုနှစ် မေ ၂၅ရက် (၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့သို့ လာရောက်ရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ထိုး ထုတ်ပေးလိုက်သည်။ **(လှဝင်း)**

**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

ပင်လယ်ကမ်းခြေမြို့ရှိ (Karaoke Entertainment, Restaurant, Salon) တွင် **စာရင်းကိုင် မ (၂)ဦး အမြန်အလိုရှိသည်၊**
**09 952225350**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/2636 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/9124 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဧယ/၄၈၃၉၄ Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လွင်ဦး ၁၀/သထန(နိုင်)၁၀၈၂၃၀က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့နယ်၊ ရွှေပြည်သာကျေးရွာ အကွက်အမှတ် ၁၆၉၊ ဦးပိုင်အမှတ် ၁၁၂/၅၊ မြေဧရိယာ ၀ဒ၃သမ၀၉၅ဧက ပိုင်ဆိုင်သူ ဒေါ်လှဲ့မွန်သည်လွန်ခဲ့သော နှစ် ၂၀မှစတင်၍ အဆောက်အအုံ ဆောက်လုပ်နေထိုင် အသုံးပြုခဲ့ရာ ဒေါ်လှဲ့မွန် ၁/ဗမန(နိုင်)၀၆၅၂၀၆ အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လှဲ့မွန်**
**ရွှေပြည်သာကျေးရွာ၊**
**ဇန်းမော်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ–၁၃၊ မြေကွက်အမှတ် ၆၆၀/ခ၊ မြေကွက်တည်နေရာအမှတ် ၆၆၀/ခ၊ ချောင်းသာလမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် (ဒေါ်ကျင်ဆိုင်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ကျင်ဆိုင်ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးသန်းဌေး ၉/နထက(နိုင်)၀၉၃၂၆၈မှ မြေချပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ အကွက်အမှတ်(၂၇)၊ ဦးပိုင်အမှတ် (၅၉)၊ မြေဧရိယာ ၀ဒ၃သမ၁၀၅ဧက ကို ဦးမောင်မောင်ပိုင်ဆိုင်၍ ဦးပိုင် အမည်ပေါက် ရရှိထားပါသည်။ ဦးမောင်မောင်အမည်မှ ဒေါ်ခက်ခက် မျိုးအေး ၁/ဗမန(နိုင်)၀၀၂၄၆၂ အမည်ဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်း မြေငှားဂရန်သစ် လျှောက်ထားမည် ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက် အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခက်ခက်မျိုးအေး**
**မင်းကုန်းရပ်ကွက်၊ ဇန်းမော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့နယ်၊ ရွှေပြည်သာကျေးရွာ အကွက်အမှတ်(၁၆၉)၊ ဦးပိုင်အမှတ် (၁၁၂/၃)၊ မြေဧရိယာ ၀ဒ၃သမ၀၇၀ ဧက ပိုင်ဆိုင်သူ ဦးကျော်သောင်းမင်းသည် လွန်ခဲ့သော (၂၀)နှစ်မှစတင်၍ အဆောက်အအုံ ဆောက်လုပ်နေထိုင် အသုံးပြုခဲ့ရာ ဦးကျော်သောင်းမင်း KTA ၀၅၃၄၂၈ အမည်ဖြင့် မြေငှား ဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့် ရက်မှခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်သောင်းမင်း**
**ရွှေပြည်သာကျေးရွာ၊**
**ဇန်းမော်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့နယ်၊ ရွှေပြည်သာကျေးရွာ အကွက်အမှတ် (OSS)၊ ဦးပိုင်အမှတ် ၃၉၅၊ မြေဧရိယာ ၀ဒ၃သမ၁၅၈ဧက၊ ဦးပိုင်အမှတ် ၃၉၅/၂၊ မြေဧရိယာ ၀ဒ၃သမ၄၁၆ဧက စုစုပေါင်း ၁ဒ၃သမ ၅၇၄ဧကကို လွန်ခဲ့သော ၁၅ နှစ်မှ စတင်၍ပိုင်ဆိုင်အသုံးပြုခဲ့ရာ ဦးဇင်လတ် ၁/ဗမန(နိုင်)၀၆၉၃၂၁၊ ဒေါ်အေးအေးထွန်း ၁/ဗမန(နိုင်)၀၃၆၂၄၆အမည်ဖြင့် စက်မှုမြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇင်လတ်–ဒေါ်အေးအေးထွန်း**
**ရွှေပြည်သာကျေးရွာ၊**
**ဇန်းမော်မြို့နယ်**

## အများသိစေရန် အသိပေးကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၀) ရပ်ကွက်၊ မုံညင်းစုရပ်ရှိ (၈)ခန်းခွဲ နှစ်ထပ်အဆောက်အအုံမှာ ကျွန်မတို့၏အဘွား ဒေါ်သိန်းညွန့်(ကွယ်လွန်) အမည်ပေါက် ပိုင်ဆိုင်သော ဂရန်ဝင်းမြေဖြစ်ပါသည်။ ဒေါ်သိန်းညွန့်၏သမီးတစ်ဦးဖြစ်သူမှာ ကျွန်မတို့ညီမနှစ်ဦး၏ မိခင်ဒေါ်နွဲ့နွဲ့(ကွယ်လွန်)ဖြစ်ပါသည်။ အဆိုပါ ဝင်းမြေအဆောက်အအုံကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းတို့ အားလုံးကို မုံရွာမြို့၊ ဘုရားကြီးရပ်၊ ပွဲစားတန်းလမ်းနေ ကျွန်မတို့ညီမ(၂)ဦးအား အသိမပေးဘဲ ဆောင်ရွက်ခြင်းမပြုလုပ်ရန် သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မို့မို့ဌေး** **ဒေါ်ခင်သီတာဌေး**
**၅/မရန(နိုင်)၀၄၈၈၄၅ ၅/မရန(နိုင်)၀၁၅၂၄၃**
**(လွှဲအပ်သူများ)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ကြွယ်**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်–၂၅၂၅/၈၄**
**ရုံးကြီးရပ်၊ စာရေးတန်းလမ်း၊**
**မုံရွာမြို့၊**
**ဖုန်း–၀၉–၄၇၀၅၁၄၂၅**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ အကွက်အမှတ် (၂၇)၊ ဦးပိုင်အမှတ် (၆၀)၊ မြေဧရိယာ ၀ဒ၃သမ၀၉၄ဧက ကို ဒေါ်သောင်းသောင်း ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက်ရရှိထားပါသည်။ ဒေါ်သောင်းသောင်းအမည်မှ ဦးမောင်မောင် ၁/ဗမန(နိုင်)၀၀၂၉၉၃ အမည်ဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင်**
**မင်းကုန်းရပ်ကွက်၊ ဇန်းမော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့နယ်၊ ရွှေပြည်သာကျေးရွာ အကွက်အမှတ်(၁၆၉)၊ ဦးပိုင်အမှတ် (၁၁၂/၆)၊ မြေဧရိယာ ၀ဒ၃သမ၀၉၇ ဧကပိုင်ဆိုင်သူ ဦးကျော်သောင်းထွန်းသည်လွန်ခဲ့သော (၂၀)နှစ်မှစတင်၍ အဆောက်အအုံ ဆောက်လုပ်နေထိုင် အသုံးပြုခဲ့ရာ ဦးကျော်သောင်းထွန်း ၁/ဗမန(နိုင်)၀၄၆၆၄၃ အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားမည် ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဦးကျော်သောင်းထွန်း**
**ရွှေပြည်သာကျေးရွာ၊**
**ဇန်းမော်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် ဒ–၃၁၅၄၉၊ ဒ–၃၁၅၅၀၊ ဒ–၃၁၅၅၁၊ ဒ–၃၁၅၅၂၊ ဒေါ်အေးမြအောင်(ဘ)ဦးအောင်မင်း ၉/ပမန(နိုင်)၁၆၅၁၄၄ အမည်ပေါက် ပါမစ်မြေ၏ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ် ပျောက်ဆုံးသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေကွက်နေရာ (ယာယီ)ချထားပေးသည့်လက်မှတ်မူရင်းကို ပယ်ဖျက်ပြီး မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ရန်ကုန်မြို့ အဆင့်မြင့်မင်္ဂလာဈေးသစ်ကြီး လပေါင်း၃၀ အတွင်း အပြီးတည်ဆောက်မည်



မင်္ဂလာတောင်ညွန့်မြို့နယ်တွင် အဆင့်မြင့်မင်္ဂလာဈေးသစ်ကြီး တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပစဉ်။ ဓာတ်ပုံ-မင်းထက်

**ရန်ကုန် မေ ၃**

ရန်ကုန်မြို့၏ ရောင်းဝယ်ဖောက်ကားမှုအချက်အချာကျသော မင်္ဂလာတောင်ညွန့်မြို့နယ်မှ မီးလောင်ပျက်စီးသွားသော မင်္ဂလာဈေးကြီးအား ယခုအခါ အဆင့်မြင့်မင်္ဂလာဈေးသစ်ကြီးအဖြစ် လပေါင်း ၃၀ အတွင်း အပြီးအကောင်အထည်ဖော်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့် မင်္ဂလာဈေးသစ်ကြီးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့က ဦးဆောင်ကြီးကြပ်ပြီး ဆန်းမြတ်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်မည်ဖြစ်သည်။ နှစ်နှစ်ခွဲအတွင်းအပြီး အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်၍ ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဈေးဟောင်းမြေနေရာ၌ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပသည်။

"မင်္ဂလာဈေးကြီးဟာ ပြည်သူအများ အားကိုးအားထားပြုရတဲ့ ဈေးကြီးတစ်ခုဖြစ်ပါတယ်၊ ဒီဈေးကြီးကနေ အမြို့မြို့ အနယ်နယ်၊ ရပ်ကွက်၊ ကျေးရွာတွေအထိ ဖြန့်ဖြူးရောင်းချနေရတာဖြစ်ပါတယ်၊ အခုလိုဈေးကြီးဟာ အကြောင်းကြောင်းကြောင့် မီးလောင်ပျက်စီးခဲ့ရတယ်၊ ဈေးသူဈေးသားတွေ ထိခိုက်မှုရှိခဲ့သလို နိုင်ငံအတွက်လည်း ဆုံးရှုံးမှုတွေများစွာ ဖြစ်ခဲ့ရတယ်၊ ဈေးကြီးမီးလောင်သွားတဲ့အတွက် ပြန်လည်နေရာချထားတဲ့ အစီအစဉ်ကစပြီး ပြန်လည်တည်ဆောက်တဲ့အစီအစဉ်တွေအထိ ရှုန်းကန်လှုပ်ရှားမှုပေါင်းများစွာ ရှိခဲ့သလို ကွဲလွဲမှုအမျိုးမျိုးကိုလည်း

*စာမျက်နှာ ၁၀ ကော်လံ ၁* ❑

# ထိန်ပင်အမှိုက်ပုံမီး ဆက်လက်စောင့်ကြည့်၍ မီးကြွင်းမီးကျန်များ ငြိမ်းသတ်လျက်ရှိ

**ရန်ကုန် မေ ၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်နေမှုကို ဇန်အလိုက်သတ်မှတ်ကာ အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သော်လည်း ယနေ့တွင် ဆက်လက်စောင့်ကြည့်မှုများပြု၍ မီးကြွင်းမီးကျန်များကို ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် ဦးစီးဆောင်ရွက်နေသူ မှော်ဘီမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မင်းဦးက "မနေ့ကညပိုင်းမှာတော့ မီးအားလုံးငြိမ်းသွားခဲ့ပါပြီ၊ ဒါပေမယ့် အမှိုက်ပုံတွေအောက်မှာ ကျန်နေတဲ့ အပူရှိန်ကြောင့် အပေါ်ကို အငွေ့နည်းနည်း တက်နေတာတွေရှိပါတယ်၊ အဲဒီကနေ မီးဖြစ်မှာ စိုးရိမ်တဲ့အတွက် Level-1 အဆင့်မီးငြိမ်းသတ်ယာဉ်တွေနဲ့ စောင့်ကြည့်ပြီး အငွေ့ထွက်နေတဲ့ နေရာတွေကို အပြီးသတ်လိုက်ဖြတ်နေပါတယ်၊ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်နေတာပါ၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆



ထိန်ပင်အမှိုက်ပုံ မီးလောင်မှုမှ မီးကြွင်းမီးကျန်များအား မီးသတ်တပ်ဖွဲ့ဝင်များ ဆက်လက်ငြိမ်းသတ်နေစဉ်။

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာအဖြစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဒုတိယ (၁) နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## ဦးကိုနီလုပ်ကြံခံရမှုနှင့် ပတ်သက်၍ အမှုတွဲ ပြန်မရောက်သေးသဖြင့် ထပ်မံချိန်းဆို

စာ » ၁၂

## ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက် ကင်းရှင်းရေးတွင် တရုတ်နိုင်ငံကပါဝင်ကူညီမည်

စာ » ၁၄

သင် ! အိမ်ခြံမြေ ရောင်း/ဝယ်/ငှား နှင့် ပတ်သက်နေလျှင် ဝင်ရောက်ကြည့်ရှုလိုက်ပါ။
11 သိန်းတန် iphone7+ ကံစမ်းမဲရှိတယ်နော်
homemyan.com
အိမ်/ခြံ/မြေ/တိုက်ခန်း/အဆောင်/ဂိုဒေါင် ရောင်း/ဝယ်/ငှား`` FREE ကြော်ငြာ´´ WEBSITE
Operated by SHOWA

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကချင်လူထုအဖွဲ့အစည်းခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

ရှင်မင်း



ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်

ကချင်ပြည်နယ်အစိုးရအနေဖြင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနည်းတူ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်အတွင်းရှိ ပြည်နယ်သူပြည်နယ်သားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို နှစ်နှစ်တာကာလအတွင်း ရည်မှန်းဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မျှော်မှန်းချက်၊ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အစိုးရ၏ မျှော်မှန်းချက်မှာ ငြိမ်းချမ်းသာယာပြီး ပြည်ထောင်စု တိုင်းရင်းသားများအတူတကွ ယှဉ်တွဲနေထိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မူးယစ်ဆေးဝါးကင်းစင်သည့် ပြည်နယ်တစ်ခုဖြစ်စေရန်ဖြစ်သည်။

ထို့အတူ ပြည်နယ်အစိုးရ၏ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ရည်မှန်းချက်များမှာ ငြိမ်းချမ်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပြည်နယ်အတွင်းရှိ မြို့နှင့်ကျေးရွာအားလုံး လျှပ်စစ်မီးရရှိရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ခရီးသွားကဏ္ဍမြှင့်တင်ရေးနှင့် အဂတိတရားကင်းရှင်းသော ပြည်သူ့ဝန်ဆောင်မှုများ ဖော်ဆောင်ရေးတို့ဖြစ်သည်။

"ကချင်ပြည်နယ်အတွင်းမှာ ကာလရှည်ကြာဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် ပြည်သူတွေအေးချမ်းသာယာစွာ လုပ်ကိုင်စားသောက်နိုင်မှုမရှိဘူး၊ ဒါကြောင့် ပြည်သူတွေအေးချမ်းစွာ နေထိုင်နိုင်အောင် ငြိမ်းချမ်းရေးကို ရည်မှန်းချက်တစ်ရပ်အနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်၊ ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မယ်၊ ဒါကြောင့် နိုင်ငံတော်ကလည်း ငြိမ်းချမ်းရေးကို ဆောင်ရွက်နေတယ်၊ ပြည်နယ်အစိုးရအနေနဲ့လည်း ပထမရည်မှန်းချက်အဖြစ်ထားပြီး ဆောင်ရွက်နေပါတယ်"ဟု ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင် က ပြောကြားသည်။

ကချင်ပြည်နယ်သည် တောတောင်ထူထပ်ခြင်း၊ မြစ်ချောင်းပေါ်များခြင်း၊ နယ်မြေအေးချမ်းမှုမရှိခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် ဖွံ့ဖြိုးမှုကွာဟလျက်ရှိသည်။

ကချင်ပြည်နယ်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပြီး နှစ်နှစ်တာကာလအတွင်း မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်၊ ပူတာအိုခရိုင်မြို့လေးမြို့၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ၁၀ ဒသမ ၇၂၈ ကီလိုမီတာရှိသော နိုင်လွန်ကတ္တရာလမ်း၊ ၄၈ ဒသမ ၄၉ ကီလိုမီတာရှိသော ကွန်ကရစ်လမ်း၊ ၃၃၁ ဒသမ

*အချပ်ပို(ခ)သို့*

**"ကချင်ပြည်နယ်အတွင်းမှာ ကာလရှည်ကြာဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် ပြည်သူတွေအေးချမ်းသာယာစွာ လုပ်ကိုင်စားသောက်နိုင်မှုမရှိဘူး၊ ဒါကြောင့် ပြည်သူတွေ အေးချမ်းစွာနေထိုင်နိုင်အောင် ငြိမ်းချမ်းရေးကို ရည်မှန်းချက်တစ်ရပ်အနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်၊ ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မယ်၊ ဒါကြောင့် နိုင်ငံတော်ကလည်း ငြိမ်းချမ်းရေးကို ဆောင်ရွက်နေတယ်၊ ပြည်နယ်အစိုးရအနေနဲ့လည်း ပထမရည်မှန်းချက်အဖြစ်ထားပြီး ဆောင်ရွက်နေ"**

*အချပ်ပို(က)မှ*

၀၈ ကီလိုမီတာရှိသော ကတ္တရာ လမ်း၊ ၁၈ ဒသမ ၂၂ ကီလိုမီတာရှိသော ကျောက်ခင်းလမ်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ဆောင်ရွက်ဆဲဖြစ်သော လမ်းပိုင်းများစွာလည်းရှိကြောင်း သိရသည်။

**လမ်းပန်းဆက်သွယ်ရေးကောင်းလာ**

"လမ်းမကောင်းတော့ အရင်က ဆန်တစ်အိတ်ဈေးနှုန်းက မြေပြန့်ဒေသနဲ့ နှစ်ဆလောက်ကွာတယ်၊ အခုတော့ သယ်ယူပို့ဆောင်ရေးစရိတ်လောက်ပဲ ကွာဟတော့ပါတယ်၊ ဒါတွေက လမ်းပန်းဆက်သွယ်ရေးကောင်းလာတဲ့ အကျိုးရလဒ်ဖြစ်ပါတယ်။

**တစ်ပြေးညီ ဖွံ့ဖြိုး**

"လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးဟာ ကျွန်တော်တို့ ပြည်နယ်အတွက် အရေးကြီးတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ပြည်နယ်ဟာ တောင်ပေါ်ဒေသတွေများတယ်၊ မြစ်ချောင်းတွေများတဲ့ ပြည်နယ်ဖြစ်တယ်၊ မြေပြန့်က ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေနဲ့ အင်မတန်မှကွာဟပါတယ်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သွားရင် တောင်ပေါ်မြေပြန့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှာဖြစ်တယ်။

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှာ**

"အခုဆိုရင် မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုလမ်းမကြီးကို နွေမိုးဆောင်း ရာသီမရွေး သွားလာနိုင်ပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒေသက ပြည်သူတွေဟာ အားရပီတိဖြစ်တာကို တွေ့ရပါတယ်၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့အစိုးရက အားသွန်ခွန်စိုက် အကောင်အထည်ဖော်တဲ့နေရာမှာ ပြည်တွင်းကပဲဖြစ်ဖြစ်၊ ပြည်ပကပဲဖြစ်ဖြစ် လမ်းပန်းဆက်သွယ်ရေးကောင်းမှ ကျွန်တော်တို့ ပြည်နယ်မှာလာပြီး ရင်းနှီးမြှုပ်နှံမှာဖြစ်ပါတယ်၊ ဒီလိုရင်းနှီးမြှုပ်နှံမှုလည်း ပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။

"နှစ်နှစ်တာအတွင်းမှာ တံတားအစင်းပေါင်း ၁၁၇၆ စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်၊ ပြီးတော့ ယာဉ်သွားယာဉ်လာများတဲ့ ဝိုင်းမော်ဘက်ခြမ်းက နန့်မြစ်ခတံတားကို လေးလမ်းသွားအဖြစ် ဆောင်ရွက်နေတာလည်း မကြာခင် ပြီးစီးတော့မှာဖြစ်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

**အခက်အခဲမရှိတော့ဘူး**

"နန့်မြစ်ခတံတားက အရင်က ကျဉ်းတယ်၊ ပြီးတော့ တံတားက အသုံးများတယ်၊ တံတားအသုံးပြုတဲ့သူများပြီး တံတားက ကျဉ်းနေတော့ ဟိုဘက်ဒီဘက်ကူးဖို့ စောင့်နေရတယ်၊ အခု တံတားကြီး ပြုပြင်ပြီးသွားရင်တော့ စောင့်နေစရာမလိုတော့ဘူး၊ အခက်အခဲမရှိတော့ဘူးပေါ့" ဟု ဝိုင်းမော်ဒေသခံ ဒေါ်နုနုက ပြောသည်။

**နိုင်ငံတကာနဲ့အညီ လုပ်ဆောင်**

"ကျွန်တော်တို့ မြစ်ကြီးနားမြို့မှာ မြို့တွင်းလမ်းတွေကို အဆင့်မြှင့်တင်တဲ့ အပိုင်းတွေကို ကျွန်တော်တို့ အများကြီးမြင်တွေ့ရပါတယ်၊ အဆင့်မြှင့်တင်တဲ့နေရာမှာလည်း တကယ်စေတနာပါပါ လုပ်ဆောင်တဲ့အပိုင်းတွေကို တွေ့ရပါတယ်၊ လမ်းမီးတိုင်တွေ စိုက်တာကအစ လမ်းခင်းတဲ့လုပ်ငန်းတွေမှာလည်း နိုင်ငံတကာနဲ့အညီ သေသေချာချာ လုပ်ဆောင်တဲ့အပိုင်းတွေကို မြင်ရတဲ့အတွက် ဝမ်းသာပါတယ်၊ နောက်တစ်ခုက ကားကြီးကွင်းပါ၊ အရင်က အမှိုက်ပုံကို ကားကြီးကွင်းအသစ်အဖြစ် ပြောင်းလဲခဲ့တာကို မြင်ရတဲ့အတွက် ပြည်သူတစ်ယောက်အနေနဲ့ ဝမ်းသာပါတယ်၊ မြစ်ကြီးနား- ဆွမ်ပရာဘွမ်လမ်းမကြီးကို လွယ်လင့်တကူသွားလာနိုင်အောင် လုပ်တာကို အားရကျေနပ်ပါတယ်"ဟု မြစ်ကြီးနားမြို့ အင်ဂျန်ဒုံရပ်ကွက်တွင် နေထိုင်သူ ဦးမဒိန်းဆောင်ယော်က ပြောသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့်အတူ ပြည်နယ်အတွင်း လျှပ်စစ်မီးရရှိရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် ပြည်နယ်အစိုးရအနေဖြင့် မြို့နှင့်ကျေးရွာအားလုံး လျှပ်စစ်မီးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နှစ်နှစ်တာကာလအတွင်း ပြည်နယ်အတွင်းရှိ မြို့နယ်နှင့် မြို့ ၃၀၊ ကျေးရွာ ၇၉၁ ရွာ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

**ရေအားလျှပ်စစ်စီမံကိန်းတွေ ဆောင်ရွက်**

ပြည်နယ်ဝန်ကြီးချုပ်က "ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လျှပ်စစ်မီးရရှိရေးကဏ္ဍဟာ အင်မတန်အရေးကြီးတယ်၊ နှစ်နှစ်တာကာလအတွင်း မြို့နယ်နဲ့ မြို့ ၃၀ မီးရရှိအောင် ဆောင်ရွက်ပြီးဖြစ်ပါတယ်၊ ကျေးရွာပေါင်း ၇၉၁ ရွာမီးလင်းပြီးဖြစ်ပါတယ်၊ ရေအားလျှပ်စစ်စီမံကိန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

**တည်ဆောက်လျက်ရှိ**

ပူတာအိုမြို့အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ နမ့်ထွမ်ချောင်းပေါ်တွင် ကီလိုဝပ်နာရီ ၁၄ ဒသမ ၁၃ သန်း နှစ်စဉ်ထုတ်လုပ်နိုင်မည့် အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းကိုလည်း တည်ဆောက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် ပြီးစီးရန် လျာထားကြောင်း သိရသည်။

**ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်**

မြစ်ကြီးနားမြို့နယ် မြို့ပေါ်ရပ်ကွက်များ ရေရရှိရန်အတွက် ဂျပန်၊ JICA ချေးငွေကျပ်သန်း ၆၀၀၀ ဖြင့် ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဟိုပင်မြို့ ရေပေးဝေရေးအတွက် ငွေကျပ်သန်းပေါင်း ၂၈၂ ဒသမ ၆၀၅ သန်းဖြင့် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်အစိုးရအနေဖြင့် ဝန်ထမ်းများ နေထိုင်မှု အဆင်ပြေစေရေးအတွက် ဝန်ထမ်းနေအိမ် ၁၆၂ လုံးကို နှစ်နှစ်တာအတွင်း ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**အဝေးပြေးယာဉ်ရပ်နားစခန်းများ တည်ဆောက်**

ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ကြီးနားမြို့ မြစ်ဖျားရော အဝေးပြေးယာဉ်ရပ်နားစခန်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး မိုးညှင်းမြို့နှင့် ဗန်းမော်မြို့တို့တွင်လည်း အဝေးပြေးယာဉ်ရပ်နားစခန်းများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

*အချပ်ပို(ဂ)သို့*




၂၀၁၈ ခုနှစ် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး အမှာစကားပြောကြားစဉ်။



မြန်မာနှစ်သစ်ကူးအခါသမယ၌ ကုသိုလ်ကောင်းမှုအဖြစ် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်အသင်းတော် ဘုရားကျောင်းများသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် ဇနီး ဒေါက်တာ ဂျေကော့ဘူ သွားရောက်လှူဒါန်းစဉ်။



အင်းတော်ကြီး ရွှေမဥ္ဇူဘုရားပွဲသို့ လာရောက်ကြသူများအား တွေ့ရစဉ်။

*အချပ်ပို (ခ) မှ*

"ပြည်နယ်အတွင်းမှာ လယ်ယာမြေလုပ်ပိုင်ခွင့်နဲ့ ပတ်သက်ပြီး တောင်သူ ၈၆၂၀၇ ဦးကို ပုံစံ ၇ ထုတ်ပေး နိုင်ခဲ့ပါတယ်၊ ဦးပိုင်ပေါင်းနဲ့ ပြောမယ်ဆိုရင်တော့ ၁၀၀၀၇၂ ခု၊ ဧကပေါင်း ၅၆၂၅၆၈ ဧကဖြစ်ပါတယ်၊ စက်မှုလယ်ယာဖော်ထုတ်မှုအနေနဲ့ နှစ်နှစ်တာအတွင်း ဧကပေါင်း ၃၄၇၂ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်"ဟုလည်း ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

**ပြန်လည်ပေးအပ်နိုင်ရန်ဆောင်ရွက်**

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သိမ်းဆည်းလယ်ယာမြေများ မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရန် နှစ်နှစ်တာကာလအတွင်း အမှုပေါင်း ၁၇ မှု၊ မြေဧရိယာအားဖြင့် ၁၈၃ ဒသမ ၅၀ ဧကကို တောင်သူ ၃၀ ထံ ပေးအပ်ခဲ့ပြီး ကျန်ရှိနေသည့် အမှုပေါင်း ၁၅၁ မှုကို အမြန်ဆုံးပြန်လည်ပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ဘိန်းခင်းဖျက်ဆီး**

ပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် ဆောင်ရွက်ရာတွင် နှစ်နှစ်တာကာလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၃၈၉၆ မှု၊ တရားခံပေါင်း ၅၂၇၆ ဦး၊ မူးယစ်ဆေးဝါး ၄၀၅ ကီလို၊ ဆေးပြားပေါင်း ၂၆ သိန်းကျော်၊ ဘိန်းရည် ၄ ဒသမ ၁၈ လီတာ ဖမ်းဆီးရမိခဲ့ပြီး ဘိန်းခင်းစုစုပေါင်း ၂၂၆ ဒသမ ၈၂ ဧကကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

**သင်တန်းများဖွင့်လှစ်**

ကချင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ကြီးနားမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**နှစ်စဉ်တိုးချဲ့**

"ဒီသင်တန်းကျောင်းမှာ ချည်မျှင်နဲ့ အထည်အလိပ်ကျွမ်းကျင်မှု တစ်နှစ်သင်တန်း၊ လက်ရက်ကန်း ခြောက်လသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်၊ ပုံမှန်သင်တန်းတွေအပြင်ကာလတို သင်တန်းတွေဖြစ်တဲ့ စက်ချုပ်သင်တန်း၊ လက်ရက်ကန်းသင်တန်း၊ သဘာဝဆိုးဆေးသင်တန်း၊ အထည်ပန်းပုံရိုက်နဲ့



မလိခတံတား(မချမ်းဘော့)ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် တာဝန်ရှိသူများ တံတားပေါ်ဖြတ်သန်းကြည့်ရှုစဉ်။

ဆေးရေးနည်း အခြေခံသင်တန်းစတဲ့ သင်တန်းတွေကို နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က ပြောသည်။

**အရင်းအနှီးနဲ့ချေးကွက်လို**

ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့် ပတ်သက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်နိုင်က "သင်တန်းမျိုးစုံကို ဖွင့်လှစ်သင်ကြားပေးနေပါတယ်၊ သင်တန်းတွေ ၂၇ ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကနေ သင်တန်းသား ၆၆၉ ဦးကို သင်ကြားမျှဝေ ပေးနိုင်ခဲ့ပါတယ်၊ သင်တန်းသားတွေထဲက တချို့သင်တန်းသားတွေဟာ သင်တန်းက ရရှိခဲ့တဲ့ပညာတွေနဲ့ ကိုယ်ပိုင်လုပ်ငန်းတွေ ဆောင်ရွက်နေတယ်လို့ သိရပါတယ်၊ သင်တန်းသားတွေက အကြံပြုတာရှိပါတယ်၊ သင်တန်းကနေ သင်ကြားပေးတဲ့ပညာတွေ ဆောင်ရွက်ဖို့ သူတို့မှာ အရင်းအနှီးနဲ့ ဈေးကွက်လိုအပ်တယ်၊ ဒါကြောင့် နိုင်ငံတော်အနေနဲ့ သူတို့ကို အရင်းအနှီးနဲ့ဈေးကွက်ရရှိအောင် ထောက်ပံ့ပေးစေလိုတယ်လို့ အကြံပြုပါတယ်"ဟု ဆိုသည်။

**စီးပွားရေးလုပ်ငန်းကြီးတွေဖော်ဆောင်**

"မြစ်ကြီးနားမြို့မှာ အလုပ်လက်မဲ့လူငယ်တွေ အလွန်များပါတယ်၊ လူငယ်တွေ အလုပ်အကိုင်ရဖို့ မြစ်ကြီးနားမြို့ ပတ်ဝန်းကျင်မှာ စက်ရုံကြီးတွေ၊ စီးပွားရေးလုပ်ငန်းကြီးတွေ ဖော်ဆောင်ပေးစေချင်ပါတယ်၊ မြစ်ကြီးနားစီးပွားရေးဇုန်ကို ဖော်ဆောင်မယ်ဆိုတာ ကြားရတဲ့အတွက် အများကြီးဝမ်းသာပါတယ်၊ ဒေသခံတွေအတွက် အကျိုးရှိမယ့် အချက်အလက်တွေကို သေချာဆွေးနွေးပြီးတော့ လုပ်ဆောင်ဖို့လည်း တိုက်တွန်းချင်ပါတယ်" ဟု ဦးမဒိန်းဆောင်ယော်က အကြံပြုသည်။

မြစ်ကြီးနား စီးပွားရေးဇုန်ကို မြစ်ကြီးနားမြို့အနောက်မြောက်ဘက် ၉ မိုင်ခန့်အကွာ နန်ကျင်ကျေးရွာအနီး မြေလွတ်မြေရိုင်းဧရိယာ ၄၇၀၀ ဧကတွင် အကောင်အထည်ဖော်ရန် ပြည်နယ်အစိုးရမှ စီစဉ်လျက်ရှိကြောင်း သိရသည်။

**လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်**

မြစ်ကြီးနားစီးပွားရေးဇုန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်သည့် မြစ်ကြီးနားစီးပွားရေးဇုန်ဖွံ့ဖြိုးရေးစီမံကိန်း ဘက်စုံပူးပေါင်းညှိနှိုင်းဆွေးနွေးရေး လုပ်ငန်းကော်မတီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ထိန်ချုံးဟိန်ရှန်ကုမ္ပဏီနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နယ်စပ်ဂိတ်တိုးမြှင့်**

မြန်မာ-တရုတ် နယ်စပ်ဝင်၊ ထွက်ဂိတ် နှစ်ခုဖြစ်သည့် ကန်ပိုက်တီး နယ်စပ်ဂိတ်နှင့် လွယ်ဂျယ် နယ်စပ်ဂိတ်တို့ကို နိုင်ငံတကာ ဝင်၊ ထွက်ဂိတ်များအဖြစ် တိုးမြှင့်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"နယ်စပ်ကုန်သွယ်ရေးစခန်း ကန်ပိုက်တီး၊ လွယ်ဂျယ်စခန်းမှ ဝင်ငွေခွန်ကောက်ခံ ရရှိမှုက နှစ်နှစ်တာအတွင်း ငွေကျပ်သန်းပေါင်း ၁၇၉၉၆ ဒသမ ၁၆၃ သန်းရရှိခဲ့ပါတယ်"ဟု ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးဝေလင်းက ပြောသည်။

*အချပ်ပို (ဃ) သို့*


ကချင်ပြည်နယ်၌ တပ်ဆင်အင်အား ၉၉ မဂ္ဂါဝပ်ရှိသော ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံ။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ






ကချင်ပြည်နယ် ဒေသခံပြည်သူများကို စိုက်ပျိုးရေးအတွက် များစွာအကျိုးပြုနေသည့် ဝါရှောင်ရေလွှဲဆည်။

*အချပ်ပို (ဂ) မှ*

ဆက်လက်ပြီး ၎င်းက "ရွှေတူးဖော်ထုတ်လုပ်မှုကနေ နှစ်နှစ်တာကာလမှာ ငွေကျပ်သန်း ၈၉၀ ဒသမ ၄ သန်းရရှိခဲ့ပါတယ်၊ ကျောက်စိမ်းထုတ်လုပ်မှု တူးဖော်မှုက အားလုံးတန်ချိန်ပေါင်း ၄၆၆၄၉ ဒသမ ၀၈ တန်ကို တူးဖော်နိုင်ခဲ့တယ်၊ ရတနာခွန် ကောက်ခံရရှိမှုကတော့ ငွေကျပ်သန်းပေါင်း ၃၈၈၆၂ ဒသမ ၁၆၁ သန်းရရှိခဲ့ပါတယ်"ဟု ပြောသည်။

**အားမလိုအားမရဖြစ်**

ပြည်နယ်အစိုးရ၏ ဆောင်ရွက်မှုများအပေါ် ကချင်ပြည်နယ် ကုန်သွယ်ရေးများအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းညွန့်က "ပြည်နယ်အစိုးရရဲ့ဆောင်ရွက်မှုတွေအပေါ် အားမလိုအားမရဖြစ်မိတဲ့ အပိုင်းလေးတွေ ရှိပါတယ်၊ ဘာလဲဆိုတော့ သူတို့လုပ်နေတဲ့ အပိုင်းတွေကို ပြည်သူလူထုသိအောင် မထုတ်ပြန်နိုင်ခဲ့တဲ့ကိစ္စဖြစ်ပါတယ်၊ ပြည်နယ်အစိုးရအနေနဲ့ ကြိုးစားလုပ်နေပေမယ့် ပြည်သူက မသိဘူး၊ မသိတော့ အထင်လွဲတယ်၊ အထင်လွဲတော့ အလုပ်မလုပ်ဘူးလို့ ထင်တယ်။

**ပညာရေးကဏ္ဍကိုမြှင့်တင်**

"နောက်တစ်ခု အကြံပြုချင်တာက ဌာနဆိုင်ရာတွေကနေ ပြည်သူတွေကို လိုလိုလားလား ကြိုဆိုပြီးတော့မှ ဘာတွေလုပ်ပေးရမလဲ ဆိုတာမျိုးထိ ဖြစ်ပေါ်လာတဲ့ ပြည်သူ့ဗဟိုပြု အစိုးရဌာနဆိုင်ရာတွေ ဖြစ်လာဖို့လိုပါတယ်၊ တချို့ဌာနတွေမှာ အရင်တုန်းကပုံစံအတိုင်းပဲ ဆက်ဆံတာ တွေ့နေရဆဲဖြစ်ပါတယ်၊ ဒါပေမယ့် ဌာနဆိုင်ရာ တော်တော်များများက ပြောင်းလဲသွားပါပြီ၊ ပညာရေးကဏ္ဍကို မြှင့်တင်ပေးဖို့ လိုအပ်နေတာ ဖြစ်တဲ့အတွက် လာမယ့် အနာဂတ်မှာ ပြည်နယ်အစိုးရအနေနဲ့ ကြိုးစားပြီး ဆောင်ရွက်စေချင်ပါတယ်" ဟု ပြောကြားသည်။

**ကြိုးပမ်းဆောင်ရွက်**

ကချင်ပြည်နယ်အစိုးရအနေဖြင့် ငြိမ်းချမ်းသာယာပြီး ပြည်ထောင်စုတိုင်းရင်းသားများ အတူတကွ ယှဉ်တွဲနေထိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မူးယစ်ကင်းစင်သည့် ပြည်နယ်တစ်ခုဖြစ်စေရန် မျှော်မှန်းချက်နှင့်အတူ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်နယ်သူ ပြည်နယ်သားများ၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ရည်မှန်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။




မလိခတံတား (မချမ်းဘော) ကို တွေ့ရစဉ်။

- နှစ်နှစ်တာ အတွင်းမှာ တံတားအစင်းပေါင်း ၁၁၇၆ စင်းကို တည်ဆောက် ပေးနိုင်ခဲ့ပါတယ်၊ ပြီးတော့ ယာဉ်သွားယာဉ်လာများတဲ့ ဝိုင်းမော်ဘက်ခြမ်းက နန့်မြစ်ခံတံတားကို လေးလမ်းသွားအဖြစ် ဆောင်ရွက်နေတာလည်း မကြာခင်ပြီးစီးတော့မှာ ဖြစ်
- ရွှေတူးဖော် ထုတ်လုပ်မှုကနေ နှစ်နှစ်တာကာလမှာ ငွေကျပ်သန်း ၈၉၀ ဒသမ ၄ သန်း ရရှိခဲ့ပါတယ်၊ ကျောက်စိမ်းထုတ်လုပ်မှု တူးဖော်မှုက အားလုံးတန်ချိန် ပေါင်း ၄၆၆၄၉ ဒသမ ၀၈ တန်ကို တူးဖော်နိုင်ခဲ့တယ်၊ ရတနာခွန် ကောက်ခံရရှိမှုကတော့ ငွေကျပ်သန်း ပေါင်း ၃၈၈၆၂ ဒသမ ၁၆၁ သန်းရရှိ